The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့ (3-11-2013) (၇၆၅၃)

ထူးခြားသည့် ညအပူချိန်များ

၂-၁၁-၂၀၁၃

မြစ်ကြီးနား
၁၂ ဒီဂရီစင်တီဂရိတ်
လားရှိုး
၁၁ ဒီဂရီစင်တီဂရိတ်

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် အာဆီယံအစည်းအဝေးကျင်းပမည့်ခန်းမများ တည်ဆောက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့် ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ တတိယမြောက်နေ့အဖြစ် ဆက်လက်ကျင်းပလျက်ရှိသည့် ကျေးလက်မီးလင်းရေးအထောက်အကူပြုပစ္စည်းနှင့် စက်မှုထုတ်ကုန်ပစ္စည်းပြပွဲ(၂၀၁၃)သို့ တက်ရောက်အားပေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ပြပွဲအခမ်းအနားကျင်းပရာ MICC အဆောက်အအုံ အတွင်းဘက် မြေညီထပ်၌ ခင်းကျင်းပြသလျက်ရှိသည့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများနှင့် စွမ်းအင်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၊ မော်တော်ယာဉ်နှင့် စက်ယန္တရားများ၊ ကျေးလက်မီးလင်းရေး အထောက်အကူပြုပစ္စည်းပြခန်းများ၊ အထည်အလိပ်နှင့် လျှပ်စစ်ပစ္စည်း ပြခန်းများ၊ ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းပြခန်းများ၊ စက္ကူနှင့်အိမ်သုံးပစ္စည်းပြခန်းများနှင့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယနေ့တွင် တေးသံရှင် Rဇာနည်၊ ဟဲလေး၊ နီနီခင်ဇော်၊ ဖြူဖြူကျော်သိန်း စသည့် အနုပညာရှင်များက **စာမျက်နှာ ၃ ကော်လံ ၅ သို့**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပမည့် ခန်းမများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် အောက်တိုဘာ ၂၈ ရက် ည ၉ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၇၈ စင်တီမီတာ(နှစ်ပေ ခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းတာရရှိသော ၇၁၃ စင်တီမီတာသည်(၁၉၆၆-၂၀၁၃)နှစ်ပေါင်း (၄၈)နှစ်အတွင်း ဒုတိယအမြင့်ဆုံး မြစ်ရေမှတ်ဖြစ်သည်။ စစ်တောင်းမြစ်ရေ (တောင်ငူမြို့)၏ ယခင်ဒုတိယအမြင့်ဆုံးမြစ်ရေမှတ်မှာ ၃၀-၈-၁၉၈၄ ရက်တွင် တိုင်းတာရရှိသော ၇၀၅ စင်တီမီတာဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အပျော်စီးမီးပုံးပျံ လိုက်ပါစီးနင်းနိုင်

မန္တလေး နိုဝင်ဘာ ၂

အပျော်စီးမီးပုံးပျံ Hot Air Balloons စီးနင်းကာ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့ပတ်ဝန်းကျင်ရှုခင်းကြည့်ရှုခြင်း ဝန်ဆောင်မှုလုပ်ငန်းကို နိုဝင်ဘာ ၁၅ ရက်တွင် စတင်ပျံသန်းမည်ဖြစ်ကြောင်း Oriental Ballooning ကုမ္ပဏီမှ မန္တလေးတာဝန်ခံမန်နေဂျာ ကိုဇာနည်ကပြောသည်။ အဆိုပါ မီးပုံးပျံပျံသန်းမှုမှာ Hot Air Balloons အပျော်စီးမီးပုံးပျံအသစ်များကို အင်္ဂလန်နိုင်ငံရှိ Cameron ကုမ္ပဏီမှ မှာယူခြင်းဖြစ်ပြီး လေကြောင်းညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် တင်သွင်းခြင်းဖြစ်သည်။

အပျော်စီးမီးပုံးပျံ ပျံသန်းမှုခရီးစဉ်တွင် မန္တလေး-စစ်ကိုင်းဒေသများကို ကျွမ်းကျင်ပြီး အတွေ့အကြုံရှိသော Pilot များဖြင့် ပျံသန်းသွားမည်ဖြစ်သည်။ ပျံသန်းမှုကို နံနက် ၆ နာရီခွဲမှ စတင်ပြီး ၁ နာရီကြာ ပျံသန်းမည်ဖြစ်ပြီး မန္တလေးနှင့်စစ်ကိုင်းမြို့များ၏ ရှုခင်းနှင့်အတူ ဧရာဝတီမြစ်ကိုပါ အပေါ်စီးမှခံစားကြည့်ရှုနိုင်မည်ဖြစ်သည်။

တစ်ဦးလျှင် စီးနင်းခ အမေရိကန်ဒေါ်လာ ၃၂ ဒေါ်လာ ကျသင့်မည်ဖြစ်ပြီး လေးဦးစီးအပျော်စီး မီးပုံးပျံနှင့် ရှစ်ဦးစီး အပျော်စီးမီးပုံးပျံ သုံးစီးဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်သည်။ ခရီးစဉ်အား မန္တလေးမြို့ ချမ်းမြသာစည်လေယာဉ်ကွင်းမှ စတင်ထွက်ခွာမည်ဖြစ်ပြီး မည်သူမဆိုလိုက်ပါစီးနင်းနိုင်သည်။ လိုက်ပါစီးနင်းလိုသူများအား ဟိုတယ်၊ အိမ်တိုင်ရာရောက်ကြိုဆိုပေးပြီး နံနက်စာဖြင့် တည်ခင်းဧည့်ခံပေးမည့်ဝန်ဆောင်မှုများကိုလည်း ရရှိမည်ဖြစ်သည်။ မင်္ဂလာမောင်မယ်များ စီးနင်းလိုပါက အထူးဝန်ဆောင်မှုများနှင့် မင်္ဂလာကားဖြင့် လာရောက်ကြိုဆိုပေးမည်ဖြစ်ကြောင်းသိရသည်။

(၀၀၂)

ကြေးမုံစာတည်းရှုထောင့် **၃-၁၁-၂၀၁၃၊ တနင်္ဂနွေနေ့**

ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်

ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဟူသောဆိုရိုးစကားမှာ ရေထဲသို့ငုပ်လျှိုးပြီဆိုလျှင် ရေအောက်ကြမ်းပြင်ရှိ သဲပွင့်များကို ဆုပ်ကိုင်မိသည်အထိ ငုပ်ရမည်ဖြစ်သကဲ့သို့ အမြင့်သို့တက်ရောက်ပါကလည်း အခေါင်အဖျားရောက်သည်အထိ တက်ရောက်အံ့သည်ဟု ညွှန်းဆိုထားခြင်းဖြစ်ပါသည်။

တစ်နည်းအားဖြင့်ဆိုလျှင် မည်သည့်အလုပ်ကိစ္စကိုမဆို လုပ်ကိုင်ဆောင်ရွက်ပြီဆိုပါက အောင်မြင်ပြီးမြောက်သည်အထိ လုပ်ကိုင်ဆောင်ရွက်ရန် အသိပညာပေးထားသည့်ဆောင်ပုဒ်တစ်ခုဟု ဆိုပါကလည်း ငြင်းဆိုအံ့မည်မထင်ပါ။

ထိုဆိုရိုးစကားသည် အလုပ်ကိုလက်ကြောတင်းအောင် မလုပ်လိုသူ သို့မဟုတ် ပျင်းနေသောသူ၊ လုပ်ငန်းတစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်လိုက်သူ သို့မဟုတ် ဇွဲမခိုင်သူများအတွက် တွန်းအားပေးထားခြင်းဖြစ်ပါသည်။

အလုပ်ဆိုရာ၌ ကောင်းသောအလုပ်နှင့် မကောင်းသောအလုပ်ဟူ၍ရှိပေရာ ကောင်းသောအလုပ်ကိုသာ လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်သည်။ ယင်းသို့ ကောင်းသောအလုပ်ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် အစမှအဆုံးတိုင် ထိထိမိမိသေသေချာချာဖြင့် ဇွဲစိတ်ခိုင်ခိုင်ထားကာ မဖြစ်မနေ မလျှော့တမ်းအားခဲ၍ မိမိရည်မှန်းချက်ပန်းတိုင် ရောက်ရှိအောင် လုပ်ကိုင်ဆောင်ရွက်ရန်ဆိုလိုပေသည်။

လောကတွင် အလုပ်မျိုးစုံရှိ၏။ လူတိုင်းလူတိုင်းသည် အလုပ်ကိုယ်စီရှိကြသည်။ လယ်သမား၊ ကိုင်းသမား၊ အလုပ်ကြမ်းသမားမှအစ တိုင်းပြည်နိုင်ငံများကိုအုပ်ချုပ်သူများအထိ အလုပ်မျိုးစုံ လုပ်ကိုင်ဆောင်ရွက်နေကြသည်။ကျောင်းသားသည် ကျောင်းသားအလုပ်ကို လုပ်ကိုင်နေသကဲ့သို့ ဆရာသည်လည်း ဆရာအလုပ်ကို လုပ်ကိုင်နေကြသည်။ ထို့ကဲ့သို့ပင် စာရေးစာချီများ၊ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ အနုပညာရှင်များ စသည့်အထိုထိုသောအလွှာစုံမှ ပုဂ္ဂိုလ်ကြီးငယ်မှန်သမျှသည် ၎င်းတို့နှင့် စပ်ဆိုင်ပတ်သက်သောအလုပ်ကို လုပ်ကိုင်ဆောင်ရွက်နေကြသူများဖြစ်သည်။

ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ရာ၌ ရည်မှန်းချက်ပန်းတိုင်သည် မလွဲမသွေရှိနေမည်ဖြစ်သည်။ တပ်မတော်သားသည် ၎င်း၏ တာဝန်ကို သစ္စာလေးချက်ဦးထိပ်ရွက်ပြီး ထမ်းဆောင်ရမည်ဖြစ်သကဲ့သို့ စာရေးဆရာဖြစ်ပါက စာတစ်ပိုဒ်၊ စာတစ်အုပ်ဖြစ်သည်အထိ ရေးသားပြုစုမည်ဖြစ်သည်။ ထို့ကဲ့သို့ပင် ရုပ်ရှင်သရုပ်ဆောင်ဖြစ်ပါကလည်း မိမိပါဝင်သည့်အခန်းကဏ္ဍပြီးဆုံးသည်အထိ ပီပြင်စွာပါဝင်သရုပ်ဆောင်ရမည် ဖြစ်သည်။

အလားတူပင် ကျောင်းသား ကျောင်းသူများသည်လည်း မိမိတို့ရည်မှန်းထားသော စာမေးပွဲအောင်မြင်ရေးအတွက် နေ့စဉ်မပြတ်ဆည်းပူးလေ့လာကျက်မှတ်ရမည်ဖြစ်သလို အလုပ်သမား၊ ဝန်ထမ်းတို့သည်လည်း မိမိတို့ကိုပေးအပ်ထားသော အလုပ်တာဝန်များအား ပြီးဆုံးအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုကဲ့သို့ အလုပ်များကို လုပ်ကိုင်ကြရာတွင် ဇွဲရှိရန်သာ အဓိကလိုရင်းဖြစ်ပေသည်။

မည်သည့်အလုပ်ပင် ဆောင်ရွက်လုပ်ကိုင်သည်ဖြစ်စေ မိမိလုပ်ကိုင်သောအလုပ်သည် တိကျသေချာမှုမရှိခြင်း၊ စည်းစနစ်မကျခြင်း၊ ဖြစ်ကတတ်ဆန်းလုပ်ကိုင်ခြင်း၊ ပေါ့လျော့ခြင်း၊ မပြည့်စုံခြင်း စသည့် အပြစ်အနာအဆာများ ရှိနေပါက ထူးချွန်ထက်မြက်သူအဖြစ် ခံယူနိုင်မည်မဟုတ်ပေ။ သာမန်အဆင့်၌သာလျှင် ကျေနပ်ဖြေသိမ့်နေရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မိမိနှင့်သက်ဆိုင်သော လုပ်ငန်းကိုလုပ်ကိုင်ရာတွင် အစ အလယ် အဆုံး စိတ်ကောင်းစေတနာအမှန်ဖြင့် စည်းစနစ်မှန်မှန်၊ သေသေသပ်သပ်၊ အမှားကင်းကင်း၊ ပြည့်ပြည့်စုံစုံဖြင့် ဇွဲ လုံ့လ ဝီရိယမလျှော့ဘဲ စဉ်ဆက်မပြတ် အားသွန်ခွန်စိုက် မဖြစ်မနေကြိုးစားလုပ်ကိုင်ဆောင်ရွက်ပါက ကြီးမားသည့် ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အောင်မြင်မှုနှင့် ထူးချွန်ထက်မြက်သူအဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ။

နိုင်ငံခြားငွေလက်မှတ်(FEC)များအား ခိုင်လုံသော အကြောင်းပြချက်များဖြင့် လဲလှယ်ပေးမည်

မြစ်ကြီးနား နိုဝင်ဘာ ၂

မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) ညွှန်ကြားချက်အရ နိုင်ငံခြားငွေလက်မှတ် (FEC) များကို ပြန်လည်ရွေးထုတ်ယူနိုင်ရန် ပထမအကြိမ်အဖြစ် ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ရက်ပေါင်း ၉၀ အတွင်း နိုင်ငံတစ်ဝန်းရှိ (နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရ) မြန်မာ့စီးပွားရေးဘဏ်များတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ လဲလှယ်ပေးခဲ့ပြီး ဆက်လက်၍ အများပြည်သူ လက်ဝယ်၌ မကျန်ရှိစေရန် ဇူလိုင် ၁ ရက်မှ ၂၀၁၄ ခုနှစ် မတ်လကုန်အထိ ကာလတိုးမြှင့်၍ ကာယကံရှင်က ခိုင်လုံသော အကြောင်းပြချက်နှင့် ရေးသားတင်ပြလျှောက်ထား လဲလှယ်နိုင်ကြောင်း မြစ်ကြီးနားခရိုင် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်ဌေးဌေးမြင့်ထံမှ သိရသည်။

ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား၊ ဗန်းမော်နှင့် ပူတာအိုခရိုင် မြန်မာ့စီးပွားရေးဘဏ်များအပြင် မြို့နယ်ခွဲဘဏ် ရှစ်ခုတွင်လည်း လဲလှယ်နိုင်ပြီး လဲလှယ်သူ၏ စိတ်ဆန္ဒနှင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း လဲလှယ်ပေးလျက်ရှိရာ လဲလှယ်ရာတွင် ဖြေလျှော့ပေးသည့်အနေဖြင့် လက်ခံပေးရမည့်အချက်ငါးချက်ကို ကြေညာပေးထားပြီး အသေးစိတ်သိလိုပါက သက်ဆိုင်ရာခရိုင်/မြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲမန်နေဂျာထံသို့ စုံစမ်းနိုင်ကြောင်း သိရသည်။ **မိုယံးကျ(မြစ်ကြီးနား)**

အောင်မြင်နေသော ရန်ကုန်-ကျိုက်ထို-ရန်ကုန်အထူးရထား

စက်တင်ဘာ ၇ ရက်မှစတင်၍ ရန်ကုန်-ကျိုက်ထို-ရန်ကုန် အဲကွန်းအထူးအမြန်ရထားသည် တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် စနေနေ့တိုင်း ရန်ကုန်မှ ကျိုက်ထိုသို့လည်းကောင်း၊ တနင်္ဂနွေနေ့တိုင်း ကျိုက်ထိုမှ ရန်ကုန်သို့လည်းကောင်း ပုံမှန်ပြေးဆွဲလျက်ရှိသည်။ ယင်းသို့ ပြေးဆွဲရာတွင် အစုန်/အဆန်ခရီးစဉ်များတွင် ခရီးသွားပြည်သူ ၁၀၀ ကျော် ပုံမှန်စီးနင်းသွားလာလျက်ရှိနေသည်။ ခရီးသည်များမှာလည်း ဤအထူးရထားဖြင့် ခရီးသွားလာရသည်မှာ အလွန်စိတ်ချမ်းသာမှုရှိကြောင်းသိရသည်။

စာရေးသူအနေဖြင့် ဤအထူးရထားကို အစဉ်မပြတ်လေ့လာလျက်ရှိသည်။ အောက်တိုဘာ ၁၉ ရက်(စနေနေ့) (သီတင်းကျွတ်လပြည့်နေ့)တွင် ရန်ကုန်-ကျိုက်ထိုခရီးစဉ်တွင် ခရီးသွားပြည်သူ ၂၆၂ ဦး စီးနင်းလိုက်ပါလာကြပြီး အောက်တိုဘာ ၂၀ ရက်(တနင်္ဂနွေနေ့)တွင် ကျိုက်ထို-ရန်ကုန်ခရီးစဉ်တွင်မူ ခရီးသွားပြည်သူ ၃၁၆ ဦးနှင့် ရန်ကုန်မှအသွား/အပြန်လက်မှတ်ရောင်းချသော လက်မှတ်စောင်ရေ ၆၀ စုစုပေါင်း ၃၇၆ ဦးစီးနင်းလိုက်ပါသွားကြောင်း ကျိုက်ထိုဘူတာရုံပိုင်ကြီးမှတစ်ဆင့် သိရသည်။ လက်မှတ်ရောင်းရငွေအားဖြင့် အောက်တိုဘာ ၂၀ ရက်အတွက် ငွေကျပ် ၁၀၅၄၂၀၀ နှင့် အမေရိကန်ဒေါ်လာ ၂၀ ဖြစ်ကြောင်း၊ ယင်းရောင်းရငွေမှာ စံချိန်တင်ရကြောင်း သိရသည်။

ဤကဲ့သို့ အောင်မြင်မှုသတင်းကိုကြားသိရသဖြင့် လွန်စွာမှနှစ်ထောင်းအားရဖြစ်မိပါသည်။ မြန်မာ့မီးရထားလုပ်ငန်းအနေဖြင့် အခြေအနေပေးပါက နေ့စဉ် သို့မဟုတ် ရက်ခြားပြေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ရုံပိုင်ကြီးထံမှတစ်ဆင့်သိရသည်။ ပွင့်လင်းရာသီရောက်လာပြီး ကျိုက်ထီးရိုးဘုရားပွဲတော်ကြီးဖွင့်လှစ်လိုက်သည်နှင့်တစ်ပြိုင်နက် ဘုရားဖူးပြည်သူများ ဤအထူးရထားကိုအလေးထားစီးနင်းကြသည်။ အောက်တိုဘာ ၂၀ ရက် ကျိုက်ထို-ရန်ကုန်ခရီးစဉ်အတွက်ရထားလက်မှတ်က ကုန်နေပါပြီ။ သို့သော်လည်း ခရီးသည်များက လက်မှတ်ငါးစောင်ပေးပါ၊ ဆယ်စောင်ပေးပါနှင့် ဝယ်ယူရန်ကြိုးစားတုန်းရှိနေကြောင်း စာရေးသူမျက်မြင်ဖြစ်ပါသည်။ ရုံပိုင်ကြီးကလည်း ရထားလည်းထွက်တော့မည်ဖြစ်ကြောင်း၊ လက်မှတ်လည်းကုန်ပြီဖြစ်ကြောင်း စိတ်ရှည်စွာဖြင့်ရှင်းပြနေရသည်။

ယခုနှစ် ကျိုက်ထီးရိုးဘုရားပွဲတော်ဖွင့်ပွဲမှာ ယခင်နှစ်များနှင့်မတူဘဲ ဒီဇင်ဘာလကဲ့သို့ ဘုရားဖူးအထူးများပြားလှကြောင်း ကျိုက်ထီးရိုးဂေါပကအဖွဲ့ရုံး အဖွဲ့မှူးက ပြောကြားပါသည်။

တစ်နေ့တခြားဘုရားဖူးပြည်သူများပို၍များပြားလာသဖြင့် မြန်မာ့မီးရထားလုပ်ငန်းအနေဖြင့် အချိန်ရှိခိုက် လုံ့လစိုက်ဆိုသကဲ့သို့ တွဲဆိုင်းများတိုးချဲ့တပ်ဆင်ပေးနိုင်ရန်နှင့် ခရီးစဉ်ကိုလည်း နေ့စဉ်သို့မဟုတ် ရက်ခြားတိုးချဲ့ပြေးဆွဲပေးနိုင်လိမ့်မည်ဟု ခရီးသွားပြည်သူများက မျှော်လင့်လျက်ရှိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

(ကျိုက်ထိုရန်နောင်စိုး)

ငပုတောမြို့နယ်၌ ကောက်ရဆင်စွယ် အပ်နှံ

ငပုတော နိုဝင်ဘာ ၂

ပုသိမ်ခရိုင် ငပုတောမြို့နယ် တောကြီးကျေးရွာအုပ်စုနေ ဦးအေးကိုနှင့် ဦးကျော်ကျော်တို့သည် အောက်တိုဘာ ၂၈ ရက်က ပုသိမ်-မော်တင်ကားလမ်းအနီး ကျောက်တွဲကွဲဟုခေါ်သော နေရာတွင် ထင်းခွေသွားစဉ် အလျား ၆ ဒသမ ၂ လက်မ၊ လုံးပတ် ၄ ဒသမ ၂ လက်မ၊ အလေးချိန် ၁၄ ကျပ်သားရှိ ဆင်စွယ်အကျိုးတစ်ပိုင်း ကောက်ရသဖြင့် အောက်တိုဘာ ၂၉ ရက်တွင် တောကြီးအုပ်ချုပ်ရေးမှူးထံသို့ အပ်နှံခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

PUN HLAING HOSPITAL
အထွေထွေခွဲစိတ်ကုသမှုအထူးအစီအစဉ်
မြန်မာဆရာဝန်ကြီးများနှင့်အိတလီနိုင်ငံမှဆရာဝန်ကြီးတို့
နိုဝင်ဘာလ ၄ ရက်နေ့မှ ၁၄ ရက်နေ့အထိ

❐ရှေ့ဖုံးမှ

တေးဂီတများဖြင့် သီဆိုဖျော်ဖြေကြရာ ပြပွဲလာဧည့်ပရိသတ်များက ပျော်ရွှင်စွာ ပါဝင်သီဆိုအားပေးကြသကဲ့သို့ မိမိတို့ဝယ်ယူလိုသည့် စက်မှုကုန်ထုတ်ပစ္စည်းများကို အားပါးတရ ရှာဖွေဝယ်ယူလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နိုင်ငံတော်ဧည့်ဂေဟာဝင်းအတွင်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) (MICC-1)သို့ရောက်ရှိရာ ရှေးဦးစွာ အစည်းအဝေးခန်းမ၌ နေပြည်တော်ကောင်စီဝင် ဦးကံချွန်က MICC-1 အဆောက်အအုံအတွင်းရှိ အာဆီယံထိပ်သီးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပမည့်ခန်းမများ တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြမည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ တည်းခိုနေထိုင်မည့် အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ခန်းမများတည်ဆောက်ပြီးစီးမှုနှင့် အစည်းအဝေးအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျေးလက်မီးလင်းရေးအထောက်အကူပြုပစ္စည်းနှင့် စက်မှုကုန်ထုတ်ပစ္စည်းပြပွဲ(၂၀၁၃)တွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ဆောင်းရာသီနေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂

၂၀၁၃-၂၀၁၄ ခုနှစ် ဆောင်းရာသီ နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်း ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် -ပင်လောင်းကားလမ်း တောင်ကျကျေးရွာအနီးရှိ နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်း မုခ်ဦးနေရာ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းကို နေပြည်တော်ကော်စီဝင် ဦးကံချွန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်ဦးသန်းကျော်ထူးနှင့် ကော်မတီဝင် ဦးစိုးရန်နိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသိန်းညွန့်နှင့် ဧည့်သည်တော်များက နေပြည်တော် ရေပူစမ်းအပန်းဖြေစခန်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒေသရှိဆင်လိမ္မာများအား အစာများကျွေးမွေးကြပြီး ဆင်များ၏ အလှပြဖျော်ဖြေမှုကို လည်းကောင်း၊ နေပြည်တော်ရေပူစမ်းအနီးရှိ ဒေသခံကျေးရွာများမှ တိုင်းရင်းသားလူငယ်များ၏ ရိုးရာယိမ်းအကနှင့် ကောက်ရိတ်အကများဖြင့် ကပြဖျော်ဖြေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းအတွင်းရှိ ရေပူထွက်ကန်များ၊ ရေပူစုကန်၊ရေပူစီးမြောင်း၊ ရေအေးစီးမြောင်းများကို လည်းကောင်း၊ အဆင့်မြင့်စားသောက်ဆိုင်နှင့် ဒေသခံတိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များကိုလည်းကောင်း၊ ရေပူစမ်းသို့လာရောက်အပန်းဖြေအနားယူကြသည့် ပြည်သူအများစုပေါင်း ရေစိမ်ကန်များတွင် အပန်းဖြေရေကစားနေမှုများကိုလည်းကောင်း၊ သီးသန့်ရေစိမ်ခန်းများ၊ လုံးချင်းရေစိမ်ခန်းများနှင့်ခြောက်ခန်းတွဲရေစိမ်ခန်းများတွင် ပြည်သူများအပန်းဖြေအနားယူနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းသည် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တောင်ကျကျေးရွာအနီး နေပြည်တော်-ပင်လောင်းကားလမ်းမိုင်တိုင်အမှတ်(၂၄/၄)မိုင်လမ်းခွဲမှ အရှည် ၁ မိုင် ၆ ဖာလုံရှိ ကတ္တရာလမ်းအတိုင်း ခြေကျင်သော်လည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း လွယ်ကူစွာလာရောက်အပန်းဖြေနိုင်သည်။

နေပြည်တော်ရေပူစမ်းသည် သဘာဝအလျောက်ရေပူထွက်သည့် နေရာသုံးနေရာမှ ထွက်ရှိသည့်ရေပူများကို ရေပူစီးကြောင်းဖြင့်လည်းကောင်း၊ ရေအေးစီးချောင်းမှ ရေအေးများကို ရေအေးစီးကြောင်းဖြင့်လည်းကောင်း သွယ်ယူ၍ပြင်ပရေပူစိမ်ကန်လေးကန်၊ သီးသန့်(ကျား၊မ) ရေစိမ်ခန်းလေးခန်း၊ လုံးချင်းရေစိမ်ခန်းသုံးခန်းနှင့်ခြောက်ခန်းတွဲရေစိမ်ခန်းများသို့ ရေပူ၊ ရေအေးရောစပ်၍ ပြည်သူအများအသုံးပြုအပန်းဖြေနိုင်ရန်စီစဉ်ထားသည်။

ထို့အပြင် ရေပူစမ်းအပန်းဖြေစခန်းအတွင်း ပတ်ဝန်းကျင်ကိုကြည့်ရှုပြီး နားနေနိုင်သည့်နားနေဆောင် (ဂါဇီဘို)သုံးခုနှင့် ကျား/မ သီးခြားအဝတ်လဲခန်းများလည်း တည်ဆောက်ပေးထားသည်။

အပန်းဖြေသူများစားသောက်နိုင်ရန် အဆင့်မြင့်စားသောက်ဆိုင်တစ်ဆိုင်နှင့်ဒေသခံစားသောက်ဆိုင်သုံးဆိုင်ရှိပြီး ဒေသထွက်သီးနှံများဖြစ်သော နနွင်းခါး၊ ဖာလာ၊ တညင်း၊ ရွှေနီငှက်ပျော၊ မျှစ်ချဉ်၊ ပျားရည်နှင့်ဆေးဖက်ဝင်သစ်ဥသစ်ဖုများ၊ သစ်ခွပန်းများကိုပါ ဝယ်ယူရရှိနိုင်သည်။

အပန်းဖြေအနားယူသူများ နေရာဒေသမရွေး အလွယ်တကူဆက်သွယ်နိုင်ရန် I.P Star ဖုန်းအပြင် GSM မိုဘိုင်းတာဝါတိုင်အားလည်းကောင်း၊ လျှပ်စစ်မီးရရှိရေးအတွက် ဆိုလာစနစ်ဖြင့်လည်းကောင်း ဆောင်ရွက်ပေးထားသည့်အပြင် တောင်ကျကျေးရွာတွင်လည်း ဘာသာရေး၊ ပညာရေးအဆောက်အအုံများ၊ လမ်းမီးများနှင့်အနီးဝန်းကျင်ရှိနေအိမ်များအား ဆိုလာစနစ်ဖြင့်လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ပေးထားသည်။

နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းသို့ ယနေ့မှစ၍ ပြည်သူများအနေဖြင့် ဆောင်းရာသီအတွင်း ရေပူစိမ်၍ အပန်းဖြေအနားယူနိုင်ကြောင်း၊ မကြာမီကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားစားပြိုင်ပွဲတွင် နေပြည်တော်-ပင်လောင်း ကားလမ်းတစ်လျှောက်ယှဉ်ပြိုင်မည့် စက်ဘီးစီးပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့်လည်း ရေပူစိမ်၍ လာရောက်အပန်းဖြေနိုင်မည်ဖြစ်ကြောင်း၊ ဆင်လိမ္မာများ၏အလှပြဖျော်ဖြေမှုနှင့်ဆင်စီးရင်း တောတောင်သဘာဝအလှများအား ခံစားနိုင်ရေးအတွက် ရေပူစမ်းအနီးတွင် ဆင်စခန်းအားထပ်မံတိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုးမြစ်ဝတံတား-သံဒိတ်အိမ်ရာနှင့် ချောင်းဝ-ဆယ်အိမ်တန်း ဟိုတယ်စီမံကိန်း နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီများ အထူးစိတ်ဝင်စား

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းအပန်းဖြေစခန်း ဆယ်အိမ်တန်းရွာလယ်မှ မင်းဂလွန်းကျောက်ဆူးညီစေတီတော်ကြီးရှိရာ ချောင်းဝအထက်ဆိပ်အထိ ဟိုတယ်စီမံကိန်း သဲသောင်ပြင်လျှောစီး၊ စကိတ်ကွင်း၊ လှေလှော်ရွက်တိုက်၊ ကမ်းခြေအပန်းဖြေစခန်း တိုးချဲ့အဆင့်မြှင့်တင်နိုင်ရေး ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းချင်းဆက် တိုးမြစ်ဝတံတားကြီးကို ရန်ကုန်တိုင်းဒေသကြီး လက်ခုပ်ကုန်းအလယ်ချောင်းဝအထက်ဆိပ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဆူးကလပ်အုပ်စု တိုးစံပြကျေးရွာ၊ ဆားကျင်းဘက်ကမ်း အရှည် ၄၄၄၄ ပေ၊ လူသွားလမ်း လေးပေ၊ ယာဉ်လေးစီး အသွား/ အပြန် သွားလာနိုင်ပြီး ကွန်တိန်နာယာဉ်များ၊ ခရီးသည်တင်ဘတ်စ်ကားများ အဓိကသွားရာ လမ်းအဖြစ် တံတားခံနိုင်ဝန်တန် ၆၀ အထိ ခံနိုင်သော ကျောက်ဆစ်တံတား သံပေါင်နိုင်လွှန်ကတ္တရာလမ်း၊ ရေပေါ်တံတားရှည်ကြီးကို တိုးမြစ်ဝကိုဖြတ်ကျော်ဆောက်လုပ်သွားမည်ဖြစ်သည်။

ရန်ကုန်-တိုး-ဟိုတယ်ဇုန် သဲသောင်ပြင် စကိတ်ကွင်းကမ်းခြေအပန်းဖြေစခန်းများ ဖွံ့ဖြိုးတိုးတက်လာပါက တိုးမြစ်ဝတစ်လျှောက်နေ ရန်ကုန်ဘက်ကမ်း ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်း ဆယ်အိမ်တန်း ရွာလယ် မင်းဂလွန်း ကျောက်ဆူးညီစေတီတော်ကြီး တည်ရှိရာ ချောင်းဝအထက်ဆိပ်နေ တိုင်းရင်းသားပြည်သူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဆူးကလပ်၉၃ အုပ်စု၊ ၆၃ ရွာသံဒိတ်မရမ်း တော်ချိုက် တိုးစံပြကျေးရွာနေ တိုင်းရင်းသားပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် ဧရာဝတီတိုင်းဒေသကြီး၏ ရေထွက်ပစ္စည်းမျိုးစုံ သားငါး၊ပုစွန်၊ငါးခြောက်နှင့် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့ရှိ စားသုံးသူလက်ဝယ်သို့ နာရီချင်းရောက်ပြီး ရန်ကုန်မြို့မှ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဂျပန်၊ တရုတ်၊ အမေရိကန်နှင့် ဥရောပနိုင်ငံများသို့လည်း နာရီချင်းရောက် လေကြောင်းခရီးဖြင့် တင်ပို့နိုင်မည်ဖြစ်၍ နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ ရေထွက်ပစ္စည်း တင်ပို့ရောင်းချရေးလုပ်ငန်းနှင့် ပင်လယ်ကမ်းခြေ အပန်းဖြေဟိုတယ်လုပ်ငန်းများကို အထူးစိတ်ဝင်စားလျက်ရှိသည်။

အမေရိကန်အခြေစိုက် Realty One Group Co.,Ltd.၊ ကိုရီးယားနိုင်ငံအခြေစိုက် NH Investment & Securities Co.,Ltd.၊ ဂျပန်နိုင်ငံအခြေစိုက် Ex Myanmar(Japan) Co.,Ltd. ၊ မလေးရှားနိုင်ငံအခြေစိုက် Sheiphia Holdings Sdn Bhd (700267-A)၊ ထိုင်းနိုင်ငံအခြေပြု Bri-Gen-Assit-Prof-Dr.Surin Jan Pian ၊ ကချရပူရီပြည်နယ် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ တိုးမြစ်ဝတံတားကြီးနှင့် ဟိုတယ်အပန်းဖြေ စက်မှုဇုန်ကွန်တိန်နာ ဆိပ်ကမ်းအိမ်ရာစီမံကိန်းဖြစ်ပေါ်လာရေး အထူးစိတ်ဝင်စားလျက် ၂၀၁၄ ခုနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မြန်မာနိုင်ငံအလင်းသစ်သဘော်ရေကြောင်း ကုမ္ပဏီမှ တစ်ဆင့် သက်ဆိုင်ရာသို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ဥက္ကဋ္ဌ ဦးတာနိုင်(ဇွန်မောင်မောင်)က ပြောပြသည်။

လေသူရဲကောင်း(မိတ္ထီလာ)

လော့စ်အိန်ဂျလိစ်လေဆိပ်၌ ပစ်ခတ်မှုဖြစ်ပွား လေဆိပ်လုံခြုံရေးအရာရှိတစ်ဦး သေဆုံး

လော့စ်အိန်ဂျလိစ်လေဆိပ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်စဉ်။

လော့စ်အိန်ဂျလိစ် နိုဝင်ဘာ ၂

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့ရှိ နိုင်ငံတကာလေဆိပ်၌ သေနတ်ဖြင့်ပစ်ခတ်ခဲ့သူမှာ အသက် ၂၃ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်ကြောင်း ပြည်ထောင်စု စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်)က နိုဝင်ဘာ ၂ ရက်တွင် ပြောကြားသည်။

ရဲတပ်ဖွဲ့၏အဆိုအရ မောင်းပြန်ရိုင်ဖယ်သေနတ်တစ်လက် ကိုင်ဆောင်ထားသူတစ်ဦးသည် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက လော့စ်အိန်ဂျလိစ်နိုင်ငံတကာလေဆိပ်၌ ပစ်ခတ်ခဲ့ရာ တစ်ဦးသေဆုံးခဲ့ရသည်။ ယင်းနောက်တွင် ၎င်းကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ဖမ်းဆီးခဲ့သည်။

သေဆုံးသူမှာ ဖက်ဒရယ်လုံခြုံရေးအရာရှိတစ်ဦးဖြစ်ကာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ လုံခြုံရေးအဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး လက်နက်ကိုင်ဆောင်ထားခြင်းမရှိဘဲ တာဝန်ထမ်းဆောင်စဉ် သေဆုံးခဲ့ရသည်။

ပစ်ခတ်မှုဖြစ်ပွားချိန်တွင် ခရီးသည်များ ကြောက်လန့်တကြားထွက်ပြေးတိမ်းရှောင်ခဲ့ကြရပြီး ခရီးသည်များဖြင့် အထူးစည်ကားသော ယင်းလေဆိပ်အတွင်း ဝရုန်းသုန်းကားအခြေအနေဆိုက်ခဲ့သည်။

သေနတ်ဖြင့်ပစ်ခတ်သူမှာ အသက် ၂၃ နှစ်အရွယ် ပေါလ်အန်ထော်နီစီယန်ရှားဆိုသူဖြစ်ပြီး လုံခြုံရေးစစ်ဆေးရာနေရာကို အတင်းဖြတ်ကျော်ကာ ပစ်ခတ်မှုပြုလုပ်ခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက ၎င်းကို ပစ်ခတ်ဖမ်းဆီးခဲ့ရာ ၎င်းမှာ ဒဏ်ရာရရှိခဲ့သည်။

စီယန်ရှားသည် မည်သည့်ရည်ရွယ်ချက်ဖြင့် အကြမ်းဖက် တိုက်ခိုက်မှုပြုလုပ်သည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ရိုက်တာ။**

အာဖရိကပင်လယ်ဓားပြများ ၂၀၀၅-၂၀၁၂ ခုနှစ်အတွင်း ပြန်ပေးရွေးငွေ ဒေါ်လာသန်း ၄၀၀ ကျော် ရရှိခဲ့

နယူးယောက် နိုဝင်ဘာ ၂

၂၀၀၅ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း အာဖရိကဦးချိုဒေသကမ်းလွန်၌ ပင်လယ်ဓားပြလုပ်ငန်းမှရရှိသော ပြန်ပေးရွေးငွေသည် အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော်ကြောင်း ကမ္ဘာ့ဘဏ်နှင့် ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြသည်။

ပင်လယ်ဓားပြများ၏ နောက်ကွယ်မှ ၎င်းတို့ကိုယ်တိုင် ပင်လယ်ဓားပြမဟုတ်ကြသော ငွေကြေးစီမံခန့်ခွဲသူများသည် အချိုးကျ ငွေအများဆုံးရရှိကြသူများဖြစ်ကြသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ ပြန်ပေးရွေးငွေများကို လက်နက်မှောင်ခို ရောင်းဝယ်ခြင်းနှင့် လူကုန်ကူးခြင်း စသည်တို့ပါဝင်သည့် အခြားသော ဒုစရိုက်လုပ်ငန်းများ၌ ထည့်သွင်းအသုံးပြုကြသည်။

ငွေကြေးခဝါချသည့် ကွက်ရက်များအား အမြစ်မှ တူးဖော်ဖြိုဖျက်ပေးရန် ဘဏ္ဍာရေးအထူးတပ်ဖွဲ့ကို ၎င်းအစီရင်ခံစာတွင် တောင်းဆိုထားသည်။

ပြန်ပေးရွေးငွေများကို စီမံထိန်းချုပ်ကြသူများဖြစ်သည့် ပင်လယ်ဓားပြဂေါ့ဒ်ဖားသားများက ယင်းငွေ၏ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ရရှိကြသည်။ ခြေလျင်စစ်သည်ဟု ခေါ်ကြသည့် ရေပြင်ပေါ်မှ ပင်လယ်ဓားပြများ ရရှိငွေမှာ အနည်းဆုံးဖြစ်သည်ဟု ဆိုသည်။

သင်္ဘောတစ်စင်းကို ပြန်ပေးဆွဲခြင်းမှ ဒေါ်လာ ၃၀၀၀၀ မှ ၇၅၀၀၀ အထိ သို့မဟုတ် ပျမ်းမျှပြန်ပေးရွေးငွေ၏ ၀ ဒသမ ၀၁ ရာခိုင်နှုန်းမှ ၀ ဒသမ ၀၂၅ ရာခိုင်နှုန်းအထိသာ ရရှိကြသည်။

ဆိုမာလီမှ ဒေသခံများက စားနပ်ရိက္ခာနှင့် ခတ်ဟုခေါ်သော မူးယစ်ဆေးဝါးအပါအဝင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပင်လယ်ဓားပြများသို့ ထောက်ပံ့ပေးကြရသည်။ ခတ်သည် ဆိုမာလီ၌ တရားဝင်စိတ်ကြွဆေးတစ်မျိုးဖြစ်သည်။

၎င်းငွေကြေးစီမံခန့်ခွဲသူများသည် ပြန်ပေးရွေးငွေများကို ဥပဒေနှင့်မလွတ်ကင်းသော၊ ဥပဒေနှင့်လွတ်ကင်းသော စီးပွားရေးလုပ်ငန်းနှစ်မျိုးလုံး၌ပြန်လည်ရင်းနှီးမြှုပ်နှံကြသည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။ **ဘီဘီစီ။**

ဥရောပသမဂ္ဂနိုင်ငံများမှ ရေတပ်တပ်ဖွဲ့ဝင်များ ပင်လယ်ဓားပြတိုက်ဖျက်ရေး စစ်ဆင်ရေးဆောင်ရွက်စဉ်။

တရားမဝင်ပြောင်းရွှေ့နေထိုင်သူများ၏ စခန်းများကို ပိတ်ပင်တော့မည်ဟု နိုင်ဂျာအစိုးရအဖွဲ့ ပြောကြား

နီယာမေ နိုဝင်ဘာ ၂

နိုင်ဂျာနိုင်ငံမြောက်ပိုင်း ဆာဟာရသဲကန္တာရအတွင်း ရေငတ်သေဆုံးသူ ၉၂ ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ရပြီးနောက်တွင် နိုင်ငံအတွင်းသို့ တရားမဝင် ပြောင်းရွှေ့ဝင်ရောက်လာသူများ၏ စခန်းများကို ပိတ်ပင်တော့မည်ဖြစ်ကြောင်း အစိုးရအဖွဲ့က နိုဝင်ဘာ ၂ ရက်တွင် ပြောကြားသည်။

လူမှောင်ခိုထုတ်သည့် လုပ်ငန်း၌ ပါဝင်ပတ်သက်နေသူများ အားလုံးကို ပြင်းထန်စွာ ပြစ်ဒဏ်ခတ်မည်ဖြစ်ကြောင်း နိုင်ဂျာအစိုးရကပြောကြားသည်။

ရေငတ်သေဆုံးခဲ့ရသော ကလေး ၅၂ဦး၊အမျိုးသမီး ၃၃ဦးနှင့် အမျိုးသား ခုနစ်ဦးတို့၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိရကြောင်း၊ ယင်းတို့အား သယ်ဆောင်သွားသည့် ထရပ်ကားနှစ်စီးမှာ အယ်လ်ဂျီးရီးယားနိုင်ငံသို့ သွားရာ လမ်းပေါ်တွင် စက်ပျက်ခဲ့ပြီးနောက် ယင်းသို့သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

နိုင်ဂျာနိုင်ငံသည် အာဖရိက ဆာဟာရ သဲကန္တာရတောင်ပိုင်းဒေသနှင့် ဥရောပတိုက်အကြား တည်ရှိပြီး လူမှောင်ခိုထုတ်သော လမ်းကြောင်းပေါ်တွင် တည်ရှိနေသည်။

တရားမဝင် ရွှေ့ပြောင်း အခြေစိုက်နေထိုင်သူများအား နိုင်ငံတကာ ထောက်ပံ့ကူညီရေး အေဂျင်စီများသို့ လွှဲပြောင်းပေးမည်ဖြစ်ပြီး လူကုန်ကူးသူများမှာ တရားစီရင်ခြင်း ခံရမည်ဟု နိုင်ဂျာအစိုးရ၏ ကြေညာချက်တွင် ဖော်ပြသည်။ **ဘီဘီစီ။**

လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကြမ်း ထိုင်းအောက်လွှတ်တော်အတည်ပြု

ဗန်ကောက် နိုဝင်ဘာ ၂

ထိုင်းအောက်လွှတ်တော်က အငြင်းပွားလျက်ရှိသော နိုင်ငံရေးလွတ်ငြိမ်းချမ်းသာခွင့်ဥပဒေကြမ်းကို သောကြာနေ့တွင် အတည်ပြုပေးခဲ့သည်။

ယင်းဥပဒေအရ ပြည်ပ၌ ရှောင်တိမ်းနေထိုင်သည့် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝါထရာသည် အမိနိုင်ငံသို့ ပြန်လာပါက ပြည်တွင်းမငြိမ်မသက်မှုများ အသစ်တစ်ဖန် ပေါ်ပေါက်လာမည်ကို အတိုက်အခံတို့က စိုးရိမ်လျက်ရှိသည်။

အထက်လွှတ်တော်က အတည်ပြုရန် လိုအပ်လျက်ရှိသေးသည့် အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့်ဥပဒေသည် လက်နက်မဲ့ ဆန္ဒပြသူများကို ပစ်ခတ်သတ်ဖြတ်မှုများ အပါအဝင် အတိတ်ကာလမှ မတရားမှုများကို ခဝါချ ပစ်မည်ဟု ဝေဖန်သူများကပြောကြားသည်။

ပြည်ပသို့ထွက်ပြေးနေသူ သက်ဆင်ကို အမိနိုင်ငံသို့ပြန်လာခွင့်ရရှိစေရန် ရည်ရွယ်ဟန်တူသည့် ၎င်းဥပဒေကြမ်းသည် ထိုင်းနိုင်ငံ၌ သမိုင်းဝင်နိုင်ငံရေး ပဋိပက္ခတစ်ခုအဖြစ် ပြည်သူလူထုကြား၌ နောက်တစ်ကြိမ် ဖြစ်ပေါ်လာမည်ဟု လေ့လာသူများက သတိပေးလျက်ရှိသည်။ **အေအက်ဖ်ပီ။**



ဆိုမာလီ ပင်လယ်ဓားပြများကို တိုက်ခိုက်ရာတွင် အသုံးတည့်နေသည့် ဘရစ်တနီစပီးယား၏ သီချင်းများ

လန်ဒန် နိုဝင်ဘာ ၂

အမေရိကန်နာမည်ကျော် အဆိုတော် ဘရစ်တနီစပီးယား၏ တေးသီချင်းများသည် ဆိုမာလီပင်လယ်ဓားပြများကိုတိုက်ခိုက်ရာတွင် လျှို့ဝှက်လက်နက်အဖြစ် အသုံးပြုနေရကြောင်း သတင်းများတွင် ဖော်ပြသည်။

ဘရစ်တနီ စပီးယား၏ တေးသီချင်းများကို ရေနံတင်သင်္ဘောများပေါ်တွင် ကျယ်လောင်စွာဖွင့်ထားပါက သင်္ဘောသားများအနေဖြင့် ပင်လယ်ဓားပြများ၏ ပြန်ပေးဆွဲတိုက်ခိုက်ခြင်းမှ ဟန့်တားနိုင်စွမ်းရှိကြောင်း ရေကြောင်းကုန်သွယ်မှုအရာရှိ ရေချယ် အိုဝင်က ယူကေအခြေစိုက် Metro သတင်းဌာနသို့ပြောကြားသည်။

“ ဘရစ်တနီ စပီးယားရဲ့ Oops! I Did It Again နှင့် Baby One More Time တေးသီချင်းတွေဟာ ဆိုမာလီပင်လယ်ဓားပြတွေရဲ့ရန်က ကာကွယ်တဲ့နေရာမှာ ထိရောက်မှုအရှိဆုံးသီချင်းတွေ ဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့တွေအနေနဲ့ သူ့ရဲ့သီချင်းတွေကို ရွေးရတဲ့အကြောင်းကတော့ ပင်လယ်ဓားပြတွေက ဘရစ်တနီစပီးယားကို အမုန်းဆုံးဖြစ်မယ်လို့ ယူဆကြလို့ပါ။ အဓိကအကြောင်းရင်းကတော့ ဆိုမာလီပင်လယ်ဓားပြတွေက အနောက်တိုင်းယဉ်ကျေးမှုနဲ့ ဂီတကို အလွန်မုန်းတီးတဲ့အတွက် ခံနိုင်ရည်မရှိလို့ပါ” ဟု ရေချယ် အိုဝင်က ဆက်လက်ပြောကြားသည်။

အသက် (၃၁)နှစ်ရှိ ဘရစ်တနီ စပီးယားသည် ယခုလောလောဆယ် လက်စ်ဗီးဂက်စ်မြို့တွင် ပြုလုပ်မည့် ဂီတဖျော်ဖြေပွဲအတွက် ပြင်ဆင်လှုပ်ရှားလျက်ရှိသည်။

ဖော့စ်နယူးစ်။

အစွန်းရောက်ဘောလုံးပရိသတ်တစ်ဦးကြောင့် ရန်ပွဲဖြစ်သွားသည့် ရုရှားဘောလုံးပွဲ

မော်စကို နိုဝင်ဘာ ၂

ရုရှားရဲတပ်ဖွဲ့က ပြီးခဲ့သည့် ဘောလုံးပြိုင်ပွဲတစ်ခုတွင် နာဇီအလံကိုင်ဆောင်လာသည့် အစွန်းရောက် ဘောလုံးပရိသတ်တစ်ဦးကို ထိန်းသိမ်းခဲ့ရကြောင်း ရုရှားဘောလုံးသမဂ္ဂက နိုဝင်ဘာ ၂ ရက်တွင် ပြောကြားသည်။

အောက်တိုဘာ ၃၁ ရက်က ယာအိုဆလ်ဗယ်မြို့တွင် ကျင်းပခဲ့သည့် ရုရှားဘောလုံးပြိုင်ပွဲတစ်ခုဖြစ်သည့် ရှင်းနစ်ယာအိုဆလ်ဗယ် အသင်းနှင့် စပါးတက်မော်စကိုအသင်းတို့ ယှဉ်ပြိုင်ခဲ့သည့် ဘောလုံးပွဲတွင် အမျိုးသားတစ်ဦးသည် နာဇီအလံကိုင်ဆောင်၍ ကွင်းအပြင်သို့ ထွက်လာခဲ့ကြောင်း ရုရှားဘောလုံးသမဂ္ဂ၏ စည်းကမ်းထိန်းသိမ်းရေးကော်မရှင်ဥက္ကဋ္ဌ အာသာဂရီဂေါ်ရန့်စ်က သတင်းမီဒီယာများသို့ပြောကြားသည်။

“ အဲဒီ ဘောလုံးပရိသတ်က ဘယ်အဖွဲ့အစည်းနဲ့ ပတ်သက်နေတယ် ဆိုတာတော့ မသိရသေးဘူး။ ဒီလို အပြုအမူဖြစ်ပွားခဲ့တာနဲ့ ပတ်သက်လို့တော့ ရှင်းနစ်ယာအိုဆလ်ဗယ်အသင်းမှာ တာဝန်ရှိပါတယ်။ အစွန်းရောက်ပရိသတ်က ဘယ်သူဘယ်ဝါဆိုတာ မသိရသေးပေမယ့် ဘောလုံးပွဲမှာ ရှုန်းရင်းဆန်ခတ်ဖြစ်အောင် ပြုလုပ်ခဲ့တာကတော့ ထင်ရှားပါတယ်” ဟု အာသာက ပြောကြားသည်။

ယင်းဘောလုံးပြိုင်ပွဲတွင် ရန်ပွဲဖြစ်ပွားခဲ့ခြင်းကြောင့် အခြားလူ ၄၀ ကိုလည်း ထိန်းသိမ်းခဲ့ရသည်။ ပရိသတ်များက ပလတ်စတစ်ထိုင်ခုံများကို ရိုက်ချိုးပြီး အချင်းချင်း ပစ်ပေါက်ခဲ့ကြသလို ရဲတပ်ဖွဲ့ဝင်များကိုလည်း ပစ်ပေါက်ခဲ့ကြသည်။ ရန်ပွဲကြောင့် ပြိုင်ပွဲကို ယာယီရပ်ဆိုင်းထားခဲ့ရသည်။ ရန်ပွဲပြီးနောက် စပါးတက်အသင်းပရိသတ်များမှာ ဘတ်စ်ကား ၁၂ စီးနှင့် အထူးရထားတစ်စီးတွင် ရဲတပ်ဖွဲ့များခြံရံလျက် ယာအိုဆလ်ဗယ်မြို့မှ ပြန်လည်ထွက်ခွာခဲ့ရသည်။

ဆင်ဟွာ။

အောဝမ်းစိုး – စုစည်းသည်

ယာအိုဆလ်ဗယ်မြို့တွင် ဖြစ်ပွားခဲ့သည့် ဘောလုံးပွဲ ရုန်းရင်းဆန်ခတ်မှုတွင် ရဲတပ်ဖွဲ့ဝင်များ လုံခြုံရေးအခြေအနေကို ထိန်းသိမ်းနေစဉ်။

ဆေးရုံများတွင် ကလေးနို့မှုန့် အရောင်းမြှင့်တင်မှု တားမြစ်

ပေကျင်း နိုဝင်ဘာ ၂

ဆေးရုံများတွင် ကလေးနို့မှုန့် အရောင်းမြှင့်တင်ရေးအတွက် ကုမ္ပဏီများက လက်ဆောင်ပေးခြင်း၊ စပွန်ဆာပေးခြင်း သို့မဟုတ် မသမာသော နည်းလမ်းများအသုံးပြုခြင်းများကို တားမြစ်လိုက်ကြောင်းနှင့် နို့မှုန့်ထုတ်လုပ်ရောင်းချသည့် ကုမ္ပဏီများအနေဖြင့်လည်း ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများကို ဆေးရုံများ၌ အရောင်းမြှင့်တင်ခြင်းမပြုလုပ်ရန်တားမြစ်လိုက်ကြောင်း တရုတ်တာဝန်ရှိသူများက နိုဝင်ဘာ ၂ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ယင်းကဲ့သို့ တားမြစ်ရန်ဆုံးဖြတ်ချက်ကို တရုတ်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့၊ အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံကိန်းကော်မရှင်နှင့် နိုင်ငံတော်စက်မှုနှင့် ကုန်သွယ်ရေးအဖွဲ့တို့ ပူးပေါင်းချမှတ်ခဲ့ခြင်းဖြစ်သည်။ ဆေးရုံများနှင့် ဆေးရုံဝန်ထမ်းများကိုလည်း ကလေးမွေးဖွားမည့် မိသားစုများအား ကလေးနို့မှုန့် အရောင်းမြှင့်တင်ခြင်းကို တားမြစ်ထားသည်ဟု တရုတ်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမျိုးသားကျန်းမာရေးနှင့် မိသားစုစီမံကိန်းကော်မရှင်က Dumex နို့မှုန့်ကုမ္ပဏီအောက်တွင်ရှိသော Danone Group က ထျန်ကျင်းမြို့ရှိ ဆေးရုံများတွင် ဆေးဝန်ထမ်းများကို လာဘ်ထိုး၍ နို့မှုန့်များရောင်းချခဲ့ကြောင်းတွေ့ရှိပြီးနောက် အလားတူကြေညာချက် ထုတ်ပြန်ပြီး တစ်လအကြာတွင် တားမြစ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ထျန်ကျင်းအစိုးရက Dumex နို့မှုန့်ကုမ္ပဏီသည် ထျန်ကျင်းမြို့ရှိ ဆေးရုံ ၈၅ ရုံမှ ဆေးဝန်ထမ်း ၁၁၆ ဦးကို ငွေပေး၍ လက်ကမ်းကြော်ငြာဖြန့်ဝေခြင်းနှင့် ဟောပြောပွဲများပြုလုပ်ကာ အရောင်းမြှင့်တင်မှုပြုလုပ်ခဲ့ကြောင်း အောက်တိုဘာ ၁၄ ရက်တွင်ပြောကြားသည်။ အစိုးရက ဆေးဝန်ထမ်းများရယူထားသော ငွေများကိုသိမ်းဆည်း၍ ၁၃ဦးကို ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ယင်းကိစ္စအတွက် Dumex နို့မှုန့်ကုမ္ပဏီက တောင်းပန်ခဲ့သည်။

ဆင်ဟွာ။

ဓာတ်အားခနှုန်းထား ပြင်ဆင်ကောက်ခံခြင်းနှင့် ပတ်သက်၍

၂၀၁၃ ခုနှစ် နိုဝင်ဘာလ ဓာတ်အားသုံးစွဲမှုမှစ၍ ပြုပြင်ကောက်ခံမည့် ဓာတ်အားခစနစ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသုံးပြုသော အလွှာစနစ်ဖြင့် ကောက်ခံခြင်းဖြစ်ပါသည်။အခြေခံ သုံးစွဲသူများနှင့် အသေးစား စက်မှုလုပ်ငန်းရှင်များအတွက် သက်သာမှုရှိအောင် ဆောင်ရွက်ပေးထားပါသည်။အစိုးရဌာနများအတွက် **ရုံးသုံးမီတာ** တစ်ယူနစ် ၅၀ ကျပ်၊ စက်မှုသုံး တစ်ယူနစ် ၁၀၀ ကျပ်၊ **အများပြည်သူတို့အတွက်** အိမ်သုံးမီတာ ၁၀၀ ယူနစ်အထိကို တစ်ယူနစ် ၃၅ ကျပ်၊ ၁၀၀ ယူနစ် ကျော်သွားပါက ကျော်လွန်သည့် ယူနစ်များအတွက် တစ်ယူနစ် ၅၀ ကျပ်၊ **အများပြည်သူ(စက်မှုသုံး၊ တစ်လုံးတစ်ခဲတည်းသုံး၊ ယာယီမီး)**များအတွက် ၅၀၀၀ ယူနစ်အထိ တစ်ယူနစ်လျှင် ၁၀၀ ကျပ်၊ ၅၀၀၀ ယူနစ်ကျော်သွားပါက ကျော်လွန်သည့် ယူနစ်များအတွက် တစ်ယူနစ် ၁၅၀ ကျပ် ကောက်ခံသွားမည်ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိ မီးသုံးစွဲသူများမှ အခြေခံမသုံးမဖြစ် ထမင်းဟင်းချက်ခြင်းနှင့် သင့်တင့်သော အလင်းရောင်အသုံးပြုသော အိမ်များသည် လစဉ် ၁၀၀ ယူနစ် ပတ်ဝန်းကျင်သာရှိကြောင်း တွေ့ရှိရပါသည်။ တစ်လ ၁၀၀ ယူနစ်ခန့် သုံးစွဲသူများမှာ ရာခိုင်နှုန်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ၅၀ ရာခိုင်နှုန်းခန့်၊ မန္တလေးတိုင်းဒေသကြီးတွင် ၅၈ ရာခိုင်နှုန်းကျော်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ဓာတ်အား တစ်ယူနစ်သုံးစွဲခြင်းမှာ ဝပ်အား ၁၀၀၀ ဝပ် (၁ကီလိုဝပ်)ရှိသော လျှပ်စစ်ပစ္စည်းအား အချိန် ၁ နာရီ သုံးစွဲခြင်းဖြစ်ပါသည်။ ဓာတ်အား တစ်ယူနစ်ကို ၂၀ ဝပ် ၂ ပေမီးချောင်းတစ်ချောင်း သုံးပါက ၅၀ နာရီ၊ ၄၀ ဝပ် ၄ ပေ မီးချောင်းတစ်ချောင်းသုံးပါက ၂၅ နာရီ အသုံးပြုနိုင်ပါသည်။ ၇၅၀ ဝပ် မီးပူတစ်လုံးကို ၁ နာရီ မိနစ် ၂၀ သုံးစွဲခြင်းသည် ဓာတ်အား တစ်ယူနစ် အသုံးပြုခြင်းဖြစ်ပါသည်။၂၁လက်မ TV တစ်လုံးနှင့် DVD စက် (အောက်စက်)တို့ တွဲဖက်သုံးပါက ၁၀ နာရီသုံးစွဲနိုင်ပါသည်။ တစ်ကီလိုဝပ်ဖြင့် ၈၀၀ ဝပ် ထမင်းချက်အိုးနှင့် ဟင်းတစ်အိုးချက်ပြုတ်နိုင်ပါသည်။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများဖြစ်သော အမေရိကန်၊ ဂျပန်၊ တရုတ်၊ ကိုရီးယားနိုင်ငံများသည်ပင်လျှင် ဓာတ်အားခနှုန်းထားကို ထုတ်လုပ်မှုကုန်ကျစရိတ်ပေါ်မူတည်၍ ကောက်ခံလျက်ရှိပြီး အခြေခံလူတန်းစားများအတွက် ဓာတ်အားခ ဈေးနှုန်းလျှော့ရောင်းခြင်းမျိုး၊ အစိုးရမှ စိုက်ထုတ်ကုန်ကျခံပေးခြင်းများ မရှိပါ။အာဆီယံ နိုင်ငံများဖြစ်သည့် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်နိုင်ငံများတွင်လည်း ထုတ်လုပ်ကုန်ကျမှု စရိတ်ပေါ်မူတည်၍ တစ်ယူနစ် ၁၀၀ ကျပ်ကျော် ကောက်ခံမှုရှိကြပါသည်။ စင်ကာပူနိုင်ငံသည် ပြည်သူများ ဓာတ်အားရရှိမှု ၁၀၀ ရာခိုင်နှုန်းရှိပြီး တစ်ယူနစ် ဓာတ်အားခ ၁၇၀ ကျပ်၊ ထိုင်းနိုင်ငံသည် ပြည်သူများ ဓာတ်အားရရှိမှု ၉၉ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး တစ်ယူနစ် ဓာတ်အားခ ၈၈ ကျပ်၊ ဖိလစ်ပိုင်နိုင်ငံသည် ပြည်သူများ ဓာတ်အားရရှိမှု ၈၉ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး တစ်ယူနစ် ဓာတ်အားခ ၂၇၂ ကျပ်၊ အင်ဒိုနီးရှားနိုင်ငံသည် ပြည်သူများ ဓာတ်အားရရှိမှု ၇၃ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး တစ်ယူနစ် ဓာတ်အားခ ၂၃၆ ကျပ်၊ ဗီယက်နမ်နိုင်ငံသည် ပြည်သူများ ဓာတ်အားရရှိမှု ၉၇ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး တစ်ယူနစ် ဓာတ်အားခ ၁၂၂ ကျပ်၊ ကမ္ဘောဒီးယားနိုင်ငံသည် ပြည်သူများ ဓာတ်အား

ဝေယံ

ရရှိမှု ၂၄ ရာခိုင်နှုန်းရှိပြီး တစ်ယူနစ် ဓာတ်အားခ ၃၅ ကျပ်၊ မြန်မာနိုင်ငံသည် ပြည်သူများ ဓာတ်အားရရှိမှု ၃၀ ရာခိုင်နှုန်းရှိပြီး တစ်ယူနစ်ဓာတ်အားခ ၃၅ ကျပ် ကောက်ခံနေကြပါသည်။ မြန်မာ၊ ကမ္ဘောဒီးယားတို့ကဲ့သို့ နိုင်ငံတော်က စိုက်ထုတ်ကုန်ကျခံပေးသော နိုင်ငံများသာ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနည်းပြီး အများပြည်သူသို့ ဓာတ်အား ဖြန့်ဖြူးပေးမှုတွင် မြန်မာနိုင်ငံက ၃၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံက ၂၄ ရာခိုင်နှုန်းသာရှိသေးကြောင်း သိရှိနိုင်ပါသည်။

World Bank, ADB, JICA တို့မှ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများ ရယူဆောင်ရွက်လျက်ရှိရာတွင် ချေးငွေများပြန်လည်ပေးဆပ်ရန်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်ကို ကာမိသော ဓာတ်အားခနှုန်းထားဖြင့် ရောင်းချမှုဖြစ်ရန်လိုအပ်ကြောင်း ယင်းအဖွဲ့များက အကြံပြုကြပါသည်။ ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြည်တွင်း ပြည်ပကုမ္ပဏီများ၏ ဓာတ်အားထုတ်လုပ်မှုကို ဝယ်ယူရာတွင်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်အတိုင်း ဝယ်ယူရမည် ဖြစ်ပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ ဓာတ်အားခကောက်ခံမှုစနစ်သည် အစိုးရမှစိုက်ထုတ် ကုန်ကျခံသော ကောက်ခံမှုစနစ်ဖြစ်နေပါသည်။ နိုင်ငံတော်မှ စိုက်ထုတ်ဓာတ်အားဖြန့်ဖြူးသောနိုင်ငံများတွင် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခြင်း၊ နည်းပါးခြင်းများ ဖြစ်ပေါ်နေပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွင်ဖြစ်စေ၊ စက်မှုကုန်ထုတ်လုပ်ငန်းတွင်ဖြစ်စေ၊ သတင်းစာတိုက်၊ ဂျာနယ်တိုက်များတွင်ဖြစ်စေ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့်ကာမိသော ရောင်းဈေးရမှသာ လုပ်ငန်းများဆက်လက်ရှင်သန်နိုင်မည်ကို လူတိုင်းသိရှိကြပါသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည်လည်း နိုင်ငံတော်ဘဏ္ဍာငွေရှာဖွေပေးရမည့် စီးပွားရေးအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ အမြတ်မရှိရင်တောင် အရှုံးမပေါ်မှ ဆက်လက်ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါသည်။ တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ်ကာမိအောင် ရောင်းချနိုင်ပါမှ လက်ရှိ ၃၀ ရာခိုင်နှုန်း ဓာတ်အားရရှိနေသူများကို ပထမအဆင့်အနေဖြင့် မီးမပြတ်အောင် ဆောင်ရွက်ပေးနိုင်ပြီး ဒုတိယအဆင့်အနေဖြင့် အမြတ်အစွန်းရရှိမှုပေါ်မူတည်၍ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဓာတ်အားတစ်ယူနစ် ထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ကျောက်မီးသွေးဖြင့် ထုတ်လုပ်ခြင်း တစ်ယူနစ်ခန့်မှန်းကုန်ကျငွေ ၁၀၀ ကျပ်၊ သဘာဝဓာတ်ငွေ့ဖြင့် ထုတ်လုပ်ခြင်း တစ်ယူနစ်ခန့်မှန်းကုန်ကျငွေ ၁၃၀ ကျပ်၊ နေရောင်ခြည်စွမ်းအင်ဖြင့် ထုတ်လုပ်ခြင်း တစ်ယူနစ်ခန့်မှန်းကုန်ကျငွေ ၁၆၀ ကျပ်၊ ရေအားလျှပ်စစ်ဖြင့် ထုတ်လုပ်ခြင်း တစ်ယူနစ်ခန့်မှန်းကုန်ကျငွေသည် ရင်းနှီးမြှုပ်နှံမှုပေါ်မူတည်၍ ၇၀ ကျပ်ခန့်အထိ ကုန်ကျမှုရှိပါသည်။ မြန်မာနိုင်ငံတွင် လက်ရှိဓာတ်အားထုတ်လုပ်မှုတွင် ရေအားလျှပ်စစ်စက်ရုံများ ထုတ်လုပ်မှု ၇၀ ရာခိုင်နှုန်း ပါဝင်ခြင်းကြောင့် နွေရာသီတွင် ရေအားစက်ရုံများ ထုတ်လုပ်နိုင်မှုလျော့နည်းသဖြင့် ဓာတ်အားမလုံလောက်မှုများ ဖြစ်ပေါ်ခြင်းဖြစ်ပါသည်။ နွေရာသီတွင် ဓာတ်အားလုံလောက်မှုရရှိစေရန်အတွက် သဘာဝဓာတ်ငွေ့သုံးစက်ရုံများ၊ ကျောက်မီးသွေးစက်ရုံများ၊ နေရောင်ခြည်စွမ်းအင်သုံး စက်ရုံများကို တည်ဆောက်လျက်ရှိရာ ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးစက်ရုံများ ပေါင်းစုပါက တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ်သည် ၁၀၀ ကျပ် ကျော်လွန်သည်အထိ ကုန်ကျမည် ဖြစ်ပါသည်။ ဓာတ်အားခနှုန်းထား အဟောင်းဖြစ်သော အများပြည်သူ ၃၅ ကျပ်၊ စက်မှုလုပ်ငန်း ၇၅ ကျပ်ဖြင့် ကောက်ခံပါက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမို၍ အရှုံးပေါ်မည် ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ဓာတ်အား တစ်ယူနစ်အပေါ် ၂၂ ကျပ် စိုက်ထုတ်ရောင်းချရသဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၁၈၅ ဘီလီယံကျပ် အရှုံးပေါ်ခဲ့ပါသည်။ အရှုံးကို ကာမိစေရန် နိုင်ငံတော်က စိုက်ထုတ်ကျခံထားခြင်းကြောင့်သာ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုကို ဆက်လက်ဆောင်ရွက်ပေးနေနိုင်ခြင်းဖြစ်ပါသည်။ စက်မှုလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ဂျာနယ်၊ သတင်းစာတိုက် စသည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများက အများပြည်သူသက်သာမှုရှိအောင် အရှုံးခံရောင်းချပေးနေပါက ရေရှည်ရပ်တည်ပြီး တိုးတက်အောင်ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ထိုသို့ အရှုံးခံဆောင်ရွက်ပေးသော စီးပွားရေးလုပ်ငန်းများလည်း မရှိပါ။ ၁၉၈၀ ခုနှစ်က ဓာတ်အားခ တစ်ယူနစ် ၅၀ ပြား ကောက်ခံချိန်တွင် ဆေးလိပ်တစ်လိပ် ၁၅ ပြားဖြစ်ပြီး ယနေ့ ဓာတ်အားခ ၃၅ ကျပ် ကောက်ခံချိန်တွင် ဆေးလိပ်တစ်လိပ် ၃၅ ကျပ်၊ ကွမ်းယာ တစ်ယာ ၁၅ ပြားမှ ယနေ့ ၃၅ ကျပ်၊ လက်ဖက်ရည်တစ်ခွက် ၅၀ ပြားမှ ယနေ့ ၃၀၀ ကျပ်၊ မုန့်ဟင်းခါး တစ်ပွဲ ၅၀ ပြားမှ ယနေ့ ၃၀၀ ကျပ်၊ ဂျာနယ်တစ်စောင် ၁ ကျပ်မှ ယနေ့၅၀၀ ကျပ်၊ ဓာတ်ဆီတစ်ဂါလန် ၃ ကျပ် ၅၀ ပြားမှ ယနေ့ ၄၀၀၀ ကျပ်ဈေးအထိရှိနေပါသည်။ ပြောင်းလဲတိုးတက်လာသော အခြားကုန်ပစ္စည်းများ၏ တန်ဖိုးနှင့် နှိုင်းယှဉ်ပါက ဓာတ်အားခနှုန်းထားတိုးမြှင့်မှုသည် အဆများစွာ နည်းနေပါသည်။ မြတ်နေ၍မဟုတ်ဘဲ အရှုံးခံ၍ နိုင်ငံတော်၏ စိုက်ထုတ်ငွေဖြင့် ဖြန့်ဖြူးပေးနေခြင်း ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ထုတ်လုပ်မှု ကုန်ကျစရိတ် ကာမိခြင်းမရှိသော ဓာတ်အားခနှုန်းထားဖြင့် ဖြန့်ဖြူး၍ အရှုံးဖြစ်ပေါ်နေခြင်းအား နိုင်ငံတော်က စိုက်ထုတ်ကုန်ကျခံပေးနေရပါက ရေရှည် ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ အခြားပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအပေါ် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။ ရပ်ကွက်တစ်ခုအတွင်း မီးလင်းနေသော အိမ်ကို မီးမရသေးသော မှောင်နေသည့် အိမ်ကငေးကြည့်နေရသည့် ခံစားချက်မျိုး၊ နိုင်ငံအတွင်း လက်ရှိလျှပ်စစ်မီးရရှိထားပြီးဖြစ်သည့် ၃၀ ရာခိုင်နှုန်းသော ပြည်သူတွေက အခွင့်အရေး ခံစားရရှိပြီး ကျန်လျှပ်စစ်မီးမရရှိသေးသည့် ၇၀ ရာခိုင်နှုန်းသော ပြည်သူတွေ လျှပ်စစ်မီးမျှော်လင့်နေမှုများကို စာနာပေးရမည် ဖြစ်ပါသည်။

ဓာတ်အားခနှုန်းထား ပြင်ဆင်ကောက်ခံခြင်းမှ ပိုမိုရရှိလာမည့် ဝင်ငွေပေါ်မူတည်၍ နိုင်ငံတော်က စိုက်ထုတ်ကုန်ကျမှုများ သက်သာမည်ဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုအတွက် စိုက်ထုတ်ကုန်ကျငွေ နည်းလာပါက လျှပ်စစ်ဓာတ်အား မရရှိသေးသော မြို့၊ ကျေးရွာများ ဓာတ်အားရရှိရေး အချိန် ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်ခြင်း၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုသုံးစွဲလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါသည်။ ။

ကျောက်ပန်းတောင်း တမ္ပဝတီဈေးသစ်ကြီး မကြာမီဖွင့်မည်

ကျောက်ပန်းတောင်း နိုဝင်ဘာ ၂

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့တွင် ဈေးသစ်ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြန်မာခေတ်ကုမ္ပဏီမှ တာဝန်ယူ၍ တမ္ပဝတီဈေးသစ်ကြီး**(အပေါ်ပုံ)**ကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်တွင် စတင်ဆောက်လုပ်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံးပြီးစီးခဲ့ပြီဖြစ်သဖြင့် မကြာမီ ဈေးသစ်ကြီး ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီး ဈေးသစ်ကြီးမဖွင့်လှစ်မီ ဈေးရောင်းဈေးဝယ်ကြမည့်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ သံဃာတော်များအားပင့်ဖိတ်ကာ ဈေးသစ်ကြီး၏ထောင့် လေးထောင့်တွင် ပရိတ်တရားတော်များရွတ်ဖတ်ခြင်း၊ ကမ္မဝါစာများရွတ်ဖတ်ခြင်းနှင့် ဆွမ်းတရားနာယူခြင်းတို့ကို ဈေးသစ်ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီ၏ အစီအစဉ်ဖြင့် နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက တမ္ပဝတီဈေးသစ် ပံ့ကျရုံတန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ဘော်ဒါစပယ်ယာတင်ခြင်းကြောင့် ခရီးသည်များနှင့် ပြဿနာဖြစ်ရ

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲသော ခရီးသည်တင်ယာဉ်လိုင်းများတွင် ဘော်ဒါစပယ်ယာများ ခေါ်တင်ခြင်းကြောင့် ခရီးသည်နှင့် မပြေမလည်ဖြစ်ကာ ပြဿနာများ ဖြစ်ကြသည်ကို တွေ့ရကြောင်း မထသ(ဗဟို)မှ သိရသည်။

"တကယ်တော့ ကျွန်တော်တို့ကားလောကက တော်တော်ရှုပ်ထွေးတယ်။ ကျွန်တော်တို့ စစ်ဆေးတဲ့အခါ ကားတစ်စီးမှာ အနည်းဆုံးနှစ်ယောက်၊ သုံးယောက်တွေ့နေရတယ်" ဟု မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့သော ခရီးသည်တင်ယာဉ်လိုင်းများတွင် စပယ်ယာနှင့်အတူကူ၍ ငွေကောက်ပေးခြင်းဖြင့် ငွေကြေးတစ်စုံတစ်ရာရလာခြင်းကြောင့် စပယ်ယာလိုင်စင်မရှိဘဲ အကူဘော်ဒါစပယ်ယာလုပ်လာကြသူများရှိကြောင်း၊ ထိုယာဉ်တစ်စီးအနေဖြင့် သာမန်ရရှိရမည့် နေ့စဉ်ဝင်ငွေမှာ အကူလိုက်ပါလာသော ဘော်ဒါစပယ်ယာများမှလည်း ၎င်းတို့အတွက်ပါရရှိစေရန် အကြွေပြန်မအမ်းခြင်း၊ ယာဉ်စီးခပိုယူခြင်း၊ မပြေမလည်ပြောဆိုခြင်းများ ကြုံလာကြရသည်ကို တွေ့ရှိလာရခြင်းဖြစ်ကြောင်း သိရသည်။

"ခရီးသည်နဲ့ ပြဿနာဖြစ်တာ အဲ့ဒါတွေကြောင့်ဖြစ်တာ၊ ဒီနေ့ ဒီကားဘက်တက်တယ်။ ငွေ ၃၀၀၀-၄၀၀၀ လောက်ရသွားရင်ဆင်းပြီး သူသွားချင်ရာကို သွားရော။ ပြီးတော့ ငွေကုန်တော့မှ ကားပေါ်ပြန်တက်တယ်။ ဒီလိုလုပ်နေကြတာကို တွေ့ရတယ်" ဟု ၎င်းက ရှင်းပြသည်။ ခရီးသည်တင်ယာဉ်လိုင်းတစ်ခုသို့ လေ့လာစီးနင်းကြည့်၍ စုံစမ်းရာတွင်လည်း ယာဉ်ပိုင်ရှင်(အုံနာ)ထံမှ ကားကို ဒရိုင်ဘာဖြစ်သူက ငွေကြေးသတ်မှတ်ချက်တစ်ခုဖြင့် ငှားကာ ကားတစ်စီးလုံး၏ဝင်ငွေကို စပယ်ယာက စီမံခန့်ခွဲနေကြောင်း၊ စတင်ငှားယူသည့် ဒရိုင်ဘာဖြစ်သူက ပုတ်ပြတ်ဖြင့် စပယ်ယာကို ပြန်ပေးခြင်း၊ အခြားသော ဒရိုင်ဘာများသို့ လက်လွှဲခြင်းရှိပြီး လိုင်းများမှထုတ်ပယ်ထားသော ဒရိုင်ဘာများကို ခေါက်ရေစားအဖြစ် ပေးမောင်းခြင်းများရှိကြောင်း၊ ခေါက်ရေစားမောင်းနှင်သော ဒရိုင်ဘာက ခေါင်းခန်းခ ပိုက်ဆံရသည့်အပြင် တစ်ခေါက်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် စပယ်ယာဆီမှရရှိကာ လုပ်ကိုင်နေသည့် အခြေအနေများကို တွေ့ရှိရကြောင်း သိရသည်။

ထို့ကြောင့် မထသ(ဗဟို)သို့ ခရီးသည်များဘက်မှ မိမိတို့ကြုံတွေ့ရသော မပြေမလည်မှုများကို စာဖြင့် လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ အီးမေးလ်ဖြင့်လည်းကောင်း တိုင်ကြားလာကြသည်။ တိုင်ကြားမှုအပေါ် စစ်ဆေးကာ အချက် ၁၃၈ ချက်တွင် သတ်မှတ်ထားသည့် ပြစ်ဒဏ်များနှင့်အညီ လိုင်းမှထုတ်ပယ်သည်အထိ အရေးယူလိုက်ရခြင်းများရှိကြောင်း၊ ထုတ်ပယ်သူများကို အခြားလိုင်းများမှ အသုံးမပြုရန် သတ်မှတ်ထားခြင်းကို လိုက်နာမှုမရှိဘဲ စစ်ဆေးတွေ့ရှိသည့် ယာဉ်လိုင်းများမှ တာဝန်ရှိသူများကိုလည်း အရေးယူခြင်းများရှိကြောင်း သိရသည်။

ယခု ၂၀၁၃ ခုနှစ်အတွင်း ဇန်နဝါရီလမှ စက်တင်ဘာလအထိ ထုတ်ပယ်လိုက်သော ယာဉ်လုပ်သား စုစုပေါင်းမှာ ၁၉၅ ဦးရှိသည်ဟု မထသ(ဗဟို)ရှိ စာရင်းများ၌ ဖော်ပြထားသည်။

ထက်ခိုင်(စမ်းချောင်း)

ကြံသီးနှံစိုက်ခင်းများ၊ သိုလှောင်ရုံတည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုးတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်-မန္တလေးလမ်းမကြီး (၁၀၆) မိုင်အနီးရှိ တစ်ဆက်တစ်စပ်တည်းတောင်သူပညာပေး ကြံသီးနှံစိုက်ခင်းသို့ ရောက်ရှိကြပြီး တစ်လသားသက်တမ်းရှိ ကြံပင်များဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေး၍ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ကြံမျိုးသုံးစွဲရမှု ကုန်ကျစရိတ်သက်သာစေပြီး တစ်ဧကအထွက်နှုန်း ပိုမိုသေချာမှုရှိသည့် ကြံပင်ပေါက်ထွက်ရှိမည့် "မျက်စိ"ပါသော ကြံတစ်ဆစ်ချင်း၊ ကြံ တစ်ဆစ်ချင်းစီအား ဖြတ်တောက်ကာ စနစ်တကျပျိုးထောင်ရွှေ့ပြောင်းစိုက်ပျိုးသည့် စနစ်ကို ကျင့်သုံးဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် (၁၀၇)မိုင်အနီးရှိ မြတ်အိန္ဒြေကုမ္ပဏီ၏ တစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေစနစ် ဧက ၂၀၀၀ ဘက်စုံသီးနှံစိုက်ကွင်းသို့ ရောက်ရှိကြပြီး ထိုင်ဝမ်နည်းပညာဖြင့် သိုလှောင်ရုံ (Silo) များ တည်ဆောက်နေမှုနှင့်ထွက်ရှိသီးနှံများ သိုလှောင်နိုင်ရန် စနစ်တကျ တည်ဆောက်နေမှုများကို စစ်ဆေးကြည့်ရှုကာ စပါးနှင့်အခြားသီးနှံများကို ရေရှည်အရည်အသွေးပြည့်မီစွာ သိုလှောင်နိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့နယ် (၁၅၆)မိုင်အနီးရှိ Delicious ကုမ္ပဏီ၏ တစ်ဆက်တစ်စပ်တည်း တောင်သူပညာပေးကြံသီးနှံစိုက်ခင်း ဧက ၂၀ စိုက်ကွင်း၌ ၅၀ ရက်သားရှိ ကြံပင်များ၏ အပင်ပေါက် ကောင်းမွန်ပြီးစိမ်းစိုဖြစ်ထွန်းနေမှုကို စစ်ဆေးကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပဲခူးတိုင်းဒေသကြီးအတွင်း ကြံသီးနှံအောင်မြင်ရန် ရေခံ၊ မြေခံကောင်းများရှိပြီး သကြားစက်များစွာကိုတည်ဆောက်ပြီးဖြစ်ရာ လိုအပ်သော ကြံကုန်ကြမ်းရရှိရေးအတွက် ကြံစိုက်တောင်သူများကို အထွက်နှုန်းသေချာသည့် မျိုးကောင်းမျိုးသန့်ကြံမျိုးများ ဖြန့်ဖြူးရန်၊ ကုန်ကျစရိတ်သက်သာစေပြီး ဝင်ငွေတိုးတက်စေရန် ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို စံနမူနာပြစိုက်ကွင်းများ ထူထောင်ပြသရန်၊ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် တောင်သူများ လက်ဝယ်အရောက် မျိုးကောင်းမျိုးသန့်များရောက်ရှိအောင် ဆောင်ရွက်သွားရန်မှာကြားသည်။

ထို့ပြင် ယခုရက်ပိုင်းအတွင်း အခါမဟုတ်၊ ရာသီမဟုတ် မိုးသည်းထန်စွာရွာခဲ့၍ ရေတာရှည်မြို့နယ် အပါအဝင် မြို့နယ်အချို့တွင် စပါးများ လေလွင့်ပျက်စီးမှုများအပေါ် တောင်သူများအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် တိုင်းဒေသကြီးအစိုးရ၏ ကူညီဆောင်ရွက်နေမှုများကို ပြည်ထောင်စုအစိုးရက ကူညီစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

အမှန်တကယ်ပျက်စီးသွားသော စိုက်ဧကများကို ကွင်းဆင်းစိစစ်တွက်ချက်ပြီး မတ်ပဲ၊ ပဲတီစိမ်းကဲ့သို့ အချိန်မီ ပြန်လည်ထွန်ယက်စိုက်ပျိုးရန်တို့ကို တောင်သူများနှင့် ညှိနှိုင်း၍လိုအပ်သော အကူအညီများကို နိုင်ငံတော်အစိုးရသို့ တိုင်းဒေသကြီးအစိုးရက စိစစ်တင်ပြပေးရန်နှင့် အချိန်မီထွန်ယက်ရန် လယ်ထွန်စက်များကို မိမိတို့ဝန်ကြီးဌာနက ကူညီပေးသွားမည်ဖြစ်ကြောင်းကိုလည်း ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် သက်ကြီးရွယ်အိုများ ဆေးဝါးအသုံးအဆောင်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

နေပြည်တော် နိုဝင်ဘာ ၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်လင်းလင်းတင်၊ ဒေါ်တင်တင်လတ်၊ ဒေါက်တာဒေါ်ခင်မြဝင်းနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်နှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ လှိုင်လှိုင်ဌေးနှင့် သူနာပြုများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းအေးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် နေပြည်တော်ပျဉ်းမနားမြို့ သစ်လေးလုံးကျေးရွာအုပ်စု ပုရွက်ဆိတ်ကုန်းကျေးရွာရှိ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့မွန်းလွဲ ၁ နာရီတွင်သက်ကြီးရွယ်အိုအဘိုးအဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အဘိုးအဘွား ၂၁ ဦးအား အာဟာရအဖြစ်ကြာဆံကြော်များ ကျွေးမွေးခြင်း၊ အားဆေး၊ လိမ်းဆေး၊ တဘက်၊ ယောဂီတဘက်၊ လက်ဖက်ခြောက်၊ ဆပ်ပြာတောင့်များနှင့် တစ်ဦးလျှင်ငွေကျပ် ၁၅၀၀၀ ကို ပေးအပ်လှူဒါန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဆေးစစ်ခြင်း၊ ဆေးဝါးကုသခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်လင်းလင်းတင်နှင့်ဒေါ်တင်တင်လတ်တို့က အမျိုးသမီးရေးရာအကြောင်းသိကောင်းစရာနှင့် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုအကြောင်းများကို ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်သူများကလည်း အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အဖွဲ့ဝင်များက ကျေးရွာအမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား ထီးနှင့်အင်္ကျီများကို ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ သစ်လေးလုံးကျေးရွာသို့ရောက်ရှိကြပြီး ကလေးအမြွှာမွေးဖွားသည့် ဖခင်ဦးသက်ဦးနှင့် မိခင်ဒေါ်အေးအေးတို့အား အားပေးစကားပြောကြားကာ ကလေးများအတွက် ဦးထုပ်၊ ခြင်ထောင်၊ စောင်၊ အနှီးပိတ်နှင့် မုန့်စသည့်ကလေးအသုံးအဆောင်ပစ္စည်းများနှင့်ငွေကျပ် ၁၁၀၀၀၀ ကို ထောက်ပံ့ပေးခဲ့ပြီး ပုရွက်ဆိတ်ကုန်းကျေးရွာနေ မလှိုင်အား အသေးစားမတည်ရင်းနှီးငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းခဲ့သည်။

ယနေ့ စုစုပေါင်းလှူဒါန်းငွေမှာ ကျပ် ၇၀၉၆၀၀ ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၁၁-၂၀၁၃ (တနင်္ဂနွေနေ့)

၆း၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်		ကိုယ်လက်လှုပ်ရှားမှုအောင်စား" (ပါမောက္ခဒေါက်တာနွယ်နွယ်၊ တွဲဖက်ပါမောက္ခ ဒေါက်တာသန်းဝင်းညွန့်)
၆း၂၅	သက်ရှည်ကျန်းမာလေ့ကျင့်ပါ (အပိုင်း-၁)		
၆း၃၅	ကြေးမုံရိပ်သွင်တေးနုယဉ်	၄း၂၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၈း၂၅	"ချစ်သောဤကမ္ဘာမြေ"		
၈း၄၅	"စည်းကမ်းလိုက်နာဘေးကင်းမှာ"		
၁၁း၁၀	ဂီတတံခါးလေးဖွင့်ပါဦး		
၂း၂၀	"သွေးမတိုးအောင်သတိဆောင်	၄း၄၀	ဆိုကြမယ်၊ ပျော်ကြမယ်

ပုဂံ၊ မြောက်ဦး၊ သရေခေတ္တရာအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်း ဝင်းခြံများတိုးချဲ့ခြင်း၊ ကာရံခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍သတိပေးကြေညာချက်

၁။ နိုင်ငံတော်သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရန်အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေကို ၁၉၉၈ ခုနှစ်တွင်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ နည်းဥပဒေများကို ၂၀၁၁ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဥပဒေပုဒ်မ-၄ အရ ယခုအချိန်ထိ တစ်နိုင်ငံလုံးတွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသ (၄၆)ခုကို သတ်မှတ်ကာ ဥပဒေဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

၂။ ယခုအခါ ပုဂံ၊ မြောက်ဦး၊ သရေခေတ္တရာဒေသများအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသအချို့၌ ကန့်သတ်ထားသော ဇုန်များအတွင်းတွင် ဝင်းခြံများတိုးချဲ့ခြင်း၊ အဆောက်အအုံများတိုးချဲ့ခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ အုတ်ဖုတ်ခြင်းများ ဆောင်ရွက်နေခြင်းကြောင့် တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှု၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းများပျက်စီးမှုတို့ဖြစ်ပေါ်လျက်ရှိကြောင်း ကြားသိနေရပါသည်။

၃။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ အခန်း(၇) တားမြစ်ချက်များတွင် အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်းတို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

ပုဒ်မ ၁၈။ မည်သူမျှရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာ တည်ရှိရာဇုန်အတွင်းတွင် ဤဥပဒေအရထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံ တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်းမပြုရ။

ပုဒ်မ ၁၉။ မည်သူမျှ ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံနှင့် စပ်လျဉ်း၍ အောက်ပါတစ်ခုခုမပြုလုပ်ရ-

(က) တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(ခ) ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း။

ပုဒ်မ ၂၂။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ယဉ်ကျေးမှုဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း မပြုရ။

၄။ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက အဆိုပါ ဥပဒေအခန်း (၈)ပါ ပြစ်မှုနှင့် ပြစ်ဒဏ်များ ချမှတ်ရမည်ဖြစ်ကြောင်းလည်း ပြစ်မှုတစ်ခုချင်းအလိုက် ဖော်ပြပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် လိုက်နာရန်ပျက်ကွက်သူများအား တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းသတိပေးကြေညာပါသည်။

၅။ သို့ဖြစ်ပါ၍ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

မင်းဓမ္မရတနာဆင်ဖြူတော်ဥယျာဉ်၌ ဆင်ဦးစီးတစ်ဦးဆင်စွယ်ဖြင့်ထိုးခံရ၍ သေဆုံး

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်ရှိ မင်းဓမ္မရတနာဆင်ဖြူတော်ဥယျာဉ်၌ ယနေ့နံနက်ပိုင်းတွင် ရာဇဂဟာအမည်ရှိဆင်ဖြူတော်စိတ်ရိုင်းဝင်ရာမှ ဆင်စွယ်ဖြင့်ထိုးသဖြင့် လုပ်သက် (၁၁) နှစ်ရှိ ဆင်ဦးစီးတစ်ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ရတနာဆင်ဖြူတော်ဥယျာဉ်တွင် ဆင်ဖြူတော်သုံးစီးရှိပြီး နံနက် ၆ နာရီခွဲမှ ၇ နာရီခွဲအထိ ဥယျာဉ်ကိုပတ်ကာ ဆင်များပုံမှန်လမ်းလျှောက်ထွက်လေ့ရှိကြောင်း၊ ဆင်အထီးကိုရှေ့မှထားကာ ဆင်မနှစ်စီးကနောက်မှ လိုက်လေ့ရှိပြီး ဆင်ဦးစီးများကဦးခေါင်းပေါ်မှ လိုက်ပါလေ့ရှိကြောင်း၊ လမ်းလျှောက်ရင်းရင်းနှီးမှုရှိအောင် ကြံကျွေးလျက် ဆင်ထိန်းများက ဘေးမှရံလိုက်လေ့ရှိရာ ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် ယခုကဲ့သို့ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးမှသိရသည်။

"ဆင်ဖြူတော်ဥယျာဉ်ပတ်လမ်းနားအရောက်မှာ ရာဇဂဟာဆိုတဲ့ ဆင်ထီးကရုတ်တရက် စိတ်ဖောက်ပြီးဆင်ဦးစီးကို အစွယ်နဲ့ထိုးလိုက်တာပါ။ ဆင်ဦးစီးရဲ့ဘယ်ဘက်ရင်အုံကို ထိသွားပါတယ်။ အင်းစိန်ဆေးရုံကိုပို့တာ လမ်းမှာတင် ဆုံးသွားပါတယ်။ ဒီလိုဖြစ်စဉ်မျိုးက အရင်ကတော့ တစ်ကြိမ်တစ်ခါမှမဖြစ်ဖူးပါဘူး" ဟုရတနာဆင်ဖြူတော်ဥယျာဉ်ရှိ အုပ်ချုပ်ရေးမှူးရုံးမှ အရာရှိတစ်ဦးကပြောပြသည်။

ယခုအခါ အဆိုပါဆင်အားထူးခတ်ထားရှိကာ ဆင်ဆရာဝန်များ၊ ဆင်ထိန်းများနှင့်အနီးကပ်ကြပ်မတ်လျက်ရှိကြောင်း သိရသည်။ **(နန္ဒာဝင်း)**

အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဆင်း

ညောင်လေးပင် နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁ရက် ညနေ ၄ နာရီက ညောင်လေးပင်မြို့ မီးသတ်တပ်ဖွဲ့စခန်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟစိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးငွေထွန်းက မီးသတ်ပညာထူးချွန်ဆုနှင့်စစ်ရေးပြပညာ ထူးချွန်ဆုတို့ကို ချီးမြှင့်ပေးအပ်ကာ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးသိန်းနိုင်က သင်တန်းဆင်းလက်မှတ်များကိုပေးအပ်သည်။

အဆိုပါသင်တန်းသို့ ညောင်လေးပင်မြို့၊ မဒေါက်မြို့၊ ပြွန်တန်ဆာမြို့၊ ပိန်းဇလုပ်မြို့များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၅၆၈)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးညွန့်ထွန်း Main Press Center (MPC) ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မဏ္ဍိရတနာ ကျောက်စိမ်းခန်းမအတွင်း International Broadcast Center (IBC) ပြင်ဆင်ထားရှိမှုများကို တွေ့ရစဉ်။

(သတင်းစဉ်)

❍ ကျောဖုံးမှ

ကော်မတီဥက္ကဋ္ဌများနှင့် ညှိနှိုင်းပေါင်းစပ်ပေးပြီး လုပ်ငန်းများအချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ လုပ်ငန်းပိုင်းဆိုင်ရာ အရည်အသွေးများ ကောင်းမွန်အောင် အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် မဏ္ဍိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများနှင့် နိုင်ငံတော်အဆင့် အခမ်းအနားများတွင်အသုံးပြုရန် အသစ်ဝယ်ယူထားသည့် 8 Camera OB Van တစ်စီးကို လည်းကောင်း၊ 2. 4 Meter Flyaway System ငါးစုံကို လည်းကောင်း၊ 3 Camera DSNG Van နှစ်စီးအား ရန်ကုန်တွင် တပ်ဆင်နေမှုပုံစံများကို လည်းကောင်း၊ Panasonic အမျိုးအစား AJ- HPX- 3100 GJ၊ Sony အမျိုးအစား PDW- 700 နှင့် PMW-500 ကင်မရာများကိုလည်းကောင်း၊ ရွေ့လျားရုပ်သံထုတ်လွှင့်စက်များကို လည်းကောင်း၊ ရုပ်သံတည်းဖြတ်ထုတ်လွှင့်စက်ပစ္စည်းများနှင့် ရုပ်သံရိုက်ကူးရေးခန်းမငယ်များကို လည်းကောင်း၊ IBC Central Equipment Room နှင့် Master Control Room တို့တွင် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုကိုလည်းကောင်း၊ 3 Camera Studio ခန်းကိုလည်းကောင်း၊ နိုင်ငံအလိုက်နှင့် ရုပ်သံထုတ်လွှင့်ရေးကုမ္ပဏီများ၏ တိုက်ရိုက်ထုတ်လွှင့်ရေး အခန်း ၂၀ ကိုလည်းကောင်း၊ မြေညီထပ်ရှိ MPC ခန်းမ ဖွဲ့စည်းထားရှိမှုနှင့် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

မြန်မာပြေးခုန်ပစ် အဖွဲ့အတွက် ဆီးဂိမ်း

သတင်း – ချစ်ကိုကို၊ ဓာတ်ပုံ – ရှိုင်းထက်ဇော်

ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ပုံမှန်ယူပေးနေကျဖြစ်သည့် မြန်မာပြေးခုန်ပစ်အဖွဲ့မှာ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်ကာလမှ ရွှေတံဆိပ်ရရှိရန် ရုန်းကန်လာရသည်။ ရွှေတံဆိပ်ရရှိရန် ပိုမိုအားထုတ်လာခဲ့ရသလို အချို့နှစ်များတွင်လည်း ရွှေတံဆိပ်နှင့်လွဲချော်ခဲ့ရသည်။ ၂၀၁၁ ဆီးဂိမ်းတွင် ရွှေတံဆိပ်နှင့် လွဲချော်ခဲ့ရသည့် မြန်မာပြေးခုန်ပစ်အဖွဲ့၏ ယခုဆီးဂိမ်းတွင် ရွှေတံဆိပ် ပြန်လည်ရရှိရေး ပြင်ဆင်နေမှုများနှင့်ပတ်သက်၍ တင်ပြလိုပေသည်။

မြန်မာပြေးခုန်ပစ်အဖွဲ့သည် ယခုဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည်ဖြစ်သောကြောင့် စနစ်တကျ ပြင်ဆင်ထားသလို ပြင်ဆင်မှုအပိုင်းများကလည်း ပြီးခဲ့သည့်ပြိုင်ပွဲများထက် ကျေနပ်စရာကောင်းပေသည်။ (၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာပြေးခုန်ပစ်အဖွဲ့သည် ပဏာမလက်ရွေးစင်ကစားသမား ၂၀၀ ကျော်ဖြင့် ပြင်ဆင်ခဲ့ပြီး လက်ရှိတွင် အပြီးသတ်ကစားသမား ၆၃ ဦးကို ရွေးချယ်ပြီးဖြစ်သည်။ ပဏာမလက်ရွေးစင်ကစားသမားများကို တရုတ်နိုင်ငံသို့ကာလရှည်သွားရောက်လေ့ကျင့်စေခဲ့ပြီး ကျန်ရှိသည့်ကစားသမားများကို နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်ခဲ့သည်။ ပဏာမလက်ရွေးစင်ကစားသမား ၁၈ ဦးကို တရုတ်နိုင်ငံသို့ သုံးလကြာစေလွှတ်ခဲ့ပြီး ယင်းကစားသမားများထဲမှ ရွှေတံဆိပ်ရရှိရန် အလားအလာအကောင်းဆုံးဖြစ်သည့် ၁၂ ဦးကို ဆီးဂိမ်းအထိ ဆက်လက်လေ့ကျင့်စေထားကြောင်းသိရသည်။

ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာပြေးခုန်ပစ်အဖွဲ့မှာ အောင်မြင်မှုများရယူနိုင်ခဲ့သည်။ စင်ကာပူချန်ပီယံရှစ်ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ကြေးတစ်ခု၊ ဗီယက်နမ်ချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ငွေတစ်ခု၊ ကြေးသုံးခု၊ ထိုင်းချန်ပီယံရှစ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ကြေးတစ်ခုတို့ရရှိခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် ပဏာမလက်ရွေးစင်ကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိစေရန်အတွက် ဆီးဂိမ်းအကြိုပြေးခုန်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း၌ကျင်းပခဲ့သည်။ အဆိုပါ ပြိုင်ပွဲတွင် ဆီးဂိမ်းပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲအမျိုးအစား ၄၆ မျိုးစလုံး ထည့်သွင်းကျင်းပခဲ့ပြီး မြန်မာပြည် စံချိန်သစ်သုံးခုတင်နိုင်ခဲ့သည်။

မြန်မာပြေးခုန်ပစ်အဖွဲ့၏ ပြင်ဆင်ထားမှု၊ လေ့ကျင့်မှုအခြေအနေများ အပြင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်သောကြောင့် ဆီးဂိမ်းရွှေအိပ်မက်ကို ယခုအကြိမ်တွင် အကောင်အထည်ဖော်နိုင်မည်ဟုယုံကြည်ပါကြောင်း။

မြဝတီအသင်းကို ယူ–၂၃ (ခ) အသင်းအနိုင်ယူ

owif-pkdnDv;
"mwfkbkxufZmf

ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာယူ-၂၃ (က)အသင်းကို အထောက်အကူပြုရန်ဖွဲ့စည်းထားသည့် မြန်မာယူ-၂၃ (ခ)အသင်းသည် ယနေ့ နံနက်ပိုင်းက မြဝတီအသင်းနှင့် ခြေစမ်းကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာယူ-၂၃(ခ) - သုံးဂိုး
(ရဲအောင်၊ စိုးမင်းနိုင်နှင့် ရန်နိုင်ထွေး)
မြဝတီ - တစ်ဂိုး
(ရဲဝေယံစိုး)

အောက်တိုဘာ ၂၈ ရက်တွင် လေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့သည့် မြန်မာယူ-၂၃ (ခ)အသင်း၏ ပထမဆုံးခြေစမ်းပွဲတွင် ရလဒ်ကောင်းများရယူနိုင်ခဲ့သည်။ ယူ-၂၃ (ခ)အသင်းမှာ ဟိန်းဇာအောင်၊ အာကာနိုင်၊ စိုးမင်းနိုင်၊ အောင်မြင့်ထွန်း၊ နန္ဒလင်းကျော်ချစ်တို့ဖြင့် လူစုံအသုံးပြုခဲ့ပြီး ပထမပိုင်းမှာပင် နှစ်ဂိုးပြတ်ဖြင့် အနိုင်ရနေသည်။ ထောင့်ကန်ဘောမှတစ်ဆင့် ပြန်လျှံလာသောဘောလုံးကို ရဲအောင်က သွင်းယူခဲ့ပြီး ယူ-၂၃(ခ)အသင်းအတွက် ဒုတိယဂိုးကို စိုးမင်းနိုင်က သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ယူ-၂၃ (ခ) အသင်းကပင် ဆက်လက် ဖိကစားနိုင်ခဲ့ပြီး ရန်နိုင်ထွေးက တတိယဂိုးသွင်းကာ မြဝတီအတွက် ချေပဂိုးတစ်ဂိုးကို ရဲဝေယံစိုးက သွင်းယူပေးခဲ့သည်။

မြန်မာယူ-၂၃ (ခ)အသင်းအတွက် တတိယဂိုးကို ရန်နိုင်ထွေးသွင်းယူနေစဉ်။

❖ ကာယဗလမှ

ချွတ်ချော်မှုမရှိအောင် ဂရုတစိုက်ကြိုးစားပြီး ယှဉ်ပြိုင်နိုင်အောင် ယခု ကတည်းက ကြိုတင်လေ့ကျင့်ထားဖို့ အားကစားသမားများကို မှာကြားထားကြောင်း၊ ကာယဗလပြိုင်ပွဲတွင် အတန်းလိုက် ကီလိုမှာ ၅၅ ကီလို၊ ၆၀ ကီလို၊ ၇၀ ကီလို၊ ၈၀ ကီလိုနှင့် ၉၀ ကီလို အတန်းဟူ၍ အတန်း ငါးတန်းဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဦးစွာရှင်းပြသည်။

ဆက်လက်၍ ရှင်းပြရာတွင် ၅၅ ကီလိုတန်းတွင် ထွန်းမင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ၎င်းသည် နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံကောင်းများ ရရှိထားသူဖြစ်ကာ ကမ္ဘာ့အဆင့် ပြိုင်ပွဲသို့လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသူဖြစ်ပြီး ဆုတံဆိပ်များကိုလည်း ရရှိခဲ့ဖူးသူဖြစ်ကြောင်း၊ ယခု ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိနိုင်ကြောင်းနှင့် ၎င်း၏ ပြိုင်ဘက်အားကစားသမားတို့မှာ ဗီယက်နမ်နှင့် ထိုင်းတို့ဖြစ်ကြောင်း ရှင်းပြသည်။

နည်းပြ ကိုအောင်နိုင်က ဆက်လက်ရှင်းပြရာတွင် ၆၀ ကီလိုတန်း၌ အောင်ခိုင်ဝင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အရန် အားကစားသမားမှာ စိုးမိုးအောင်ဖြစ်ကြောင်း၊ ၎င်းတို့သည်လည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် ဆုတံဆိပ်များ ရရှိထားသူများဖြစ်ကြောင်းနှင့် ၆၀ ကီလိုတန်းတွင် ထိုင်းနှင့် မလေးရှားတို့မှ အားကစားသမားများကို အလေးထား ယှဉ်ပြိုင်ရဖွယ်ရှိကြောင်း ရှင်းပြသည်။

ယင်းနောက် ၇၀ ကီလိုတန်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများသည် ပြိုင်ဘက်ကောင်းများနှင့် ယှဉ်ပြိုင်ရမည်ဟု ခန့်မှန်းနိုင်ပြီး မလေးရှားမှ ပြိုင်ဘက်အားကစားသမားကို ကျော်လွှားနိုင်အောင် ကြိုးစားရမည်ဖြစ်သဖြင့် ယခုအစွမ်းကုန် လေ့ကျင့်နေကြောင်း၊ ယင်း ၇၀ ကီလိုတန်းတွင် ယှဉ်ပြိုင်မည့် အားကစားသမားသည် ပြည်တွင်း ပြည်ပ ဆုတံဆိပ်များကို ရရှိသူ မင်းဇော်ဦးဖြစ်ပြီး အရန်အားကစားသမားမှာ ခင်မောင်ကျော်ဖြစ်ကြောင်း နည်းပြက ရှင်းပြသည်။

၈၀ ကီလိုတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဆလိုင်းကျော်မင်း၏ အခြေအနေကို နည်းပြက ဆက်လက်ရှင်းပြရာတွင် ၎င်းသည် နိုင်ငံတကာ ပြိုင်ပွဲများတွင် သုံးကြိမ်ခန့်ယှဉ်ပြိုင်ခဲ့ဖူး၍ အတွေ့အကြုံကောင်းများရှိသူဖြစ်ကာ လေ့ကျင့်ရေးကိုလည်း ရေကုန်ရေခန်း လေ့ကျင့်နေကြောင်း၊ ယင်း ၈၀ ကီလိုတန်းတွင် နိုင်ငံပေါင်း လေး၊ ငါးနိုင်ငံလောက်သာ ယှဉ်ပြိုင်မည်ဟုသိရှိရပြီး ယှဉ်ပြိုင်မည့် အားကစားသမားအားလုံးသည်လည်း အရည်အချင်းပြည့်မီသူများဖြစ်သဖြင့် အထူးကြိုးစားယှဉ်ပြိုင်ရမည်ဟု တွက်ဆထားကြောင်း ရှင်းပြသည်။

ကာယဗလပြိုင်ပွဲတွင် အမြင့်ဆုံးအတန်းဖြစ်သော ၉၀ ကီလိုတန်း၌ ယှဉ်ပြိုင်မည့် အောင်ဆွေနိုင်၏ အခြေအနေကို နည်းပြက ဆက်လက်ရှင်းပြရာတွင် အောင်ဆွေနိုင်သည်လည်း နိုင်ငံတကာအတွေ့အကြုံများစွာ ရရှိထားပြီး ဆုတံဆိပ်များကိုလည်း လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သဖြင့် ပြိုင်ပွဲတွင် ပြိုင်ဘက်အားကစားသမားများကို ကျော်လွှားနိုင်ရန် အလားအလာရှိသူဖြစ်ကြောင်း၊ ယခုအခြေအနေမှာလည်း ယှဉ်ပြိုင်ရန် အသင့်အနေအထားရှိနေပြီး လေ့ကျင့်မှုများကိုလည်း မလျှော့ဘဲ စနစ်တကျ ကြိုးစားလေ့ကျင့်လျက်ရှိကြောင်းကို ရှင်းပြသည်။

အားကစားသမားများ လေ့ကျင့်ရေးစခန်း (ရန်ကုန်)၌ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ရေး၊ ဆေးဝါးနှင့် အစားအသောက် အလုံးစုံပြည့်စုံရန် ဝန်ကြီးဌာနနှင့် အဖွဲ့ချုပ်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးမှုကြောင့် အားကစားသမားများသည်လည်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိရေးအတွက် ကြိုးစားလေ့ကျင့်လျက်ရှိသည်ကို ရေးသားတင်ပြလိုက်ပါသည်။ ။

ဆီးဂိမ်းအကြို မွေလက်ဝှေ့ပြိုင်ပွဲ ဆီမီးပွဲစဉ်များကျင်းပ

owif-&eEkdk
"mwfkcpfuk

ဆီးဂိမ်းအကြို အာဆီယံဖိတ်ခေါ်မွေလက်ဝှေ့ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ စတင်ကျင်းပရာ နိုင်ငံပေါင်းခြောက်နိုင်ငံမှ အားကစားသမား ၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသော ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် အမျိုးသား (၄၈) ကီလိုတန်း၌ မျိုးမြင့် (မြန်မာ-က)က မျိုးမြင့်အောင် (မြန်မာ-ခ)ကိုလည်းကောင်း၊ (၅၇)ကီလိုတန်း၌ စောဝီလျံထူး(မြန်မာ-က)က လာအိုကိုလည်းကောင်း၊ မင်းမင်းစိုး (မြန်မာ-ခ)က မလေးရှားကိုလည်းကောင်း အနိုင်ရရှိခဲ့သည်။ အမျိုးသမီး (၄၈) ကီလိုတန်းတွင် ဗီယက်နမ်က ရွှေဇင်ဝင့်ဝါ (မြန်မာ-ခ)ကို လည်းကောင်း၊ (၆၀)ကီလိုတန်းတွင် အင်ဒိုနီးရှားက နော်ချဲဖော (မြန်မာ-ခ)ကို လည်းကောင်း အနိုင်ရရှိကာ ဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ ယခုပြိုင်ပွဲကို မြန်မာ(က)နှင့် (ခ)အသင်း၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် လာအိုတို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ဗိုလ်လုပွဲပွဲစဉ်များကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တွေ့ရှိချက်များအရ ကူးစက်နိုင်ခြင်းမရှိသော ရောဂါများ(Non-Communicable Disease)သည် ကမ္ဘာ့နိုင်ငံများ၏ ကျန်းမာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုး တစ်ခုဖြစ်လာကြောင်း၊ ကူးစက်နိုင်ခြင်းမရှိသော ရောဂါများအနက် လေဖြတ်ရောဂါသည် နှလုံးရောဂါကဲ့သို့ပင် အသေအပျောက်များသော ရောဂါတစ်ခုဖြစ်သည့်အပြင် မသန်မစွမ်းဒုက္ခိတအဖြစ် ကျန်စေနိုင်သော ရောဂါများအနက် ဒုတိယနေရာတွင် ရှိနေကြောင်းဖြင့် ယနေ့ နံနက် ၉ နာရီတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသော ၂၀၁၃ ခုနှစ် ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့ (World Stroke Day)အထိမ်းအမှတ်အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ကမ္ဘာပေါ်၌ နှစ်စဉ် လူဦးရေ ၁၅ သန်းခန့်သည် လေဖြတ်ရောဂါခံစားနေရပြီး လူဦးရေ ခြောက်သန်းခန့် နှစ်စဉ် အသက်ဆုံးရှုံးလျက်ရှိကြောင်း၊ လူခြောက်ဦးတွင် တစ်ဦးနှုန်း လေဖြတ်ရောဂါဖြစ်ပွားနိုင်ခြေရှိပြီး အချိန်ခြောက်စက္ကန့်တိုင်း လေဖြတ်ရောဂါကြောင့် သေဆုံးရသူ တစ်ဦးရှိနေကြောင်း၊ လေဖြတ်ရောဂါ ဖြစ်ပွားပါက ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကို လူနာတစ်ဦးတည်းသာမက လူနာ၏မိသားစု၊ ဆွေမျိုးများတွင်လည်း ခံစားရမည်ဖြစ်ကြောင်း၊ လေဖြတ်ရောဂါ ဖြစ်ပွားသူသည် အိမ်ထောင်စုတစ်ခု၏အဓိကဝင်ငွေရှာဖွေသူဖြစ်ပါက မိသားစုအတွက် ကြီးမားသောထိခိုက်နစ်နာမှုရှိသကဲ့သို့ နိုင်ငံတော်အတွက်လည်း အဓိကအားထားရသော လူ့စွမ်းအားအရင်းအမြစ်နှင့် ကုန်ထုတ်စွမ်းအားစုများ ဆုံးရှုံးရပါကြောင်း။

ယခုနှစ်အတွက် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ ဆောင်ပုဒ်မှာ "စဉ်းစားဆောင်ရွက်လျှင်မြန်ထက်၊ အသက်ကယ်ကြစို့" ဖြစ်ကြောင်း၊ လေဖြတ်ရောဂါသည် အရေးပေါ် အသက်ကယ်ရန်လိုအပ်သော ရောဂါဖြစ်သဖြင့် အချိန်မီကုသမှုမရရှိပါက နောက်ဆက်တွဲဆိုးကျိုးများ ပိုမိုခံစားရနိုင်သဖြင့် အရေးပေါ် ကုသမှုရရှိစေရန်နှင့် ပြန်လည်သန်စွမ်းရေး၊ ထူထောင်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပြည်သူလူထု၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြပါရန် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့ (World Stroke Organization) ဥက္ကဋ္ဌ Prof. Dr.Stephen Davis က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း ဦးနှောက်နှင့် အာရုံကြောရောဂါပညာဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဝင်းမင်းသစ်က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းအဖြစ် လေဖြတ်ရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပရာ ပါမောက္ခဒေါက်တာ သန်းဝင်းညွှန့်က လေဖြတ်ရောဂါကုသခြင်း အကြောင်းကိုလည်းကောင်း၊ တွဲဖက်ပါမောက္ခဒေါက်တာဖြူဖြူလေးက လေဖြတ်ရောဂါကာကွယ်ခြင်းအကြောင်းကိုလည်းကောင်း၊ ပါမောက္ခဒေါက်တာမြတ်သူက ဦးနှောက်သွေးကြောထုံးခြင်းနှင့် ဦးနှောက်သွေးကြောပေါက်ခြင်း၏ ခွဲစိတ်ကုထုံးများအကြောင်းကိုလည်းကောင်း ဟောပြောကြပြီး လေဖြတ်ရောဂါအကြောင်း သိကောင်းစရာ ပညာပေးဗီဒီယိုကိုပြသသည်။

ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးအဖွဲ့က လေဖြတ်ရောဂါနှင့် ပတ်သက်၍ ပြည်သူများပိုမိုသတိပြုနိုင်ရန်၊ အချိန်မီကုသရန်နှင့် ကာကွယ်ရန်တို့အတွက် အသိပညာ ဗဟုသုတ ပိုမိုရရှိစေရန် ရည်ရွယ်ကာ အောက်တိုဘာ ၂၉ ရက်ကို ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပြီး လေဖြတ်ရောဂါကာကွယ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများကို ၂၀၁၀ ပြည့်နှစ်မှစတင်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် စတင်ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၂၀၁၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၊ ၂၀၁၁ ခုနှစ်တွင် နေပြည်တော်၊ ၂၀၁၂ ခုနှစ်တွင် မန္တလေးမြို့တို့၌ ကျင်းပခဲ့ပြီး လေဖြတ်ရောဂါနှင့်ပတ်သက်၍ ဟောပြောပွဲများကျင်းပခြင်း၊ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

(သတင်းစဉ်)

အရည်အသွေးကောင်းမွန်သော စီစီတီဗွီကင်မရာများကိုသာဝယ်ယူသင့်

ရန်ကုန် နိုဝင်ဘာ ၂

ယခုအခါ ပြည်တွင်းတွင် လုံခြုံရေးကင်မရာများ ပိုမိုဝယ်ယူ တပ်ဆင်လာကြကြောင်း သိရသည်။ ယခင်က စီစီတီဗွီကင်မရာများမှာ တစ်လလုံးတွင် လေးငါးစုံသာရောင်းရသော်ငြား ယခုနောက်ပိုင်း လုံခြုံရေးကင်မရာတပ်ဆင်မှုကို လူအတော်များများ စိတ်ဝင်စားလာကြကာ ယခင်ထက်ရောင်းအားတက်လာခဲ့သည်ဟု စီစီတီဗွီ အရောင်းဆိုင်တစ်ခုမှ အရောင်းတာဝန်ခံတစ်ဦးက ပြောသည်။

ယခင်ကစီစီတီဗွီကင်မရာများကို ရုံးများ၊ ဘဏ်များ၊ ကုမ္ပဏီကြီးများ၊ စူပါမားကက်များတွင်သာ တပ်ဆင်ကြသော်လည်း ယခုနောက်ပိုင်းတွင် အများပြည်သူဆိုင်ရာနေရာများ၊ ဈေးဆိုင်များနှင့် အိမ်များတွင်ပါ လုံခြုံရေးအတွက် ဝယ်ယူတပ်ဆင်လာကြကြောင်း သိရသည်။

စီစီတီဗွီကင်မရာများကို လေးလုံးတွဲ၊ ရှစ်လုံးတွဲ၊ ဆယ့်ခြောက်လုံးတွဲ စသည်ဖြင့် ဝယ်ယူနိုင်ပြီး တစ်စုံလျှင် ကျပ်လေးသိန်းမှ ကျပ် ၁၀ သိန်းဝန်းကျင်ကြား ပစ္စည်းများသာ အရောင်းရဆုံးဖြစ်ကြောင်းသိရသည်။ လုံခြုံရေးကင်မရာများတပ်ဆင်ရာတွင် ဈေးနှုန်းသက်သာသည့် တစ်လုံးလျှင် ကျပ်နှစ်သောင်းဝန်းကျင်ခန့်မှ ကျပ်တစ်သိန်းဝန်းကျင်ထိ ကင်မရာများကိုသာ ဝယ်ယူမှုများပြားလျက်ရှိသည်။

စီစီတီဗွီ အဆင့်မြင့်ကင်မရာများမှာမူ တစ်လုံးလျှင် ဒေါ်လာ ၁၂၀ မှ ဒေါ်လာ ၁၀၀၀ ကျော်အထိရှိပြီး ဘဏ်များကဲ့သို့လုံခြုံရေးအဓိကဖြစ်သော အဖွဲ့အစည်းများမှ ဝယ်ယူကြကြောင်း သိရသည်။

လက်ရှိဈေးကွက်တွင် အင်နာလော့လုံခြုံရေးကင်မရာများကိုသာ ဝယ်ယူမှုများပြားပြီး အချို့မှာ အင်တာနက်မှလည်းကြည့်ရှုနိုင်သော အိုင်ပီကင်မရာများကိုဝယ်ယူတပ်ဆင်ကြကြောင်း၊ တပ်ဆင်မည့် နေရာကိုလိုက်၍ ကြိုးဖြင့် ဖြစ်စေ၊ ကြိုးမဲ့ဖြင့်ဖြစ်စေ အသုံးပြုရကြောင်း၊ အိုင်ပီကင်မရာမှာ ရိုးရိုးကင်မရာထက် ဈေးနှုန်းပိုမိုမြင့်မားကြောင်း စီစီတီဗွီဆားဗစ်ဝန်ထမ်းတစ်ဦးက ပြောသည်။

လုံခြုံရေးကင်မရာ တပ်ဆင်ထားခြင်းဖြင့် မှုခင်းများကို အလျင်အမြန်ဖော်ထုတ်နိုင်သောကြောင့် မဖြစ်မနေတပ်ဆင်ထားသင့်သော အရာဖြစ်ကြောင်း၊ လုပ်ငန်းအနေအထားကိုလိုက်၍ အရည်အသွေးကောင်းမွန်သော ကင်မရာများကိုသာ အသုံးပြုသင့်ကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောသည်။

ကိုထက်(အိုင်တီ)

သတ်မှတ် မှတ်တိုင်မရပ်ခြင်းကြောင့် ခရီးသည်အခက်အခဲ တိုင်ကြားလာမှု ၂၀ ကျော်ရှိဟုဆို

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲ သွားလာလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများတွင် သတ်မှတ်ထားသည့် မှတ်တိုင်တွင် မရပ်ခြင်းကြောင့် **(ယာပုံ)** ကြုံလာရသောအခက်ခဲကို တိုင်ကြားလာမှုသည် ယခုနှစ်အတွင်း ၂၀ ကျော်ရှိကြောင်း မထသ(ဗဟို)မှ သိရသည်။

အဆိုပါ ခရီးသည်တင်ယာဉ်များ စည်းကမ်းတကျ သွားလာနိုင်ရန် စစ်ဆေးအရေးယူသည့် အပိုင်းမှလည်း လုပ်ဆောင်နေသလို လမ်းညွှန်ဆိုင်းဘုတ်များ၊ သတိပေးချက်များ၊ မှတ်တိုင်ဇရိယာ မျဉ်းဝါအကွက်များကိုလည်း လုပ်ဆောင်ရေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"အခု ရန်ကုန်မှာဖြစ်နေတာက စည်းကမ်းမဲ့တက္ကစီတွေပဲ။ ဘတ်စ်ကားရပ်ဖို့ မျဉ်းဝါအကွက်ဆွဲထားတယ်၊ အဲဒီနေရာမှာ ဝင်ရပ်ထားတယ်။ တချို့နေရာတွေဆိုရင် အိမ်စီးကားတွေတောင်ပါသေးတယ်။ မော်တော်ယာဉ် ဥပဒေတွေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေမှာ ဘတ်စ်ကားမှတ်တိုင်ရဲ့ မျဉ်းဝါအကွက်သင်္ကေတတွေက ပါပြီးသားပါ။ ဘတ်စ်ကားကလည်းဘတ်စ်နေရာရပ်ဖို့လိုတယ်။ အဲဒီလိုရပ်ခိုင်းဖို့လည်း မျဉ်းဝါအကွက်တွေထဲက မဆိုင်တဲ့ ကားတွေကို ထိထိရောက်ရောက်နဲ့ ပြင်းပြင်းထန်ထန် အရေးယူမယ်ဆိုရင် စည်းကမ်းကျနတဲ့ ခေတ်မီမြို့တော်ကြီးဖြစ်ဖို့ အလားအလာကောင်းတွေ ဖြစ်လာမယ်။ သူ့သတ်မှတ်နေရာမှာ စနစ်တကျ ရပ်နိုင်အောင် ကြပ်မတ်နိုင်ရင် ဒါတွေပျောက်သွားမှာပါ"ဟု မြို့ပြပို့ဆောင်ရေးကို လေ့လာနေသူ တစ်ဦးက အကြံပြုပြောကြားသည်။

ထိုသို့ သတ်မှတ် မှတ်တိုင်မရပ်ခြင်းကြောင့် ခရီးသည်များက ယာဉ်လိုင်းများကို တိုင်ကြားလာသော တိုင်ကြားမှုသည် ယခုနှစ်အတွင်း ဖေဖော်ဝါရီလတွင် သုံးမှု၊ မတ်လတွင် လေးမှု၊ ဧပြီလတွင် နှစ်မှု၊ မေလတွင် နှစ်မှု၊ ဩဂုတ်လတွင် ငါးမှု၊ စက်တင်ဘာလတွင် နှစ်မှု၊ အောက်တိုဘာလ (၂၁ ရက် အထိ စာရင်းအရ) လေးမှုစသည်ဖြင့် စုစုပေါင်း ၂၂ မှုရှိပြီး ယင်းအနက်တွင် မထသ(မြို့တွင်း) အောက်ရှိ ယာဉ်လိုင်းများမှ ၁၂ မှု၊ မထသ(အရှေ့ပိုင်းခရိုင်) အောက်ရှိယာဉ်လိုင်းများမှ တစ်မှု၊ မထသ(အနောက်ပိုင်းခရိုင်) အောက်ရှိ ယာဉ်လိုင်းများမှလေးမှု၊ မထသ(မြောက်ပိုင်းခရိုင်)အောက်ရှိ ယာဉ်လိုင်းများမှ သုံးမှု၊ သန်မြန်သူလိုင်းရှိ ယာဉ်များမှ တစ်မှု၊ ဗန္ဓုလ (ပါရမီ)လိုင်းရှိ ယာဉ်များမှ တစ်မှု စသည်ဖြင့် ပါဝင်ကြောင်း သိရသည်။

(၆၈၀)

ရန်သူမှ မိတ်ဆွေသို့

ခင်မောင်ဌေး(ပညာရေး)

'ရန်သူမရှိ မိတ်ဆွေသာရှိ၏' ဟု ကွယ်လွန်သွားပြီဖြစ်သည့် ဆရာကြီး ဒဂုန်တာရာ၏စကားသည် လူမှုဝန်းကျင်အတွင်း ကျယ်ပြန့်စွာပျံ့နှံ့လျက်ရှိသည်။

ယနေ့သန်း ၇၀၀၀ ကျော်နေထိုင်သော ဤကမ္ဘာကြီးတွင် မငြိမ်းချမ်းသော နေရာများစွာရှိသေး၏။ ယမ်းငွေ့တလူလူဖြင့် တစ်ဖက်နှင့်တစ်ဖက် တိုက်ပွဲများအသေအကျေဆင်နွှဲလျက်ရှိသေး၏။ ယဉ်ကျေးလှပါသည်ဟုဆိုခဲ့ကြသည့် လူသားများ၊ အသိဉာဏ်ပညာကြွယ်လှပါသည်ဆိုသောလူသားများ၊ ယင်းအသိဉာဏ်ပညာကိုအသုံးချ တတ်ဆုံးဟု သတ်မှတ်ခံရသည့်လူသားများနှင့် ယနေ့တိုင်မငြိမ်းနိုင်သောစစ်မီးများ၊ လောဘဇောကြောင့်ဖြစ် ပေါ်လာသောတင်းမာမှုများ၊ အယူသည်းအစွန်းရောက်မှုများ၊ မယုံနိုင်ဖွယ်ရာ သံသယမျက်လုံးများဖြင့် မလုံခြုံ မအေးချမ်းနိုင်သော ကမ္ဘာကြီးဟုပင်ဆိုရချေတော့မည်။

ဤသည်မှာ'ငါ'ဆိုသည့် အတ္တမာနတံခွန်ထူနေမှုကြောင့်ပင်ဖြစ်သည်။ မာန်မာနဟူသည် မောက်မာတတ်ခြင်း၊ ပလွှားထောင်လွှားတတ်ခြင်းသဘောရှိ၏။ တစ်နည်း စိတ်ကြီးဝင်ကာဘဝင်မြင့်ခြင်းတစ်မျိုးပင်ဖြစ်သည်။ ဤသို့ဖြင့် မိမိတို့၏မျိုးရိုးဂုဏ်ကိုလိုက်၍ အမျိုးမာန်(ဝါ)ဇာတိမာန်တက်ကြ၏။ စီးပွားဥစ္စာချမ်းသာမှုအပေါ် ဓနမာန်တက်ကြ၏။ မိမိတတ်မြောက်ထားသည့် ပညာရပ်အပေါ် ပညာမာန်တက်ကြ၏။ ရုပ်ရည်ရူပကာလှပခြင်းအပေါ် ဝဏ္ဏမာန်တက်ကြ၏။ ခြွေရံသင်းပင်းပေါခြင်းအပေါ် ပရိဝါရမာန်တက်ကြ၏။ ဂုဏ်သတင်းကျော်ကြားမှု၊ အောင်မြင်မှုအပေါ် ဂုဏမာန်တက်ကြ၏။ ဘုန်းတန်ခိုးကြီးမှုအပေါ် ပုညမာန်တက်ကြ၏။ ကျွမ်းကျင်တတ်မြောက်မှုအပေါ် ကုသလမာန်တက်ကြလေတော့၏။

မာန်တက်လာသူသည် အရာရာကိုအပေါ်စီးမှကြည့်ကာကျေနပ်နိုင်ခဲ၏။ သည်းခံခွင့်လွှတ်စိတ်နည်း၏။ အငြိုးအာဃာတကြီး၏။ ယင်းမာန်မာနများသည် ဒေါသအဖြစ်ကူးပြောင်းလွယ်၏။အထူးသဖြင့် နိုင်လိုမင်းထက်ပြုကျင့်လိုကာ ရန်လိုတတ်သူများပင်ဖြစ်သည်။ "ငါမှငါ" ဆိုသည့်အတ္တစိတ်လွှမ်းမိုးနေမှုကြောင့် လူမှုအဖွဲ့အစည်းအတွင်း အံဝင်ခွင်ကျဖြစ်ရန်(ဝါ) တစ်သားတည်းဖြစ်ရန် ခဲယဉ်းလှပါသည်။ ဤသို့'ငါ'ဟူသော အတ္တစွဲများ တစ်ဦးတစ်ယောက်မှသည်၊ တစ်သင်းတစ်ဖွဲ့၊ တစ်အုပ်စု တစ်ပါတီအတွင်းကြီးစိုးပျံ့နှံ့သွားလျှင် လူသားတစ်ရပ်လုံး၏ သာယာငြိမ်းချမ်းမှု၊ ဘေးကင်းလုံခြုံမှုကိုပင် အကြီးအကျယ်ခြိမ်းခြောက်လာနိုင်ခြင်းပင်ဖြစ်သည်။

'ရန်' သည် ရန်ကိုရန်ချင်းတုံ့ပြန်ခြင်းဖြင့် မည်သည့်အခါမျှ မငြိမ်းအေးနိုင်။ လောင်မြိုက်တတ်သည့် အတ္တမီးများကို မေတ္တာရေအေးဖြင့်ပက်ဖျန်းနိုင်မှသာ ပြေငြိမ်းနိုင်မည်ဖြစ်သည်။ မိမိရန်ဘက်အပေါ်တွင် မေတ္တာတရားထားနိုင်သူသည်သာ မြင့်မြတ်သောသူတို့၏အကျင့်အကြံမည်ပေသည်။

လောက၏နိယာမတစ်ခုမှာ အစဉ်အမြဲပြောင်းလဲနေခြင်း၊ အတက်အကျအနိမ့်အမြင့်ရှိနေခြင်းပင်ဖြစ်သည်။ 'သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ'၊ 'ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်' ဆိုသည်မှာ အပေါ်စီးမှ အမြဲနေ၍ မာန်မာနတက်နေနိုင် သည်မဟုတ်။ အောက်ကျသည့်အခါလည်း ရှိနေမည့်သဘောပင်။ ဆိုလိုသည်မှာ လူတို့သည် အပေါ်ကချည်းအမြဲရှိနေမည်မဟုတ်၊ အောက်ကျနေသူကလည်း အမြဲတမ်းအောက်ကျနေမည်မဟုတ်ခြင်းပင် ဖြစ်သည်။

မိမိအပေါ်စီးရနေချိန်တွင် မာန်မာနထောင်လွှားပြီးမောက်မာမိပါက မိမိအောက်ကျသည့်အခါ ဒုက္ခတွေ့မည်သာဖြစ်၏။ မိမိအပေါ်စီးရချိန်တွင် မာန်မာနကင်းစင်ပြီး နှိမ့်ချရိုသေစွာဆက်ဆံခဲ့ပါက မိမိနိမ့်ပါးသွားချိန်တွင်လည်း ချစ်သူခင်သူပေါများစွာရှိနေမည်သာဖြစ်သည်။

လူတို့၏သဘောတွင် သတ္တဝါခပ်သိမ်းအပေါ်မေတ္တာထားနိုင်သူ၊ မေတ္တာပွားနိုင်သူနည်းလွန်းလှပေသည်။ ရန်ကိုရန်ချင်းသာ တုံ့ပြန်လိုကြသည်။ မိမိအင်အားမရှိသေးလျှင်၊ မခုခံနိုင်သေးလျှင် ကြိတ်မှိတ်၍ခံကာ တစ်နေ့ငါ့အလှည့်ရောက်ရမည်ဆိုသည့် အလှည့်ကိုစောင့်ရင်း "နေသေးသပ ချုံထဲက ချိုသွေးသပ တမြမြ" လုပ်တတ်သည့် သဘောမျိုးရှိသည်။ "ပါးကိုက်လျှင် နားကိုက်မည်"၊ "ပေဖြစ်လျှင်ခံ တူဖြစ်လျှင်နှံမည်" ဆိုသည်မှာ ရန်ကိုရန်ချင်း တုံ့နှင်းရန်အားပေးအားမြှောက်ပြုသည့် စကားမျိုးပင်ဖြစ်သည်။ လောကနိယာမဟုဆိုချင်ဆိုနိုင်သော်လည်း စင်စစ် လူမိုက်အားပေးစကားများသာဖြစ်လေသည်။

လူ့အဖွဲ့အစည်းအတွင်း 'ထင်းခွေမကြုံ ရေခပ်ကြုံမည်'၊ 'ပျံလေတဲ့ ငှက်ခါး နားကာမှသိမည်' ဆိုကြသကဲ့သို့ သူအားသာလျှင် သူကဆော်လိုက်၊ ကိုယ်အားသာလျှင်ကိုယ်ကဆော်လိုက်လုပ်နေကြလျှင် သံသရာဆုံးနိုင်တော့မည်မဟုတ်ပေ။ အာဃာတထားခြင်း၊ လက်စားချေခြင်း၊ သံသယမြူများဖြင့် ပိတ်ဖုံးကာ ရန်သူအပေါ် ခွင့်မလွှတ်နိုင်၊ မေတ္တာမထားနိုင်ကြလျှင် မီးခိုးမဆုံး မိုးမဆုံးဖြင့်သာ မဆုံးနိုင်သော အမုန်းသံသရာကြီး လည်နေတော့မည်ဖြစ်သည်။

ထို့ကြောင့် 'ရန်လိုက ရန်ပိုသည်၊ ရန်မလိုမှ ရန်ပြိုသည်' ဟူသောစကားအတိုင်း ရန်ကိုရန်ဖြင့်တုံ့နှင်းကြလျှင် ရန်မီးပွားကြမည်သာဖြစ်သည်။ "မုန်းစကိုတိုစေ၊ ချစ်စကိုရှည်စေ" ဆိုသည့်စကားအတိုင်း တိုတောင်းလှသည့် တစ်ဘဝတာအတွင်း ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး၊ သိုက်သိုက်ဝန်းဝန်းဖြင့် နေထိုင်သွားသင့်လှပေသည်။ ရန်ကို မေတ္တာရေအေးဖြင့်သာငြိမ်းသတ်နိုင်သည်။ ဝေဒနာကို စေတနာဖြင့်သာ သက်သာစေနိုင်သည်။ ဒေါသကို နှိမ့်ချသံဖြင့်လည်းကောင်း၊ တင်းမာမှုကိုပြေငြိမ်းဖြေလျှော့မှုဖြင့်လည်းကောင်း၊ ရန်သူကိုမိတ်ဆွေဖွဲ့ခြင်းဖြင့်လည်းကောင်း တုံ့ပြန်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရေဘေးသင့်ပြည်သူများ နေအိမ်များသို့ပြန်လည်ပြောင်းရွှေ့

နေပြည်တော် နိုဝင်ဘာ ၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စုအတွင်းရှိ ကြို့တန်း၊ အင်းသာ၊ သာယာစုကျေးရွာများနှင့် ဇီးဖြူပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာတို့သည် ပေါင်းလောင်းမြစ်ရေတက်မှုကြောင့် ရေနစ်မြုပ်ခဲ့ရာ ယခုအခါမြစ်ရေပြန်လည်ကျဆင်းသွားပြီဖြစ်၍ အောက်တိုဘာ ၃၁ ရက်မှစပြီး မိမိတို့နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်ကြပြီဖြစ်သည်။

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် အဆိုပါကျေးရွာများသို့သွားရောက်၍ ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ ကျေးရွာလမ်းများပြန်လည်ပြုပြင်နိုင်ရေး၊ ဇီးဖြူပင်ကျေးရွာရှိ ပျက်စီးသွားသောတံတားပြန်လည်ပြုပြင်နိုင်ရေးနှင့် ရေနစ်မြုပ်ပျက်စီးသွားသည့် လယ်ယာမြေများတွင် အစားထိုးသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်ပေးရမည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

သတင်းဓာတ်ပုံမြင်ကွင်း

ကျောင်းသားကျောင်းသူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်၍ စိတ်ရွှင်လန်းစွာပညာသင်ကြားနိုင်စေရန်ရည်ရွယ်လျက် နိုဝင်ဘာ ၁ ရက်က ဒလမြို့ အမက(၁၇)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် ဆရာမများက ကျောင်းသားကျောင်းသူများအား နံနက်ကျောင်းတက်ချိန်တွင် စုပေါင်းကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း ဆောင်ရွက်ပေးစဉ်။ *မင်းရဲမာန်(နေပြည်တော်)*

ဒလ-ပန်းဆိုးတန်းကူးတို့ရေယာဉ်ဖြင့် လိုက်ပါစီးနင်းသူများ အသက်အန္တရာယ်ကင်းဝေးစေရန် ကူးတို့သင်္ဘောမှ တာဝန်ရှိသူများက စနစ်တကျ သင်္ဘောစီးရန်နှင့် သင်္ဘောဆိုက်ကပ်ပြီးမှ တာပေါ်တက်ရန် ပြောဆိုနေသည့်ကြားမှခရီးသည်တစ်ဦး ဆိပ်ခံဗောတံတားပေါ်သို့ ရောက်ရန် အလျဉ်စလိုပြင်ဆင်နေသည်ကို တွေ့ရစဉ်။ *မင်းရဲမာန်(နေပြည်တော်)*

လှိုင်ကော်မြို့နယ်တွင် လက်နက်ခဲယမ်းများနှင့် ဘိန်းစိမ်းများသိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂

ရှမ်းပြည်နယ် အမှတ်(၂၅) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (တောင်ကြီး)မှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၃၁ ရက်က သတင်းအရ သက်သေများနှင့်အတူ လှိုင်ကော်မြို့နယ် ကုန်းသာကျေးရွာအုပ်စု ကုန်းသာရွာနေ နေလင်းအောင် (ခ) မောင်ဝီ (၃၈)နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ နေလင်းအောင်ကို မတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ မမောနိကာ (ခ) မူကလဲ (၃၈)နှစ်ကို နေအိမ်အိပ်ခန်းအတွင်း ပွိုင့် ၂၂ အမျိုးအစား ပြောင်းရှည်သေနတ် တစ်လက်၊ခေါက်၍ရသည့် ပြောင်းရှည်လုပ်သေနတ် တစ်လက်၊ တူမီးပြောင်းရှည်သေနတ် တစ်လက်၊ လေသေနတ်တစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ ကျည်ဘောက်များ၊ ကျည်ဆန်များနှင့် ဘိန်းစိမ်းတစ်ကီလို သိမ်းဆည်းရမိခဲ့သဖြင့် နေလင်းအောင် (ခ) မောင်ဝီနှင့် မမောနိကာ (ခ) မူကလဲတို့ နှစ်ဦးကို လှိုင်ကော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ထွက်ပြေးတိမ်းရှောင်နေသော နေလင်းအောင် (ခ) မောင်ဝီကို ဖမ်းဆီးရမိရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ရဲပြန်ကြား)

ဝက်ရူးပြန်ရောဂါရှိသူ လည်ပင်းကြိုးကွင်းစွပ်လျက်သေဆုံး

သနပ်ပင် နိုဝင်ဘာ ၂

သနပ်ပင်မြို့နယ် မင်းရွာဈေးရှေ့ပိုင်းနေ ကိုဌေးအောင် (၃၄)နှစ်သည် နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် နေအိမ်အတွင်းထိုင်လျက်အနေအထားဖြင့် လည်ပင်းကြိုးကွင်းစွပ်လျက် သေဆုံးနေသည်ကို ၎င်း၏ဇနီးကတွေ့ရှိ၍ ဆယ်အိမ်မှူးထံ အကြောင်းကြားပြီး ဆယ်အိမ်မှူးမှတစ်ဆင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရဲတပ်ဖွဲ့စခန်းသို့ အကြောင်းကြားခဲ့ရာ တာဝန်ရှိသူများ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ကြသည်။

သေဆုံးသူ ကိုဌေးအောင်သည် ဝက်ရူးပြန်ရောဂါရှိသူတစ်ဦးဖြစ်ပြီး လက်သန်းခန့်ကြိုးတစ်ချောင်းဖြင့် ၎င်း၏လည်ပင်း၌ကြိုးကွင်းစွပ်လျက် လည်ပင်းတွင် ညိုမည်းဒဏ်ရာဖြင့် သေဆုံးနေကြောင်းတွေ့ရ၍ အလောင်းအား သနပ်ပင်ဆေးရုံသို့တင်ပို့ခဲ့ပြီး မင်းရွာရဲတပ်ဖွဲ့စခန်းမှ ရဲအုပ်ကျော်ဇာလင်းက တရားလိုပြု၍ သေမှုသေခင်း အမှတ် (ပ)၄/၂၀၁၃ ဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ရဲထွန်း(မင်းရွာ)

သင့်စီးပွားရေး တိုးတက်အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



ကလေးမြို့မှ ဆည်ကြီး – ဒိုးဝိုင်းချောင်းလမ်းပိုင်းပြုပြင်ပြီးစီး

ကလေး နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စက်တင်ဘာနောက်ဆုံးပတ်က ရွာသွန်းခဲ့သောမိုးကြောင့် ကလေးနှင့်ရာဇဂြိုဟ်ကို ဆက်သွယ်ပေးထားသည့် အနောက်မြောက်လမ်းမကြီးလမ်းပိုင်းများ ပျက်စီးသွားခဲ့ရာ ဆည်ကြီး-ဒိုးဝိုင်းချောင်းလမ်းကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် သဲကျောက်လုပ်ငန်းရှင်ဥက္ကဋ္ဌ ဦးဌေးဝင်း၏ ဦးစီးလှူဒါန်းမှုဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ယာဉ်ကြီးယာဉ်ငယ်အားလုံးလွယ်ကူချောမွေ့စွာဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်း သိရသည်။**(ယာပုံ)**

"ဒီလမ်းပိုင်းက မိုင်အားဖြင့် နှစ်မိုင်နီးပါးရှိပါတယ်။ အောက်တိုဘာ ၁၈ ရက်က စပြီးတော့ အရေးပေါ် ပြုပြင်သည့်လုပ်ငန်းတွေလုပ်တဲ့အခါ သဲ၊ ကျောက်ကျင်းပေါင်း ၃၀၀ ကုန်ပါတယ်။ ဒါကချိုင့်၊ ခွက်တွေကို အရင်ဆုံးပြုပြင်တာပါ။ နောက်ပြီး အောက်တိုဘာ ၂၂ ရက်မှာ ပြန်ပြီး သဲကျောက်ကျင်း ၁၀၀ ဖြင့် အချောခင်းပြီး နောက်ဆုံးအပြီးသတ်ကို အောက်တိုဘာ ၃၁ ရက်မှာ ဆောင်ရွက်တဲ့အခါ သဲကျောက်ကျင်း စုစုပေါင်း ၅၀၀ ကုန်ပါတယ်၊ ကာလတန်ဖိုး သိန်း ၅၀ ခန့်ရှိပါတယ်"ဟု အလှူရှင်ဦးဌေးဝင်းက ရှင်းပြသည်။

"ဒီအနောက်မြောက်လမ်းက ရေတိုက်စားပြီး ပါသွားတုန်းကဆိုရင် ထော်လာဂျီတွေ၊ သုံးဘီးတွေတောင် မနည်းသွားလာနေရတဲ့ လမ်းဖြစ်ပါတယ်။ ယခုသဲကျောက်တွေခင်း၊ လမ်းတွေပြင်ဆိုတော့ မှန်လုံယာဉ်အသေးတွေပါ သွားလို့ရနေပါပြီ"ဟု တာဟန်းရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောသည်။

ပျက်စီးသွားသော လမ်းများအမြန်ဆုံးကောင်းမွန်၍ ပြည်သူတို့ သွားရေးလာရေးလွယ်ကူချောမွေ့ အဆင်ပြေစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးကြီးကြပ်မှုကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီတို့ နှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(လင်းလက်ကြယ်စင်)

ကာတွန်းပြပွဲ စိတ်ပါဝင်စားသူများ အခမဲ့လာရောက်ကြည့်ရှုနိုင်

ရန်ကုန် နိုဝင်ဘာ ၂

ကာတွန်း ဝါသနာရှင်များနှင့် ကာတွန်းအနုပညာကို စိတ်ဝင်စားသူများအတွက် ကာတွန်းဆရာများ၏ လက်ရာပေါင်းစုံ ခင်းကျင်းပြသထားသည့် ကာတွန်းပြပွဲတစ်ခုကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ Culture Bridge Gallery တွင် အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြပွဲတွင် နာမည်ကျော် ကာတွန်းဆရာများဖြစ်ကြသည့် ဦးရွှေတလေး၊ ဦးဘဂျမ်း၊ ဦးသောက၊ ဦးစိန်၊ ဦးဟိန်စွန်း၊ ဦးဖေသိန်း စသည့် ကာတွန်းဆရာကြီးများ၏ လက်ရာကောင်းများအပြင် ကာတွန်းဆရာပေါင်း ၅၀ ကျော်၏ ကာတွန်းလက်ရာပေါင်း ၇၀ ကျော်ကို ပြသထားမည်ဖြစ်ပြီး မည်သူမဆိုအခမဲ့ကြည့်ရှုနိုင်ကြောင်းသိရသည်။

ကာတွန်းစာပေသည် ကလေးဖတ်စာပေဟုဆိုသော်လည်း ခေတ်စနစ်အခြေအနေကိုလိုက်၍ ရေးဆွဲထားသော တစ်ကွက်ကာတွန်းများကမူ ကာတွန်းဆရာ၏တင်ပြပုံ ရသမြောက်မှု၊ စာဖတ်သူများ၏ရင်ကို ထိထိမိမိရှိမှု၊ ခံစားချက်၊ ခံယူချက်တို့နှင့်ထပ်တူကျကာ စိတ်အဆာပြေဖတ်ရှုရင်း ဘဝအမောကိုပြေပျောက်နိုင်စွမ်းရှိကြသည့်အတွက် လူကြိုက်များသော အနုပညာစာပေ ဖြစ်လာခဲ့သည်။ ယနေ့အချိန်တွင် ကာတွန်းပြပွဲများကို နေရာအနှံ့ပြန်လည် ကျင်းပလာခဲ့ကြသည်ကို တွေ့ရသည်။

(သီသီမင်း)

တောင်ဒဂုံစက်မှုဇုန်(၂) လမ်းမီးများလင်းပြီ

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်မြို့ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်ရှိ စက်မှုဇုန်(၂)သည် (၆၃) ရပ်ကွက်နှင့်(၆၄)ရပ်ကွက် ပူးပေါင်း၍ ၁၉၉၆ ခုနှစ်ကပင် နိုင်ငံတော်က အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများအတွက် တည်ထောင်ခဲ့သောစက်မှုဇုန်ဖြစ်သည်။ စက်မှုဇုန်လုပ်ငန်းပေါင်း ၁၂၀၀ ဖြင့် နိုင်ငံတော်အတွက် အကျိုးပြုနေသည်။ စတင်တည်ထောင်စကပင် စက်ရုံမီးများ၊ လမ်းမီးများပြည့်စုံစွာတည်ဆောက်ခဲ့သော်လည်း ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ကြောင့် လမ်းမီးထရန်စဖော်မာအချို့၊ မီးစလောင်းများနှင့် မီးကြိုးများပျက်စီးခဲ့ရသည်။

ယခုအခါ စက်မှုဇုန်ကော်မတီအသစ်၏ လျှပ်စစ်မီးဆပ်ကော်မတီနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဇုန်ရန်ပုံငွေအသုံးပြု၍ လမ်းမီးများပြန်လင်းရန် ကြိုးပမ်းခဲ့သည်။ အောက်တိုဘာ ၁၉ ရက် (သီတင်းကျွတ်လပြည့်နေ့)မှ စ၍ စက်မှုဇုန်(၂)(၆၄) ရပ်ကွက်ရှိလမ်းမီးတိုင် ၁၃၀တွင် မီးရောင်များလင်းထိန်ပြီဖြစ်၍ ဇုန်တွင်းမှ စက်မှုလုပ်ငန်းရှင်များနှင့် လုပ်သားများ ဝမ်းမြောက်ကြည်နူးလျက်ရှိကြကြောင်း သိရသည်။ ကျန်ရှိနေသေးသော စက်မှုဇုန်(၂) (၆၃) ရပ်ကွက်ကိုလည်း ဆက်လက်ဆောင်ရွက်နိုင်ရန် လျှပ်စစ်မီးဆပ်ကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် စားအုန်းဆီနှင့်ငရုတ်သီးများ ဈေးမြင့်

ရန်ကုန် နိုဝင်ဘာ ၂

ဘုရင့်နောင် ကုန်စည်ဈေးကွက်တွင် စားအုန်းဆီ၊ ငရုတ်ရှည်များ ဈေးမြင့်တက်လာပြီး ကြက်သွန်နီ၊ မတ်ပဲဈေးနှုန်းများ ကျဆင်းလာကြောင်း အောက်တိုဘာ ၃၁ ရက် ဈေးကွက်မှသိရသည်။

အောက်တိုဘာ လလယ်တွင် မလေးရှားစားအုန်းဆီ FOB တစ်တန်လျှင် ၈၂၀ ဒေါ်လာ၊ ငွေလဲနှုန်း ၉၇၅ ကျပ် ဆိပ်ကမ်းရောက် တစ်ပိဿာ (အရင်းဈေး) ကျပ် ၁၅၀၀၊ ရန်ကုန်ဈေးကွက် လက်ငင်းတစ်ပိဿာရောင်းဈေး ၁၇၇၈ ကျပ်နှုန်းသာရှိရာမှ အောက်တိုဘာ ၃၁ ရက်တွင် FOB တစ်တန် ၈၇၅ ဒေါ်လာ၊ ငွေလဲနှုန်း ၉၇၂ ကျပ်ဖြင့် တစ်ပိဿာ(အရင်းဈေး) ၁၅၉၃ ကျပ်၊ ရန်ကုန်ဈေးကွက် တစ်ပိဿာရောင်းဈေး ၁၅၇၅ ကျပ်နှုန်းသို့ ဈေးမြင့်တက်လာကြောင်း ဆီဈေးကွက်မှသိရသည်။

အောက်တိုဘာ ၂၄ ရက်တွင် ကျောက်ဆည် ငရုတ်တစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှုန်းသာ ရှိခဲ့ရာမှ အောက်တိုဘာ ၂၉ ရက်တွင် ကျပ် ၂၂၀၀ နှုန်းသို့ မြင့်တက်လာကြောင်း၊ ပျော်ဘွယ်မိုးထောင်ငရုတ် တစ်ပိဿာ ကျပ် ၂၄၀၀ နှုန်းဖြစ်လာကြောင်းသိရသည်။

ကြက်သွန်နီဈေးနှုန်းများအောက်တိုဘာ ၂၉ ရက်တွင် ဆိပ်ဖြူအမျိုးအစား တစ်ပိဿာ ၈၂၅-၁၀၂၅-၁၁၂၅-၁၂၂၅ ကျပ်နှုန်းထိမြင့်တက်လာပြီးနောက် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် ၁၈၀၀၀၀ စီနေ့စဉ်နှစ်ရက် ဆက်တိုက်ဝင်ရောက်လာကြောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် ဆိပ်ဖြူကြက်သွန်နီတစ်ပိဿာ ၇၇၅-၉၇၅-၁၀၇၅-၁၁၇၅ ကျပ်နှုန်းသို့ ပြန်လည်ကျဆင်းလာကြောင်း သိရသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ကျပ် ၈၀၀-၁၀၀၀-၁၁၀၀-၁၂၀၀ နှုန်း၊ ၂၀၁၂ ခုနှစ်အောက်တိုဘာ ၃၁ ရက်တွင် ၆၁၅-၇၄၀-၈၂၅-၉၂၅ ကျပ်နှုန်းရှိခဲ့ရာ သုံးနှစ်အတွင်း အောက်တိုဘာလကုန် ကြက်သွန်နီဈေးနှုန်းသည် ၂၀၁၁ ခုနှစ်တွင် အမြင့်ဆုံး ဖြစ်ခဲ့ကြောင်း ကြက်သွန်နီဈေးနှုန်းဟောင်းများ နှိုင်းယှဉ်ချက်အရ သိရသည်။

(မောင်စေအောင်)

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
ကုန်ကြမ်းပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Wipeon Aluminium Plate (650 x 550 x 0.24) mm	- ၅၀၀၀ ချပ်
(ခ)	Ortho Film (sheet) 50 sheet/Box	- ၃၀၀ ဘူး
(ဂ)	Coating A+B	- ၅၀၀ set
(ဃ)	Developing Lacquer	- ၃၆၀ လီတာ
(င)	A3 Toner 5000 N	- ၉၀ ဘူး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၁-၂၀၁၃ ရက်မှ ၁၅-၁၁-၂၀၁၃ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၁-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၃၂၇

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
E-Government နှင့်ပတ်သက်သည့်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Dell Web Server	- ၅ လုံး
(ခ)	Colour Scanner	- ၅ လုံး
(ဂ)	Dell Optiplex 9010 MT	- ၁၄ လုံး
(ဃ)	Network Accessories	- ၁ စုံ

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၁-၂၀၁၃ ရက်မှ ၁၅-၁၁-၂၀၁၃ ရက်နေ့အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၁-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၃၂၇

ရှစ်မိုင်အေဝမ်းခြံ

တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)

ရုပ်ရှင်ကားတစ်ကားကောင်းလျှင် မင်းသား၊ မင်းသမီးကိုသာ အမွှမ်းတင်တတ်ကြသည်။ ရုပ်ရှင်ကားတစ်ကား ဖြစ်မြောက်အောင်မြင်အောင် ဝိုင်းဝန်းကြရသည့် အခြားသူများကို သတိမရကြ။ တကယ်တော့ မြန်မာ့ရုပ်ရှင်အနုပညာသည် တစ်ဦးကောင်းတစ်ယောက်ကောင်းဖြင့် လုပ်ယူ၍ရသောအရာမဟုတ်။ ဘက်စုံညီညွတ်မှသာ အောင်မြင်မှုရကြသည်။ ထုတ်လုပ်သူသည် ဇာတ်ကားတစ်ကား၏ ကျောရိုးမဏ္ဍိုင် တစ်နည်းအားဖြင့် ဥယျာဉ်မှူး၊ ထုတ်လုပ်သူတို့သည် ရုပ်ရှင်ကားကောင်းတစ်ကား ပေါ်ထွက်ရန် လိုအပ်သော ငွေကြေးအရင်းအနှီး စိုက်ထုတ်ကြရသည့်အပြင် အနုပညာလက်ရာမြောက်စေရန် လိုအပ်သောပံ့ပိုးမှုများကို အားသွန်ခွန်စိုက် ပံ့ပိုးကြရသည်။ အကျိုးအမြတ်ကိုချည်း ကြည့်နေ၍မရ။ မြန်မာ့ရုပ်ရှင်သမိုင်းတွင် ရုပ်ရှင်အနုပညာရှင်ပေါင်းများစွာ ပေါ်ထွက်ခဲ့သလို ထုတ်လုပ်သူပေါင်းများစွာလည်း ပေါ်ထွက်ခဲ့သည်။ ထိုအထဲမှ အစဉ်အလာကြီးမားခဲ့သော ထုတ်လုပ်သူတစ်ဦးအကြောင်း ပြောပြချင်သည်။ "မြန်မာအဆွေ အေဝမ်းဖလင်"ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၈)မိုင်တွင် နှစ်ပေါင်းများစွာ တည်ရှိခဲ့ပြီး ရုပ်ရှင်စိန်ရတုသက်တမ်းတမျှ အထင်အရှားရပ်တည်ခဲ့သည်။ ယခုအခါ ကုမ္ပဏီများအဖြစ် ပြောင်းလဲနေရာယူလာကြသည့်အတွက် အေဝမ်းရုပ်ရှင်ခြံဟူ၍ သီးသန့်မရှိတော့ပါ။ သို့သော် မြန်မာ့ရုပ်ရှင်သမိုင်းအကြောင်း ပြောကြဟော့ဆိုလျှင် အေဝမ်းရုပ်ရှင်ခြံအကြောင်း မပါလျှင်မပြီး။

မြန်မာနိုင်ငံတွင် ပေါ်ပေါက်ခဲ့ပြီးသော ရုပ်ရှင်ခြံများအနက် "အေဝမ်းခြံ"သည် အကြီးဆုံး ၂၀ ဧကကျယ်ဝန်းသည်။ ခြံအတွင်း ရုပ်ရှင်ကား ရိုက်ကူးထုတ်လုပ်ရန်အတွက် လိုအပ်သော စက်မှုဘက်ဆိုင်ရာပစ္စည်းကိရိယာများ၊ လူအင်အား၊ ပညာရှင်အင်အားနှင့် စတူဒီယိုရုံကြီးများ ဖွဲ့စည်းတည်ဆောက်ထားရှိပြီး အေဝမ်းရုပ်ရှင်အတွက်သာမက အခြားသောရုပ်ရှင်ကုမ္ပဏီများ၏ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

အေဝမ်းသည် မြန်မာ့ရုပ်ရှင်အတွက် အထူးအကျိုးပြုခဲ့သလို ထင်ရှားကျော်ကြားသည့် ရုပ်ရှင်ဇာတ်ကားများနှင့် နိုင်ငံကျော် ရုပ်ရှင်အနုပညာရှင်ပေါင်းများစွာ မွေးထုတ်ပေးခဲ့သည်မှာ အထင်အရှား။

မရမ်းကုန်းမြို့နယ် (၈)မိုင်ကို ဖြတ်သန်းသွားလာဖူးသူတိုင်း အေဝမ်းခြံကို သတိထားမိမည်ဖြစ်သော်လည်း အေဝမ်းခြံမည်သို့ပေါ်ပေါက်ခဲ့သည်ကို သိသူရှားလှပေသည်။ အေဝမ်းခြံအကြောင်းလေ့လာစဉ် မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်စဉ်က မျိုးချစ်စိတ်အပြည့်ဖြင့် နိုင်ငံခြားကုမ္ပဏီများကို စီးပွားရေးဈေးကွက်တွင် ပခုံးချင်းယှဉ်ပြိုင် အနိုင်ရခဲ့သော သူဌေးကြီး ဦးနာအောက်ကို အမှတ်ရမိသည်။ အကြောင်းရင်းမှာ ဦးနာအောက်ကဲ့သို့ လေးစားစရာ၊ အတုယူစရာကောင်းသူတစ်ယောက်အကြောင်း ထပ်မံသိရှိခွင့်ရခဲ့သောကြောင့် ဖြစ်သည်။

ထိုသူမှာ "မြန်မာအဆွေကုမ္ပဏီ၊ အေဝမ်းဖလင်၏ ဖခင်ကြီး ဦးဘညွန့်"ပင်ဖြစ်သည်။ သူသည် ငယ်စဉ်ကတည်းက အနုပညာဝါသနာထုံသည်။ ပြည်မြို့ဇာတိ၊ ကျောင်းကပွဲ၊ အရပ်ကပွဲများတွင် သူသည် ရှေ့ဆုံးက၊ အရွယ်ရောက်လာသောအခါ ရုံးစာရေးဘဝ ကြီးပွားဖို့လမ်းစမမြင်၍ အလုပ်ထွက်ပြီး အပ်ချုပ်ဆိုင်ထောင်သည်။ အပ်ထည်များ လက်ခံခြင်း၊ အဝတ်အထည်များ ချုပ်လုပ်ရောင်းချခြင်းဖြင့် စီးပွားလမ်းဖြောင့်ခဲ့ပြီး ရှစ်နှစ်အကြာမှာ ပြည်မြို့၌ မြန်မာအဆွေကုမ္ပဏီကို ထူထောင်နိုင်ခဲ့သည်။ ဒေါ်ငြိမ်းရှင်နှင့် ဖူးစာဆုံခဲ့ပြီး ၁၉၀၄ ခုနှစ်တွင် အင်ဒီဆင်ဓာတ်လုံး မြန်မာပြည်ကိုယ်စားလှယ်အဖြစ် ပြည်ပမှ ပစ္စည်းသွင်းခွင့်ရရှိခဲ့သည်။

၁၉၀၈ ခုနှစ်တွင် ဓာတ်ပြားခေတ်ပေါ်ပေါက်လာခဲ့သည်။ အနုပညာသမားပီပီ ဓာတ်လုံး၊ ဓာတ်ပြားခေတ်တို့တွင် ဇာတ်သဘင်၊ ရုပ်သေးပညာရှင်တို့နှင့် တွဲဖက်၍ နယ်လှည့်ကပြခြင်း၊ ဇာတ်ထုတ်၊ ဇာတ်လမ်းသွင်း၍ နိုင်ငံတစ်ဝန်း ထုတ်လုပ်ဖြန့်ချိခြင်းတို့ဖြင့် အကျိုးပေးအောင်မြင်ခဲ့ပြန်ရာ ၁၉၁၁ ခုနှစ်တွင် ပြည်မြို့မှ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့ပြီး မြန်မာအဆွေကုမ္ပဏီကို ဆက်လက်ထူထောင်ခဲ့သည်။ ကုန်တိုက်ကြီးဖွင့်လှစ်၍ ဂျာမနီ၊ အင်္ဂလန်ထုတ် ရေမွှေးများ ဖြန့်ဖြူးရောင်းချခြင်း၊ အပ်ချုပ်ကျွမ်းသူပီပီ ရွှေလင်းယုန်တီရှပ်၊ တိုက်ပုံများ ထုတ်လုပ်ရောင်းချခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့ကြီးပြကြီးများတွင် ဆိုင်ခွဲများ ဖွင့်လှစ်ခြင်း၊ မြန်မာ့အလင်းမဂ္ဂဇင်းထုတ်ဝေခြင်း၊ ဒဂုံမဂ္ဂဇင်းထုတ်ဝေခြင်း၊ မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်ဖြန့်ချိခြင်းတို့ဖြင့် လုပ်ဆောင်မှုတိုင်း အောင်မြင်မှုရရှိခဲ့သည်။ ထိုစဉ်ကာလက မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝ၊ နိုင်ငံခြားကုမ္ပဏီများမှာ လာရောက်ကြီးစိုးခြယ်လှယ် ခေါင်းပုံဖြတ်နေသည့်အချိန်၊ မြန်မာလူမျိုးထဲမှ ထွန်းထွန်းပေါက်ပေါက် ဦးဘညွန့်ကဲ့သို့ နိုင်ငံခြားကုမ္ပဏီများကို ပခုံးချင်းယှဉ်နိုင်ခဲ့သူရှားလှသည်။

အေဝမ်းဖလင်မှ ဂျပန်ပြည်တွင် သွားရောက်ရိုက်ကူးခဲ့သော ဂျပန့်ရင်သွေးဇာတ်ကား

ဦးဘညွန့်သည် စာပေ၊ ဂီတ၊ ဇာတ်သဘင်၊ ရုပ်ရှင်အနုပညာရပ်များကို လေ့လာလိုက်စားသည်။ ကုမ္ပဏီ၏ ရောင်းဝယ်ရေးလုပ်ငန်းများကိုလည်း လူအများ စိတ်ဝင်စားစေရန်၊ စာပေပညာရှင်၊ ဂီတပညာရှင်များအား ဆရာတင်၍ ဇာတ်၊ နိပါတ်၊ ပျို့၊ ကဗျာ၊ လင်္ကာများဖြင့် တန်ဆာဆင်ကာ ကုန်တိုက်ကြီးများ၏ ရောင်းအားကို မြှင့်တင်ခဲ့သည်။ ရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်ခဲ့ရာ အေဝမ်းရုပ်ရှင်မှ ထုတ်လုပ်သမျှ ဒဂုန်မဂ္ဂဇင်းကြီးမှ တစ်ပြည်လုံးသိအောင် စာပေလက်နက်ဖြင့် ဝါဒဖြန့်ပေးခဲ့သည့်အတွက် အေဝမ်းဇာတ်ကားများသည် ရုပ်ရှင်ကြည့်ပရိသတ်များကြား ပို၍ ရေပန်းစားခဲ့ပြန်သည်။

စေတနာသည် ကံမည်ပါ၏။ ဦးဘညွန့်သည် မိမိလုပ်ကိုင်သမျှ လုပ်ငန်းများအပေါ် အာရုံထားခြင်း၊ စီမံအုပ်ချုပ်မှုကောင်းခြင်း၊ ပြည်သူတို့အပေါ် စိတ်စေတနာထားခြင်း၊ အနုပညာရပ်များအပေါ် လေးစားတန်ဖိုးထားခြင်းတို့ကြောင့် သူသည် ဘဝခရီးကို အောင်မြင်မှုအတိဖြင့် လျှောက်လှမ်းနိုင်ခဲ့သူဖြစ်သည်။ ဦးဘညွန့် ဦးဆောင်လမ်းပြ ပြုစုပျိုးထောင်ပေးခဲ့သည့် မြန်မာအဆွေကုမ္ပဏီနှင့် အေဝမ်းဖလင်အကြောင်း အသေးစိတ်ရေးပြရသော ကျမ်းတစ်အုပ်ထက်ပင် ထူမည်ထင်ပါသည်။

ဦးဘညွန့်သည် အစဉ်အလာနှင့် အရှိန်အဝါကြီးမားသကဲ့သို့ သူ၏မျိုးဆက်များသည်လည်း ရုပ်ရှင်လုပ်ငန်းများကို လက်ဆင့်ကမ်းထမ်းဆောင်ရင်း တာဝန်ကျေခဲ့ကြသည်။ "မြန်မာအဆွေ အေဝမ်းဖလင်"ကို နှစ်ပေါင်းများစွာ ထိန်းသိမ်းထားနိုင်ခဲ့သည်။ ဂန္ထဝင် ရုပ်ရှင်ဇာတ်ကားများ၊ အကယ်ဒမီ ထူးချွန်ဆုရသူများ စဉ်ဆက်မပြတ် အေဝမ်းမှ မွေးထုတ်ပေးနိုင်ခဲ့သလို မျိုးဆက်သစ် မြေး၊ မြစ်တို့ဖြစ်ကြသော သမန်းကျားအဖွဲ့ကလည်း လက်ဆင့်ကမ်းတာဝန်ကျေခဲ့သည်။ သို့ဖြစ်၍ ရှစ်မိုင်အေဝမ်းခြံ၏ ဂုဏ်သတင်းသည် ထုံသင်းနေမည်မှာမလွဲ။ ဤဆောင်းပါးဖြင့် မြန်မာ့ရုပ်ရှင်ကို ကိုယ်စားပြုခဲ့ကြသည့် "မြန်မာအဆွေ အေဝမ်းဖလင်"၏ ဖခင်ကြီး ဦးဘညွန့်နှင့် အေဝမ်းအဖွဲ့သားများအား ဂုဏ်ပြုပါသည်။

ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် လိုအပ်သော အချက်အလက်များ ပံ့ပိုးပေးပါသော ဒါရိုက်တာ အေဝမ်းသိန်းထွဋ်အား အထူးကျေးဇူးတင်ရှိပါကြောင်း။

အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက်-၂ ရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ်(နိုင်ငံခြား) (Myanmar News Agency)တို့တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး(၁၀)နေရာနှင့် စာပေလက်ထောက်-၂ (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး(၆)နေရာတို့အတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(၁) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) အသက်(၂၀)မှ (၃၀)နှစ်အတွင်း အမျိုးသား၊ အမျိုးသမီးများ လျှောက်ထားနိုင်သည်။
(၃) အငယ်တန်းသတင်းထောက် (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက် B.A(Journalism)များ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ မဟာဘွဲ့ရရှိသူများ၊ စာပေလက်ထောက်-၂ (လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူးအတွက် နိုင်ငံခြားဘာသာတက္ကသိုလ်မှ English ဘွဲ့ရများ။
(၄) ဝန်ထမ်းဖြစ်ပါက ၃၁-၁၀-၂၀၁၃ ရက်တွင် အသက်(၃၅)နှစ်အတွင်း၊ သက်ဆိုင်ရာဌာနအကြီးအကဲ၏ခွင့်ပြုချက်နှင့် လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာများကို ၃၀-၁၁-၂၀၁၃ ရက် နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူး(စီမံ)၊ မန်နေဂျာ(စီမံ)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

နေပြည်တော်၌ ရေးဖြေနှင့်လူတွေ့မေးမြန်းခြင်း ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်သည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ဘီးလင်းတိုက်သစ်ကျောင်း (၆၄)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်တောလမ်း၊ ဘီးလင်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ရန်ကုန်တိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့ (ဝေဠုဝန်)ဥက္ကဋ္ဌ ဆရာတော်"ဘဒ္ဒန္တပညောဘာသ" အား အမှူးထား၍ သံဃာတော်(၉၅)ပါးတို့အား ဒါယကာ၊ ဒါယိကာမအပေါင်းတို့က နိဗ္ဗာန်ကို ရည်မျှော်၍ "ကထိန်သင်္ကန်းနှင့် ဆွမ်း"စသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်) ၁၀-၁၁-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီထိ ကျင်းပမည်ဖြစ်ပါ၍ ဒါယကာ၊ ဒါယိကာမများ၊ ဘီးလင်းမြို့နယ်သူ/နယ်သားများ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ဘုံကထိန်ဖြစ်မြောက်ရေးအဖွဲ့

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(က) ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ
(ခ) စက်နှင့်စက်ပစ္စည်းများ
(ဂ) P.A System
(ဃ) ရုံးသုံးပရိဘောဂပစ္စည်းများ
၂။ တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက်- ၅-၁၁-၂၀၁၃ ရက်မှ စတင်၍ ရုံးချိန်အတွင်း
၃။ တင်ဒါပိတ်မည့်ရက် - ၂၀-၁၁-၂၀၁၃ ရက် ညနေ ၁၅:၀၀ နာရီ
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာအတိုင်း လာရောက်ထုတ်ယူနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဓမ္မပါလကုန်းမြေ၊ မရမ်းကုန်းမြို့နယ်
ဆက်သွယ်ရန် ဖုန်း-၀၁-၆၅၂၆၂၉

မြန်မာအမျိုးသမီး(လက်ဝှေ့)ရွှေတံဆိပ်ဆုမျှော်မှန်းကာ နေပြည်တော်၌ အပြင်းအထန်လေ့ကျင့်

နေပြည်တော် နိုဝင်ဘာ ၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ရက်နီးကပ်လာ၍ မြန်မာအမျိုးသမီး (လက်ဝှေ့)မယ် လက်ရွေးစင်အဖွဲ့သည် နေပြည်တော်(GOLD CAMP)လေ့ကျင့်ရေးကွင်း (၂)၌ အပြင်းအထန်လေ့ကျင့်လျက်ရှိကြောင်းသိရသည်။

မြန်မာအမျိုးသမီး (လက်ဝှေ့)အဖွဲ့ကို လက်ဝှေ့အဖွဲ့ချုပ်မှ အသင်းတာဝန်ခံ ဦးနေဇော်က တာဝန်ယူလေ့ကျင့်နေပြီး မြန်မာနည်းပြ ဦးစိုးစိုး၊ ဦးအောင်မြင့်၊ အဖွဲ့ခေါင်းဆောင် ဦးတင်မောင်ဖေအပြင် နိုင်ငံခြားနည်းပြ Mr. Berikbol တို့က ပူးပေါင်း၍ အပြင်းအထန်လေ့ကျင့်လျက်ရှိသည်။**(အပေါ်ပုံ)**

မြန်မာအမျိုးသမီး (လက်ဝှေ့)အသင်းတာဝန်ခံ ဦးနေဇော်က "ကျွန်တော်တို့မြန်မာနိုင်ငံအပါအဝင် ၁၀ နိုင်ငံယှဉ်ပြိုင်ရမှာပါ၊ မြန်မာလက်ရွေးစင်လက်ဝှေ့မယ်တွေကို SEA Games အကြိုပြိုင်ပွဲကာလကတည်းက ကြပ်ကြပ်မတ်မတ်လေ့ကျင့်ပေးနေတာဖြစ်လို့ ရွှေတံဆိပ်မျှော်မှန်းထားပါတယ်"ဟု ပြောကြားခဲ့သည်။

ကျော်သူရ(နေပြည်တော်)

ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာ့စီးပွားရေးဘဏ်

အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	System Unit	(၁၃၀)လုံး
(ခ)	LCD Monitor 20" Wide Screen	(၁၃၀)လုံး
(ဂ)	E-Pension Card Reader	(၃၀)လုံး
(ဃ)	Battery & Long time UPS (Su Kam)	(၃၆)လုံး
(င)	Live Camera	(၃၀)လုံး
(စ)	Receipt Printer (Star)	(၃၀)လုံး
(ဆ)	Canon LBP 6000 Printer	(၃၀)လုံး
(ဇ)	Calculator (16 Digits)	(၃၁၈)လုံး
(ဈ)	U.P.S 1250 VA (Power Tree)	(၁၀၀)လုံး
(ည)	Fax Machine	(၂၀၀)လုံး
(ဋ)	Aircon 2HP (Split Type)	(၂၅)လုံး

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ ရက်

တင်ဒါရောင်းချမည့်နေရာ - မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)စီမံခန့်ခွဲရေးဌာန၊ ပစ္စည်းထိန်းဌာနစိတ်၊ နေပြည်တော်၊ သီရိကျော်စွာလမ်း၊ ဘဏ်များဇုန်၊ ဇမ္ဗူသီရိမြို့နယ်

တင်ဒါပိတ်ရက် - ၁၈-၁၁-၂၀၁၃ ရက် (၁၆း၃၀)နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) စီမံခန့်ခွဲရေးဌာန၊ ပစ္စည်းထိန်းဌာနစိတ်၊ နေပြည်တော်(သီရိကျော်စွာလမ်း၊ ဘဏ်များဇုန်၊ ဇမ္ဗူသီရိမြို့နယ်) တယ်လီဖုန်းအမှတ်-၀၆၇-၄၂၀၃၃၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့

ဒေးဗစ်ဘက်ခမ်း၏သား ဘရွတ်ခ်လင်းအား မန်ယူစောင့်ကြည့်မှုများပြုလုပ်

ငွေကြယ်

မန်ယူအသင်းသည် ကမ္ဘာ့ဘောလုံးအကျော်အမော်တစ်ဦးဖြစ်သည့် ဒေးဗစ်ဘက်ခမ်း၏ သားဖြစ်သူ ဘရွတ်ခ်လင်းအား မန်ယူအသင်း၏ ဘောလုံးအကယ်ဒမီသင်တန်းကျောင်းသို့ ခေါ်ယူရန် စောင့်ကြည့်မှုများပြုလုပ်လျက်ရှိပြီး လက်ရှိတွင်မူ ကမ်းလှမ်းလာခဲ့ခြင်းမရှိသေးကြောင်း သိရသည်။

ဘရွတ်ခ်လင်းသည် ချယ်လ်ဆီးနှင့် ကျူပီအာလူငယ်အသင်းများနှင့် လေ့ကျင့်မှုများပြုလုပ်ထားခဲ့သူဖြစ်ပြီး ဖခင်ဖြစ်သူနှင့်အတူ အယ်လ်အေဂလက်ဆီတွင်လည်း အချိန်အတော်ကြာကြာ လေ့ကျင့်မှုများပြုလုပ်ခဲ့သူဖြစ်သည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ၎င်းအား စောင့်ကြည့်မှုများပြုလုပ်လျက်ရှိပြီး အောက်တိုဘာ ၃၁ ရက်က မန်ယူအသင်း၏ လေ့ကျင့်ရေးကွင်းသို့ အလည်အပတ်လာရောက်ခဲ့ကြောင်းလည်း သိရသည်။

လီဝန်ဒိုစကီး၏ ဟက်ထရစ်ဂိုးအပါအဝင် စတုဂတ်ကို ဒေါ့မွန်ခြောက်ဂိုးအထိသွင်းယူ

ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၁၁)အဖြစ် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ဒေါ့မွန်အသင်းနှင့် စတုဂတ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဒေါ့မွန်အသင်းသည် တိုက်စစ်မှူးလီဝန်ဒိုစကီး၏ သွင်းဂိုးသုံးဂိုးအပါအဝင် စုစုပေါင်းသွင်းဂိုး ခြောက်ဂိုးဖြင့် စတုဂတ်အသင်းအား ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဒေါ့မွန်အသင်းသည် လီဝန်ဒိုစကီး၊ ခစ်တာယန်၊ ချူရီဆာဟင်၊ ဘန်ဒါ၊ မာကိုရုစ်၊ ဟမ်မဲလ်၊ ပါပက်စတန်တိုပူးလော့စ် စသည့် ကစားသမားကောင်းများနှင့် အတူ ၄-၂-၃-၁ ဗျူဟာကို ခင်းကျင်းကာ ပွဲထွက်လာခဲ့ပြီး ပထမပိုင်းပွဲကစားချိန် ၁၃ မိနစ်တွင် ဧည့်သည်စတုဂတ်အသင်း၏ သွင်းဂိုးကို ခွင့်ပြုပေးလိုက်သည်။ ထို့ကြောင့် အိမ်ရှင်ဒေါ့မွန်အသင်းသည် ချေပဂိုးရရှိရေးအတွက် အကောင်းမွန်ဆုံးကစားလာခဲ့ရာ ၁၉ မိနစ်တွင် ပါပက်စတန်တိုပူးလော့စ်၏ သွင်းဂိုးဖြင့် ချေပဂိုးစတင်ရရှိခဲ့ပြီး ၂၂ မိနစ်တွင် မာကိုရုစ်၏ သွင်းဂိုးထပ်မံရရှိခဲ့သဖြင့် ပထမပိုင်းပြီးဆုံးချိန်တွင် ဒေါ့မွန်အသင်းက စတုဂတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲကစားချိန် ၅၄ မိနစ်၊ ၅၆ မိနစ်နှင့် ၇၂ မိနစ်တို့တွင် တိုက်စစ်မှူး လီဝန်ဒိုစကီးက သုံးဂိုးဆက်တိုက် သွင်းယူပေးခဲ့သည့်အပြင် ပွဲကစားချိန် ၈၁ မိနစ်တွင် အောက်ဘာမီယန်၏ သွင်းဂိုးတစ်ဂိုး ထပ်မံရရှိခဲ့သဖြင့် ဒေါ့မွန်အသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် စတုဂတ်အသင်းအား အနိုင်ရရှိခဲ့သည်။

ဒေါ့မွန်အသင်းသည် စတုဂတ်အသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ဘွန်ဒက်လီဂါ အဓိကပြိုင်ဘက် ဘိုင်ယန်မြူးနစ်အသင်း ပွဲစဉ်(၁၁) မကစားရသေးမီတွင် ဘိုင်ယန်မြူးနစ်အထက် နှစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။ ဒေါ့မွန်အသင်းနှင့် စတုဂတ်အသင်းတို့၏ ပွဲစဉ်တွင် တိုက်စစ်မှူး လီဝန်ဒိုစကီးအနေဖြင့် ဟက်ထရစ်ဂိုး သွင်းယူပေးနိုင်ခဲ့သဖြင့် လီဝန်ဒိုစကီးသည် ၁၄ ပွဲ ကစားအပြီးတွင် ၁၂ ဂိုးအထိ သွင်းယူပေးထားနိုင်သော တိုက်စစ်မှူးဖြစ်လာခဲ့သည်။ လာမည့်နှစ်တွင် ဒေါ့မွန်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် တိုက်စစ်မှူး လီဝန်ဒိုစကီးသည် ယခုနှစ် ဂျာမန်ဘွန်ဒက်လီဂါတွင် သွင်းဂိုးကိုးဂိုးဖြင့် သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။





Junction CENTRE

RAINY SEASON PROMO !! 2013

KIA Rio Brand New Car ကံထူးရှင်များ

1.	Junction Square	- ဦးအောင်ဇင်မင်း	217672	[illegible]
2.	Junction Mawtin	- ဒေါ်မြူးသန္တာသော်	140245	[illegible]
3	Junction Nay Pyi Taw	- ဦးခင်မောင်မြင့်	133106	[illegible]
4	Junction Zawana	- ဒေါ်သီသီဆွေ	029776	[illegible]
5	Junction 8	- ဒေါ်နော်ခင်ငြိမ်း	248829	[illegible]

ဦးအောင်ဇင်မင်း ဒေါ်မြူးသန္တာသော် ဦးခင်မောင်မြင့် ဒေါ်သီသီဆွေ ဒေါ်နော်ခင်ငြိမ်း

အခြားဆုမဲကံထူးရှင်များစာရင်း

Junction Square

1.	Junction Necklace	[illegible]	059146	[illegible]
2.	Hisense(50") LCD TV	[illegible]	134871	[illegible]
3	ipad Mini (Wifi+4G(32G)	[illegible]	171575	[illegible]
4	Samsung Galaxy Mega(6.3)	[illegible]	288296	[illegible]
5	Diamond Ring by [illegible]	[illegible]	256421	[illegible]
6	Acer Aspire V5-431	[illegible]	202437	[illegible]
7.	Hisense Air Con 1HP	[illegible]	294036	[illegible]
8.	Hisense Refrigerator	[illegible]	108963	[illegible]
9.	Junction Cash Coupon	[illegible]	181696	[illegible]
10.	Hisense Washing Machine	[illegible]	174787	[illegible]

Junction Centre Mawtin

1.	Junction Necklace	[illegible]	140792	[illegible]
2.	Hisense(50") LCD TV	[illegible]	030296	[illegible]
3	ipad Mini (Wifi+4G(32G)	[illegible]	261385	[illegible]
4	Samsung Galaxy Mega(6.3)	[illegible]	155292	[illegible]
5	Acer Aspire V5-431	[illegible]	141085	[illegible]
6	Ogival Couple Watch	[illegible]	142077	[illegible]
7.	Hisense Air Con 1HP	[illegible]	168118	[illegible]
8.	Hisense Refrigerator	[illegible]	202749	[illegible]
9.	Junction Cash Coupon	[illegible]	265909	[illegible]
10.	Hisense Washing Machine	[illegible]	267435	[illegible]

Junction Centre Nay Pyi Taw

1.	Junction Necklace	[illegible]	039606	[illegible]
2.	Hisense(50") LCD TV	[illegible]	115789	[illegible]
3	ipad Mini (Wifi+4G(32G)	[illegible]	107928	[illegible]
4	Samsung Galaxy Mega(6.3)	[illegible]	085885	[illegible]
5	Acer Aspire V5-431	[illegible]	322598	[illegible]
6	Ogival Couple Watch	[illegible]	124330	[illegible]
7.	Hisense Air Con 1HP	[illegible]	031147	[illegible]
8.	Hisense Refrigerator	[illegible]	142599	[illegible]
9.	Junction Cash Coupon	[illegible]	014589	[illegible]
10.	Hisense Washing Machine	[illegible]	033866	[illegible]

Junction Centre Zawana

1.	Junction Necklace	[illegible]	281176	[illegible]
2.	Hisense(50") LCD TV	[illegible]	295236	[illegible]
3	ipad Mini (Wifi+4G(32G)	[illegible]	242576	[illegible]
4	Samsung Galaxy Mega(6.3)	[illegible]	318229	[illegible]
5	Acer Aspire V5-431	[illegible]	243375	[illegible]
6	Ogival Couple Watch	[illegible]	079160	[illegible]
7.	Hisense Air Con 1HP	[illegible]	028512	[illegible]
8.	Hisense Refrigerator	[illegible]	280624	[illegible]
9.	Junction Cash Coupon	[illegible]	317022	[illegible]
10.	Hisense Washing Machine	[illegible]	319422	[illegible]

Junction Centre 8mile

1.	Junction Necklace	[illegible]	025285	[illegible]
2.	Hisense(50") LCD TV	[illegible]	189475	[illegible]
3	ipad Mini (Wifi+4G(32G)	[illegible]	158456	[illegible]
4	Samsung Galaxy Mega(6.3)	[illegible]	068055	[illegible]
5	Acer Aspire V5-431	[illegible]	248713	[illegible]
6	Ogival Couple Watch	[illegible]	188883	[illegible]
7.	Hisense Air Con 1HP	[illegible]	196597	[illegible]
8.	Hisense Refrigerator	[illegible]	159232	[illegible]
9.	Junction Cash Coupon	[illegible]	249510	[illegible]
10.	Hisense Washing Machine	[illegible]	245894	[illegible]

Rainy Season Promo !! 2013 ကံထူးရှင်ရွေးချယ်ပွဲတွင် ဆုမဲ ထုတ်ယူရန်ကျန်ရှိသော ကံထူးရှင်များသည် ဆုမဲများကို နိုဝင်ဘာလ (၃)ရက်နေ့မှ နိုဝင်ဘာလ(၁၁)ရက်နေ့အထိ ရုံးချိန်အတွင်း Junction Centre ရုံးချုပ်၊ အလုံတာဝါ(မြေညီထပ်)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။ ကံထူးရှင်များသည် မိမိတို့၏ ကူပွန်စာရွက်နှင့် မှတ်ပုံတင်အား တစ်ပါတည်းယူဆောင်လာရပါမည်။

ပြည်တွင်းရေးရာ

ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့်အာဆီယံကင်းထောက်အဖွဲ့ အခြေခံကင်းထောက်ခေါင်းဆောင်မှု သင်တန်းဆင်း

မန္တလေး နိုဝင်ဘာ ၂

အာရှပစိဖိတ်ဒေသကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာဆီယံကင်းထောက်အဖွဲ့မှပို့ချသည့် အခြေခံကင်းထောက်ခေါင်းဆောင်မှုသင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီခွဲက မန္တလေး ချမ်းအေးသာစံမြို့နယ် အမှတ် (၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ကင်းထောက်သမိုင်းကြောင်းကိုကြည့်လျှင် လွတ်လပ်ရေးမရမီကာလကတည်းက ကင်းထောက်လူငယ်အဖွဲ့အားဖွဲ့စည်း၍ ပြုစုပျိုးထောင်ပေးသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ကြောင်း၊ ကင်းထောက်လူငယ်များဖွဲ့စည်းကာ ကင်းထောက်အတတ်ပညာများ လေ့လာသင်ကြားပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများနှင့် လူငယ်မောင်မယ်များ၏ အကျင့်စာရိတ္တမြင့်မားလာရေးအတွက် များစွာအထောက်အကူပြုကြောင်း၊ ကမ္ဘာတွင် ကင်းထောက်လုပ်ငန်းများကို ၁၉၀၈ ခုနှစ်မှစတင်၍ အင်္ဂလန်နိုင်ငံတွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံ၌ ၁၉၂၀ ခုနှစ်တွင် ကင်းထောက်လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုအခါကမ္ဘာတွင် ကင်းထောက်အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၂ နိုင်ငံရှိနေပြီဖြစ်ကြောင်း၊ ကင်းထောက်သည် ဖွဲ့သတ္တိကောင်းခြင်း၊ လတ်တလော ဉာဏ်ထက်မြက်ခြင်း၊ သတင်းအမှန်ရရှိစေရန် ကြည့်ရှုမှတ်သားတတ်ခြင်း စသည့် အရည်အချင်းများပြည့်စုံရမည်ဖြစ်ကြောင်း၊ ပို့ချလိုက်သည့် ကင်းထောက်အတတ်ပညာများကို မိမိတို့မြို့နယ်နှင့် ကျောင်းများတွင် ဖွဲ့စည်းထားသော ကင်းထောက်လူငယ်ကျောင်းသား၊ ကျောင်းသူများအား ထိရောက်စွာလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ကင်းထောက်အဖွဲ့များအနေဖြင့် ကင်းထောက်ကတိသုံးပါး၊ ကင်းထောက်ကျင့်ဝတ် ၁၀ ပါးကို အမြဲတစေစွမ်းအားရှိသမျှလိုက်နာထိန်းသိမ်းပြီး လူငယ်ပြုစုပျိုးထောင်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းစသည်ဖြင့် ပြောကြားခဲ့သည်။

(မင်းမင်း-မန္တလေး)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

မန္တလေးမြို့တော်၏ သန့်ရှင်းသပ်ရပ်လှပမှုဂုဏ်မြှင့်တင်ပေးကြရန် နှိုးဆော်



မန္တလေး နိုဝင်ဘာ ၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဒီဇင်ဘာလတွင် ကျင်းပတော့မည် ဖြစ်သည်။ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်းတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲများအား လက်ခံကျင်းပမည်ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အားကစားသမားများ၊ ကြည့်ရှုအားပေးကြသူများ လာရောက်ပါဝင်ဆင်နွှဲကြမည်ဖြစ်ပြီး ယဉ်ကျေးမှုအမွေအနှစ်များရှိသည့် မန္တလေးသို့လည်း လာရောက်လည်ပတ်ကြမည်ဖြစ်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် စီမံချက်များချမှတ်ပြီး မြို့တော်တစ်ခုလုံး သန့်ရှင်းသပ်ရပ်လှပစေရေးနှင့် နန်းမြို့အားသန့်ရှင်းစေရေး ညအလှမီးများ ထွန်းညှိ၍ အမြင်တင့်တယ် လှပစေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မန္တလေးမြို့တော်သူ မြို့တော်သားများကလည်း မိမိ၏အဆောက်အအုံ၊ ခြံစည်းရိုးများအား သန့်ရှင်းသပ်ရပ် သစ်လွင်မှုရှိစေရေးအတွက် လိုအပ်သည့် ပြင်ဆင်ခြင်း၊ ဆေးသုတ်ခြင်းများ၊ ညပိုင်းမီးအလှထွန်းခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် အာဆီယံနိုင်ငံများကြားတွင် မန္တလေးမြို့တော်၏ သန့်ရှင်းသပ်ရပ်မှုဂုဏ်ကို မြှင့်တင်ပေးကြရန် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

(မောင်ပြည်သူ)

မော်တော်ယာဉ်လုပ်ငန်းလိုင်စင်နှစ်စဉ်ကြေး ပြင်ဆင်သတ်မှတ်တိုးမြှင့်ကောက်ခံ

မန္တလေး နိုဝင်ဘာ ၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ လက်ရှိ ကောက်ခံလျက်ရှိသော မော်တော်ယာဉ်လုပ်ငန်း လိုင်စင်ခ ကောက်ခံငွေနှုန်းထားများကို ခေတ်ကာလနှင့်လျော်ညီစွာ ကောက်ခံရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူခွင့်ပြုပြီးဖြစ်သဖြင့် နိုဝင်ဘာ ၁ ရက်မှစ၍ နှုန်းထားသစ်ဖြင့် ကောက်ခံသွားမည်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်၊ သုံးဘီးယာဉ်နှင့် ထော်လာဂျီယာဉ်များပါဝင်သည်။ နှစ်စဉ်ကြေးအနေဖြင့် ခရီးသည် ၁၀ ဦးအထိ ယာဉ်များကို ယခင်ကျပ် ၇၀၀ မှ ကျပ် ၂၀၀၀ သို့လည်းကောင်း၊ ခရီးသည် ၁၁ ဦးမှ ၁၇ ဦးအထိ ယာဉ်များကို ကျပ် ၈၀၀ မှ ကျပ် ၃၀၀၀ သို့လည်းကောင်း၊ ခရီးသည် ၁၈ ဦးမှ ၂၄ ဦးအထိ ယာဉ်များကို ကျပ် ၉၀၀ မှ ကျပ် ၄၀၀၀ သို့လည်းကောင်း၊ ခရီးသည် ၂၅ ဦးမှ ၂၉ ဦးအထိ ယာဉ်များကို ကျပ် ၁၀၀၀ မှ ကျပ် ၅၀၀၀ သို့လည်းကောင်း၊ ခရီးသည် ၃၀ မှ ၃၅ ဦးအထိ ယာဉ်များကို ကျပ် ၁၂၀၀ မှ ၆၀၀၀ သို့လည်းကောင်း၊ ခရီးသည် ၃၆ ဦးမှ ၄၀ အထိ ယာဉ်များကို ကျပ် ၁၅၀၀ မှ ကျပ် ၇၀၀၀ သို့လည်းကောင်း၊ ခရီးသည် ၄၁ ဦးနှင့်အထက် ယာဉ်များကို ကျပ် ၂၀၀၀ မှ ကျပ် ၈၀၀၀ သို့ ပြောင်းလဲကောက်ခံမည်ဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးကျော် ပြေးဆွဲသည့် ခရီးစဉ်များအတွက် နှစ်စဉ်ကြေး၏ ၅၀ ရာခိုင်နှုန်း ထပ်ဆောင်းပေးဆောင်ရမည်ဟု သိရသည်။

ယခုနှုန်းထားသစ်များသည် ယာဉ်ပိုင်ရှင်များအနေဖြင့် နစ်နာနိုင်သည့် ငွေကြေးမဟုတ်ကြောင်း၊ ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ကောက်ခံခြင်းဖြစ်ကြောင်း နိုဝင်ဘာ ၁ ရက်မှစ၍ ကောက်ခံသွားမည်ဖြစ်ကြောင်း ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

သီဟကိုကို(မန္တလေး)

အစိုးရ/စီးပွားရေးကြော်ငြာ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂/၂၀၁၃)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကြီးကြပ်မှုအောက်မှ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ (ဓနိတော/ပဌနဂိုရ်/မန္တလေး/ချောက်)နှင့် သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲများ (မော်လမြိုင်/ပုသိမ်/ရွှေညောင်/ပျဉ်းမနား/ကျိုင်းတုံ/လားရှိုး/ ပြည်/စစ်တွေ/သံတွဲ/ မြိတ်/ထားဝယ်/မင်္ဂလာဒုံလေယာဉ်ဆီ)တို့ရှိ အသုံးမပြုတော့သည့် တာယာအဟောင်း(၅၂၇၄)လုံးနှင့် ဘက်ထရီအဟောင်း(၁၁၅၀)လုံးအား မျက်မြင်အခြေအနေအတိုင်း နေရာဌာနအသီးသီးအလိုက်ရောင်းချမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါများကို ၃-၁၂-၂၀၁၃ရက် ၁၂း၀၀နာရီနောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၁-၂၀၁၃ရက်မှစတင်၍ ပစ္စည်းတည်ရှိရာဌာနများနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၄၁၁၄၉၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စီမံရေးဌာန
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန-ဘားအံမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ
(က) ခုတင်(၁၀၀)ဆေးရုံ (၃)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ။
(ခ) (၅၀)နှင့်(၂၅)ခုတင် (၄)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ။
(ဂ) တိုက်နယ်ဆေးရုံ (၂၁)ရုံအတွက် လိုအပ်သောဆေးဝါးပစ္စည်းများ။
(ဃ) ကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် လိုအပ်သောဆေးဝါးပစ္စည်းများကို ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရဆေးဝါးကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက် - ၄-၁၁-၂၀၁၃ရက်(တနင်္လာနေ့) မှစ၍ ရုံးချိန်
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်နှင့်အချိန် - ၁၅-၁၁-၂၀၁၃ရက်(သောကြာနေ့) ည ၁၆း၀၀နာရီ
၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းအသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၅၈-၂၁၂၃၆ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ**

သမဝါယမဝန်ကြီးဌာန
ရုံးသုံး/လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်၊ သမဝါယမဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/လုပ်ငန်းနှင့် တက္ကသိုလ်/ကောလိပ်များတွင် အသုံးပြုရန်အောက်ဖော်ပြပါရုံးသုံး/လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

(က)	Computer (ကွန်ပျူတာ)	၄၆ လုံး
(ခ)	UPS	၄၆ လုံး
(ဂ)	Printer(ပရင်တာ)	၈ လုံး
(ဃ)	Laptop (ကွန်ပျူတာ)	၄လုံး
(င)	မိတ္တူကူးစက်	၁၂ လုံး
(စ)	Aircon(Split)	၂၁ လုံး
(ဆ)	ဓာတ်ခွဲခန်းသုံးပစ္စည်း	၂ မျိုး
(ဇ)	ရုံးသုံးပရိဘောဂပစ္စည်းများ	၅၄ မျိုး
(ဈ)	စက်ရုံ၊ အလုပ်ရုံသုံးပစ္စည်းများ	၁ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၁၁-၂၀၁၃ရက်မှ ၁၅-၁၁-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၁၀း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ ရုံးဖွင့်ရက်အတွင်း သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၁၁-၂၀၁၃ရက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း သမဝါယမဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်-

လုပ်ငန်းသုံးနှင့် စက်ပစ္စည်းကိရိယာများဝယ်ယူရေးအဖွဲ့
သမဝါယမဝန်ကြီးဌာန
ရုံးအမှတ်(၁၆)၊ နေပြည်တော်
ဖုန်း-၄၁၀၀၃၁၊ ၄၁၀၄၅၉

ပိတ်သိမ်းပြီး ဝင်းသူဇာအရောင်းဆိုင် လက်ကျန်ပစ္စည်းများအား ရောင်းချရန်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ပိတ်သိမ်းပြီး ဝင်းသူဇာအရောင်းဆိုင်များဖြစ်သည့် ကျောက်ဆည်၊ အောင်လံ၊ ညောင်ဦး၊ မော်လမြိုင်၊ မြောက်ဒဂုံ၊ ရွာတော်နှင့် ပုသိမ်ဆိုင်များရှိ ဝင်းသူဇာပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) တင်ဒါရောင်းချမည့်ရက်/အချိန် - ၄-၁၁-၂၀၁၃ရက်မှ ၁၈-၁၁-၂၀၁၃ရက်ထိ ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအထိ
(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၁၈-၁၁-၂၀၁၃ ရက် မွန်းလွဲ ၁၅း၃၀ နာရီ
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၄၁)၊နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

Seven စံ

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များရောင်းလိုဝယ်လိုသူများ ဆက်သွယ်နိုင်ပါသည်။ အိမ်အရောက်ငွေပေးချေသည်။ ပွဲခပေးရန်မလိုပါ။ **ဖုန်း-၀၁-၂၀၅၇၄၈၊၀၉-၇၃၁၁၉၀၉၉၊ ၀၉-၃၁၇၁၅၂၄၇**



ရေရှားသောကျေးလက်ကန်များတွင် မိုးရွာသွန်းမှုကြောင့် ရေများပြည့်လျှံ မိုးဆက်လက်ရွာလျှင် ကန်ပေါင်များကျိုးမည်ကိုစိုးရိမ်

ညောင်ဦး နိုဝင်ဘာ ၂

ညောင်ဦးမြို့နယ်၌ ယခုနှစ်မိုးဦးတွင် အသင့်အတင့်ရွာသွန်းပြီး ယခုနောက်ပိုင်းမိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် ကျေးရွာတိုင်းလိုလို ကန်ရေများ ပြည့်လျှံနေသည်ဟု သိရသည်။

"အောက်တိုဘာ ၃၁ ရက်တွင် မိုးလင်းပြီဟုထင်ရပြီး ယခုလမှာ တစ်လလုံးမိုးရွာပြီး နေသာသည်မှာ နှစ်ရက်ရှိပြီ"ဟု ဒေသခံတစ်ဦးက ပြောသည်။ သို့သော်နောက်ထပ်မိုးအုံ့ပြီးမိုးရွာမည်ကို ကျေးလက်တောင်သူများ စိုးရိမ်နေကြသည်။ မိုးများပြီဆိုလျှင်မြေပဲဥများကလည်း မြေကြီးအောက်တွင်ကျန်နေခဲ့သည့်အတွက် တောင်သူများ ဆုံးရှုံးမည်ကိုစိုးရိမ်နေကြသည်။ မိုးဆက်လက်ရွာမည်ဆိုလျှင် အလုပ်အကိုင်လည်းပျက်၊ သီးနေသောပဲတီစိမ်းများလည်း မကောက်ရဖြစ်ပြီး ဆောင်းထွန်ရေးကိုလည်းမထွန်ယက်ရပေ။ အထူးသဖြင့် အချို့ကျေးရွာများတွင်ကန်ကအထက်တွင်ရှိပြီး ရွာကအောက်ကဖြစ်ရာ နောက်ထပ်အဆက်မပြတ်မိုးရွာပြီး ကန်ပေါင်ကျိုးပေါက်ခဲ့လျှင် ကန်ရေဆုံးရှုံးမှုထက် လူများအန္တရာယ်ဖြစ်မည်ကို ပိုစိုးရိမ်ရသည်။ ယခုနှစ်တွင် တောကန်နှင့်တိရစ္ဆာန်သောက်ရေကန်၊ ကျေးရွာသောက်သုံးရေကန်အားလုံး ပြည့်လျှံနေပြီဖြစ်သော်လည်း ကန်ပေါင်ပျက်စီးမည်ကိုကျေးလက်နေပြည်သူများသာမက မြို့နယ်အုပ်ချုပ်ရေးဌာနဆိုင်ရာများကလည်း စိုးရိမ်နေကြောင်း သိရှိရသည်။

(ကျော်ဌေး)

မကွေးမြို့ ကားကြီးဝင်းအတွင်း ဆိုင်ခန်းသစ်များဆောက်လုပ်

မကွေး နိုဝင်ဘာ ၂

မကွေးမြို့ အဝေးပြေးကားဝင်းအတွင်း ပုံကျစျေးသည်များစနစ်တကျရောင်းချနိုင်ရေးအတွက်မြောက်ဘက်ဝင်ပေါက်အနီးတွင် ၁၀ ပေ ပတ်လည် ဆိုင်ခန်းပေါင်း ၆၀ ကို အောက်တိုဘာ ၂၇ ရက်က စတင်၍ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ဆိုင်ခန်းများဆောက်လုပ်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီက တင်ဒါများခေါ်ခဲ့ရာ မကွေးမြို့အခြေစိုက် အောင်ပဒေသာကုမ္ပဏီလီမိတက်နှင့် ရန်ကုန်အခြေစိုက် SME ကုမ္ပဏီတို့က ဆောက်လုပ်ခွင့်ရရှိခဲ့ကာ ဆိုင်ခန်းများကို ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်သွားမည်ဟု သိရသည်။ ဆိုင်ခန်းများပြီးစီးသွားလျှင် လက်ရှိဈေးရောင်းချနေသူများက အရစ်ကျစနစ်ဖြင့် ငွေသွင်းကာ မြို့နယ်စည်ပင်သာယာရေးက ပြန်လည်နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မကွေးလှမြင့်)

ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာများလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၌ အောက်တိုဘာ ၂၇ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပေါင်းလောင်းမြစ်ရေကြီး၍ ပျဉ်းမနားမြို့နယ် ပေါင်းလောင်းမြစ်ဘေးတစ်လျှောက်ရှိ အင်သာ၊ သာယာစု၊ ကြို့တန်းကျေးရွာများ၌ ရေကြီးမှုများဖြစ်ပွားခဲ့သည်။

ရေကြီးမှုဒဏ်ခံနေရသောကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းက ယာယီကယ်ဆယ်ရေးစခန်းထားရှိရာတောင်ဇလုပ်ဘုန်းကြီးကျောင်းသို့သွားရောက်၍

ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး စားနပ်ရိက္ခာများ ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် ကျန်းမာရေးဝန်ထမ်းများပါထားရှိပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

(ဇော်မျိုးနိုင်)

နာရေးကူညီမှုအသင်းသို့ နိဗ္ဗာန်ယာဉ်တစ်စီးလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂။ ။ အင်းစိန်မြို့နယ် ကွက်သစ်ရပ်ကွက် မာလာရာမဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ ဦးခင်မောင်ထွေး (ဦးပု-မုန့်ဆိုင်) မိသားစုက (TOYOTA Crown) အမျိုးအစား သိန်း ၁၂၀ တန် နိဗ္ဗာန်ယာဉ်တစ်စီးကို အောက်တိုဘာ ၂၄ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

ယခုအခါ လှူဒါန်းထားသည့် ယာဉ်စုစုပေါင်း ခုနစ်စီးရှိနေပြီဖြစ်ကာ အသင်းမှ အသက် (၇၀)နှစ်အထက် ဘိုးဘွားများကို လူမျိုးဘာသာမရွေး အခမဲ့ အကူအညီပေးသွားမည်ဟု သိရသည်။

(၆၈၄)

ကယားပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးနှင့် အိမ်ရာလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	ကတ္တရာလမ်း	(၈)မိုင်၊ (၃. ဝ၆၂) ဖာလုံ
(ခ)	ကျောက်လမ်း	(၁၈)မိုင်၊ (၇. ၃၉၄) ဖာလုံ
(ဂ)	မြေလမ်း	(၅၅)မိုင်၊ (၇)ဖာလုံ
(ဃ)	သစ်သားတံတား	(၁၀၀၀)ပေ
(င)	ရေပြွန်	(၇၀၀)ပေ
(စ)	လက်တူးတွင်း	(၉)တွင်း
(ဆ)	ရေကန် (မြေသားကန်)	(၃)ကန်
(ဇ)	စိမ့်စမ်း	(၁၂)ခု
(ဈ)	အခြား(အုတ်ကန်)	(၂၄)ခု
(ည)	အခြား(ရေပေးရေး)	(၆)ခု
(ဋ)	အခြား(ကျေးရေအုတ်ကန်)	(၂)ခု
(ဌ)	ယင်လုံအိမ်သာ	(၂၀၀)လုံး
(ဍ)	ကျေးလက်မီးလင်းရေး	(၁၅၅)
(ဎ)	တန်ဖိုးနည်းအိမ်ရာ	(၆၈)လုံး

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသောလုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၇-၁၁-၂၀၁၃ ရက်မှ စတင်၍ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၀-၁၁-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။ တင်ဒါလုပ်ငန်း(၁)ခုထက်ပိုမို၍ တင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်း ပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တစ်ခုချင်းတင်သွင်းရမည်။

၅။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဤဦးစီးဌာနရုံး ဖုန်း-၀၈၃-၂၁၆၈၇သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ကယားပြည်နယ်အစိုးရအဖွဲ့

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ပြိုင်ပွဲနှင့် မြို့လုံးကျွတ်မဟာဘုံကထိန်လှည့်လည်ပွဲတော်များအား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်)မှ နိုဝင်ဘာလ ၁၈ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်)နေ့အထိ အဝေရာမီးပုံးပျံပြိုင်ကွင်းတွင် ကျင်းပမည်ဖြစ်ပါသည်။ ပွဲတော်ကာလအတွင်း နေ့/ည မီးပုံးပျံပြိုင်ပွဲများ (နေ့လွှတ်အရုပ်မျိုးစုံ/ညမီးကြီး/စိန်နားပန်)၊ မီးပဒေသာလှည့်လည်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ MISS တန်ဆောင်တိုင်ရွေးပွဲ၊ အလွတ်တန်းဓာတ်ပုံ ပြိုင်ပွဲနှင့်ဈေးပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသဂ်ဟများ လာရောက်လည်ပတ်နိုင်ပါရန်နှင့် ဈေးဆိုင်ခန်းများအတွက် ဆက်သွယ်လိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်းအမှတ်-၀၈၁-၂၀၂၁၅၉ နှင့် ၀၈၁-၂၁၂၁၂၈၂ သို့ စုံစမ်းနိုင်ပါကြောင်း၊ တန်ဆောင်တိုင်ပွဲတော် ဓာတ်ပုံပြိုင်ပွဲကြီးကိုလည်း အလွတ်တန်းအဆင့် တစ်မျိုးတည်းသာ ပြုလုပ်မည်ဖြစ်ပြီး ခေါင်းစဉ် (၄)မျိုးဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပါ၍ မည်သူမဆိုပါဝင် ယှဉ်ပြိုင်နိုင်ပါကြောင်းနှင့် ပြိုင်ပွဲဝင်စည်းကမ်းများအား အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဖုန်းအမှတ်-၀၈၁-၂၁၂၁၁၃၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

တောင်ကြီးမြို့တန်ဆောင်တိုင်ပွဲတော်ကျင်းပရေးဦးစီးကော်မတီ

အများသိစေရန် ကြေညာခြင်း
(L.L.B, D.B.L) (L.L.B, D.B.L)

(Nov 15-17)
(Nov 14-17)
(27.11.2013)
Ph: 09-5147771, 09-43124922, 01-8550963

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား သတိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ အမှတ်-၃၉နေ ဒေါက်တာ သုတကိုကို [၁၄/မမန(နိုင်)၁၅၂၆၂၂] (သင့်မိတ်ဆွေဆန်စက်)သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများကို ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်(၄/၄၁၆၆)၊ (၄/၄၁၆၇)တို့ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ်
၄/၄၁၆၆/၂၀၁၁

မှတ်ပုံတင်စာချုပ်အမှတ်
၄/၄၁၆၇/၂၀၁၁

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများပါ ပေါ်ဆန်းမွှေးရှယ် ဆန်အမျိုးမျိုး၊ ပေါ်ဆန်းမွှေး ဆန်အမျိုးမျိုး၊ ပေါ်ဆန်းလတ် ဆန်အမျိုးမျိုး၊ မနောသုခရှယ် ဆန်အမျိုးမျိုး၊ မနောသုခဆန်အမျိုးမျိုး၊ ဧယာ ဆန်အမျိုးမျိုး၊ ဆန်ချောအမျိုးအစား ဆန်အမျိုးမျိုး၊ ဆန်ကြမ်းအမျိုးအစား ဆန်အမျိုးမျိုး၊ ကောက်ညှင်းဆန်အမျိုးမျိုး၊ ဆန်ကွဲကြီးအမျိုးမျိုး၊ ဆန်ကွဲလတ်အမျိုးမျိုး၊ ဆန်ကွဲအမျိုးမျိုး၊ ဖွဲနုအမျိုးမျိုး၊ ဖွဲကြမ်းအမျိုးမျိုး၊ ဆန်စပါးနှင့် ပတ်သက်ဆက်နွယ်သော ထုတ်ကုန်ပစ္စည်း အမျိုးမျိုးတို့ကို **(စက်အမှတ်-၃၃၄၊ သင့်မိတ်ဆွေဆန်စက်၊ ၀၉ ၈၅၇၆၁၄၇၊ ၀၉ ၈၅၇၆၁၄၈၊ ၀၉ ၈၅၇၆၁၄၉၊ ၀၉ ၅၁၇၈၀၂၆)**မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဈေးကွက်အတွင်း နာမည်ကောင်းသတင်း ရရှိခဲ့ပြီး ဝယ်ယူအားပေးသူများ ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သံတူကြောင်းကွဲပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားများအား ဖျက်ဆီးပြုပြင်၍ အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ်ဖြန့်ဖြူးရောင်းချခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏လုပ်ငန်း အကျိုးစီးပွား ထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဒေါက်တာသုတကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ (မြောင်းမြ)
LL.B,A.G.T.I(EP),D.B.L,D.M.L
WIPO(SWITZERLAND)
တရားလွှတ်တော်ရှေ့နေ(၈၁၀၈)
ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး

ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)
LL.B,WIPO(SWIZERLAND)
ဦးစိုးလွင်ဦး(စဉ်-၃၇၉၈၁)
LL.B,WIPO(SWITZERLAND)
အထက်တန်းရှေ့နေများ

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁

ကျန်းမာပျော်ရွှင်တဲ့ ဘဝတစ်ခုပိုင်ဆိုင်ဖို့

(၁) ကိုယ်လက်လှုပ်ရှားအားကစားလုပ်ပါ

စက်ဘီးစီးခြင်း၊ ပြေးခြင်း၊ လမ်းသွက်သွက်လျှောက်ခြင်း၊ အေရိုးဗစ်လေ့ကျင့်ခန်း၊ အိပ်ထမတ်တင်လုပ်ခြင်း စတဲ့ ကိုယ်လက်လှုပ်ရှားအားကစားမျိုးကို ရက်သတ္တတစ်ပတ်လျှင် မိနစ် ၁၅၀ ခန့် (နှစ်နာရီခွဲခန့်) လုပ်ပေးပါ။ (သို့မဟုတ်) ရက်သတ္တတစ်ပတ်မှာ ငါးရက်လောက် တစ်နေ့လျှင် နာရီဝက်ခန့် လုပ်ပေးပါ။

(၂) ဆေးလိပ်ဖြတ်ပါ

နှလုံးသွေးကြောနဲ့ဆိုင်တဲ့ နှလုံးရောဂါအမျိုးမျိုး၊ ကင်ဆာရောဂါများ၊ လည်ချောင်းနာခြင်း၊ မှတ်ဉာဏ်စွမ်းအား နည်းလာခြင်း စတဲ့ ရောဂါတွေရဲ့ တရားခံထဲမှာ ဆေးလိပ်သောက်ခြင်းက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ သုတေသနပြုချက်များအရ နေ့စဉ်ဆေးလိပ်သောက်သူတွေဟာ ဆေးလိပ် (လုံးဝ) မသောက်သူတွေနဲ့ နှိုင်းယှဉ်ရင် တစ်နေ့တာရဲ့ မှတ်ဉာဏ်စွမ်းအား ၄ ပုံ ၁ ပုံ လျော့ကျသွားပါတယ်တဲ့။ နှစ်ကာလကြာရှည်လာတာနဲ့အမျှ နှလုံးရောဂါဖြစ်နိုင်ခြေ အလားအလာ နှစ်ဆမျှပိုပါတယ်။

(၃) ခန္ဓာကိုယ်အလေးချိန် ထိန်းပါ

အဝလွန်ခြင်း(သို့မဟုတ်) မိမိအသက်အရွယ်၊ အရပ်အမောင်းထက် ရှိသင့်သည်ထက် ပို၍ ကိုယ်အလေးချိန် မြင့်တက်ခြင်းတို့က နှလုံး၊ သွေးတိုး၊ ဆီးချို၊ လေးဖက်နာ၊ လေဖြတ်ခြင်း စတဲ့ နောက်ဆက်တွဲ ကျန်းမာရေးဆိုးကျိုးတွေနဲ့ ဆက်စပ်နေပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်အလေးချိန်တက်မလာအောင် အစာဖြင့်ထိန်းရင်း ကိုယ်လက်လှုပ်ရှားမှုတွေ တွဲလုပ်ပေးပါ။ အဆီမပါတဲ့ အသားစားပါ၊ ပြည့်ဝဆီပါတဲ့ အကြော်အလှော်ဟင်းလျာတွေနဲ့ ဆီကြော်မုန့်များရှောင်ပါ။ အဆီနည်းပြီး အမျှင်ဓာတ်များတဲ့ သဘာဝအော်ဂဲနစ် သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်တွေ စားပေးပါ။

(၄) ဆားလျှော့စားပါ

သွေးတိုးရောဂါကြောင့် လူဖြစ်မရှုံးရလေအောင် ဆားစားသုံးမှု နည်းနိုင်သမျှနည်းအောင်လျှော့စားပါ။ (မကြာခဏ သွေးတိုးလေ့ရှိသူများအဖို့ ဖြစ်နိုင်ရင် ဆား(လုံးဝ) မစားပါနဲ့။) ဟင်းလျာများသာမက နေ့စဉ်စားသောက်နေတဲ့ သရေစာ မုန့်ထဲမှာလည်း အငန်လျှော့စားပါ။

(၅) နည်းစနစ်မှန်မှန်ဖြင့် အစာစားတတ်ပါစေ

- တစ်နေ့ကို သောက်ရေသန့် ရှစ်ဖန်ခွက်သောက်ပါ။ (ရေခဲရေ မဟုတ်ပါ)
- ထမင်းနှင့် သရေစာမုန့်များကို တစ်ထိုင်တည်း ဗိုက်ကြီးပြည့်ကားနေအောင် မစားပါနဲ့ (ညက်အောင်ဝါး၍ နည်းနည်းဖြင့် မကြာမကြာ စားပေးပါ။)
- တစ်နေ့တာ စားသမျှ အစားအစာတွေထဲမှာ သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တို့ ပါပါစေ။

- သားငါး မျှတအောင် စားပါ။
- အဆီနည်းသော နို့၊ ဒိန်ချဉ်သောက်ပါ။

(၆) အဆီများတဲ့ ပင်လယ်ငါးစားပါ

ငါးသလောက်ယောက်ဖ၊ ငါးသေတ္တာ၊ တူနာငါး၊ ဆယ်လ်မွန် စတဲ့ အဆီများတဲ့ ပင်လယ်ငါးတွေမှာ နှလုံးကို ကောင်းကျိုးပြုတဲ့ omega-3 ဖက်တီးအက်စစ်တွေ အလုံအလောက်ပါရှိနေလို့ ရက်သတ္တတစ်ပတ်လျှင် နှစ်ရက်လောက် ပင်လယ်ငါးစားပေးပါ။

(၇) စိတ်ဖိစီးမှုပြေပျောက်အောင် လမ်းများများလျှောက်ပါ

စိတ်ဖိစီးမှုများလာတဲ့အခါ စိတ်ထွက်ပေါက်အနေနဲ့ လမ်းများများ လျှောက်ပေးသင့်ပါတယ်။ အဲဒီလို လမ်းလျှောက်ခြင်းက ကျန်းမာရေးနဲ့လည်း ညီညွတ်တဲ့အပြင် စိတ်အညောင်းမိတာတွေ ပြေပျောက်သွားပြီး ရှေ့ဆက်၍ တက်ကြွလာစေဖို့ ခွန်အားသစ်ရရှိစေမှာ ဖြစ်ပါတယ်။

(၈) ပြည့်ဝဆီမစားပါနဲ့

ဝက်၊ ဆိတ်၊အမဲ စတဲ့ အနီရောင်အသားတွေစားတဲ့အခါ အဆီမစားပါနဲ့။ ကြက်၊ဘဲ စားတဲ့အခါ အရေခွံနဲ့ အဆီဗူးတွေ ရှောင်ပါ။ ထိုအသားတွေကို ကြော်စား၊ ကင်စားခြင်းထက် နူးအိနေအောင်ပေါင်း၍ စားခြင်း(သို့မဟုတ်) စွတ်ပြုတ်လုပ်သောက်ပေးပါ။

(၉) အရက်လျှော့သောက်ပါ

အရက်က လူကိုဝဖြိုးစေပါတယ်။ တစ်နေ့ကို အရက်လေးခွက် နေ့စဉ်သောက်တဲ့သူဟာ ရက်သတ္တလေးပတ်ကျော် ကြာလာတဲ့အခါ ကိုယ်အလေးချိန် ၁ ဒသမ ၈၅ ကီလိုနီးပါး တက်လာပါတယ်။

(၁၀) အသင့်စားမုန့် အထုပ်ခွံတွေကို စစ်ဆေးပြီးမှ ဝယ်ပါ

Ready made (ခေါ်) အသင့်စား အစားအစာမုန့်ထုပ်တွေဝယ်တဲ့အခါ မုန့်ထုပ်အခွံပေါ်မှာ ဖော်ပြထားတဲ့ အာဟာရ တန်ဖိုးပါရှိမှု ရာခိုင်နှုန်း၊ ကယ်လိုရီတန်ဖိုးပါရှိမှု ရာခိုင်နှုန်း၊ ထိုမုန့်ကို ပြုပြင်ထုတ်လုပ်ထားတဲ့ အာဟာရပစ္စည်းအမျိုးအစားတို့ကို သေသေချာချာဖတ်ရှုပြီး မိမိကျန်းမာရေးနဲ့ ကိုက်ညီမှုရှိ၊ မရှိ ချင့်ချိန်စဉ်းစားပြီးမှ ဝယ်ယူပါ။

ဖြူးမြို့ ရွှေရတနာသစ်စက်ဝင်းအတွင်း၌ တရားမဝင်ကျွန်းနှင့် ပျဉ်းကတိုး ဆိုဒ်မျိုးစုံ တန် ၇၀၀ ကျော်ဖမ်းမိ

ဖြူး နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ဖြူးအရှေ့အုပ်စု စက်တောင်ရပ်ရှိ အေးရှားဂရင်းကုမ္ပဏီပိုင် ရွှေရတနာသစ်စက်ဝင်းအတွင်း ဂိုဒေါင်များနှင့် ဝန်ထမ်းအိမ်ရာများမှ တရားမဝင်ကျွန်းနှင့် ပျဉ်းကတိုး သစ်ခွဲသားဆိုဒ်စုံ ခန့်မှန်းတန် ၇၀၀ ကျော်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိပုံမှာ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းရွှေ ဦးစီး၍ ဖြူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်နိုင်နှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖြူးမြို့မ ရဲစခန်းမှ ရဲအုပ်အောင်ဝင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဖြူးအရှေ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသက်ဝင်းတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၈ ရက် ည ၇ နာရီ ၄၂ မိနစ်တွင် ဖြူးအရှေ့အုပ်စု စက်တောင်ရပ်ရှိ အေးရှားဂရင်းကုမ္ပဏီပိုင် ရွှေရတနာ သစ်စက်ဝင်းအတွင်းရှိ ဂိုဒေါင်များ၊ ဝန်ထမ်းအိမ်ရာများအောက်ရှိ ပိတ်ဆို့ကာရံထားသော နေရာများအား ရှောင်တခင် ဖွင့်ဖောက်စစ်ဆေးရာ ကျွန်းခွဲသား ဆိုဒ်စုံ ၅၄ ဒသမ ၄၂၄၂ တန်ခန့်နှင့် ပျဉ်းကတိုးလျှာထိုးများနှင့် ပျဉ်းကတိုးခွဲသားဆိုဒ်စုံခန့်မှန်းခြေတန် ၆၅၈ ဒသမ ၄၉၄၆ တန်ခန့်တို့ကို စစ်ဆေးရှာဖွေတွေ့ရှိခဲ့သည်။

ဖွင့်ဖောက်စစ်ဆေးပြီးချိန်မှာ ည ၈ နာရီ ၃၅ မိနစ်ခန့်ရှိနေပြီဖြစ်၍ ဆက်လက်တိုင်းတာရန် ခက်ခဲသဖြင့် သစ်စက်ဝင်းနှင့် ဂိုဒေါင်များအား မြို့နယ်သစ်တောဦးစီးဌာနပိုင်သော့များဖြင့် ပိတ်သိမ်း၍ သစ်တောဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖြူးမြို့မ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းစောင့်ကြပ်၍ ယာယီထိန်းသိမ်းဆောင်ရွက်ထားရှိပြီး ယင်းတရားမဝင်သစ်များမှာ အေးရှားဂရင်းကုမ္ပဏီ ရွှေရတနာသစ်စက်ပိုင်သစ်များဖြစ်ကြောင်းသိရပြီး ဖွင့်ဖောက်တိုင်းတာစစ်ဆေးပြီး စာရင်းဇယားကိန်းဂဏန်း အတိအကျပြည့်စုံပါက သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့် တရားစွဲဆိုသွားမည် ဖြစ်ကြောင်း သိရသည်။

(ဖြူး-မြင့်ဦး)

အစိုးရ/လူမှုရေးကြော်ငြာ

ပေါက်ပေါက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ရတနာပုံတက္ကသိုလ်
ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရတနာပုံတက္ကသိုလ်၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့် ရတနာပုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ်ထားသော မြင်းခြံဒီဂရီကောလိပ်တို့မှ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက်

၂၀၁၃ ခုနှစ်၊ ဇွန်လတွင် ကျင်းပပြုလုပ်ခဲ့သော

(က) မဟာသုတေသနဘွဲ့ (MRes) စာမေးပွဲ အောင်မြင်ပြီးသူများ။

၂၀၁၃ ခုနှစ်၊ မေလတွင် ကျင်းပပြုလုပ်ခဲ့သော

(ခ) မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့/ မဟာဥပဒေဘွဲ့ (MA/MSc/LLM) စာမေးပွဲအောင်မြင်ပြီးသူများ။ (နောက်ဆက်တွဲစာမေးပွဲ အောင်မြင်ပြီးသူများ အပါအဝင်)

၂၀၁၃ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပပြုလုပ်ခဲ့သော

(ဂ) ဝိဇ္ဇာ/သိပ္ပံ (BA/BSc) စာမေးပွဲအောင်မြင်ပြီးသူများ။ (နောက်ဆက်တွဲစာမေးပွဲ အောင်မြင်ပြီးသူများ အပါအဝင်)

(ဃ) ဥပဒေဘွဲ့ (LL.B) စာမေးပွဲအောင်မြင်ပြီးသူများ။ (နောက်ဆက်တွဲ စာမေးပွဲ အောင်မြင်ပြီးသူများအပါအဝင်)

(င) ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ (Honours) စာမေးပွဲအောင်မြင်ပြီးသူများ။

၂။ ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့ လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနမှ ရယူဖြည့်စွက်ပြီး ၁-၁၁-၂၀၁၃ ရက်မှ ၂-၁၂-၂၀၁၃ ရက်အထိ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင်၊ (၆)လအတွင်း ရိုက်ကူးထားသော (၂"×၁½") ဓာတ်ပုံ (၃)ပုံနှင့်အတူ လျှောက်ထား တင်သွင်းနိုင်ကြပါသည်။

ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ယူသူများအတွက် (၁၅၀၀ိ/-) ဖြစ်ပြီး အဝေးရောက်ဘွဲ့ယူသူများအတွက် (၁၀၀၀ိ/-) ဖြစ်ပါသည်။

၃။ စာတိုက်မှ ပေးပို့သည့်အခါ ငွေပို့လွှာတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"**ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ ရတနာပုံတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက်ရောက်ခဲ့သည့် တက္ကသိုလ်/ ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။

၄။ ၂၀၁၃ ခုနှစ်၊ မေလ မတိုင်မီက ဘွဲ့ရစာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၅။ ကုန်ထုတ်ဓာတုဗေဒ၊ ဘူမိဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ ဥပဒေပညာ အထူးပြုဘာသာရပ်များဖြင့် ဘွဲ့ယူကြမည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) (ဧည့်) နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) နိုင်ငံသား(ပြု) လက်မှတ်မူရင်း တင်ပြကြရမည်ဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံသားလက်မှတ်မူရင်းကို တင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ် ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(တင်စောထွေး)
မော်ကွန်းထိန်း
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ရတနာပုံတက္ကသိုလ်

ရေနံချောင်းမြို့ စက်မှုအထက တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

တတိယအကြိမ် အာစရိယပူဇော်ပွဲကို ယခင်နှစ်များအတိုင်း စည်ကားသိုက်မြိုက်စွာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၉ ရက် (စနေနေ့)တွင် ကျင်းပမည် ဖြစ်ပါသည်။ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းသူငယ်ချင်းမိတ်ဆွေများ အဆက်အသွယ်ပြုလုပ်ကြပါရန်နှင့် မပျက်မကွက် တက်ရောက်ပေးကြပါရန် ရိုသေလေးစား ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

၈-၁၁-၂၀၁၃ ရက် နံနက် ၆ နာရီ အိုးရှင်းစင်တာရှေ့ ၉ မိုင် တော်ဝင်လမ်းမှကားများ စတင်ထွက်ခွာပါမည်။

ဖြစ်မြောက်ရေးကော်မတီ

ရန်ကုန်
ကိုသန်းဝင်း ၀၉-၅၁၄၆၉၇၇
ကိုကျော်ဆွေ ၀၉-၄၃၁၃၆၅၅၁
ကိုအောင်လှထွေး ၀၉-၅၁၀၀၃၃၁
ကိုအောင်ချို ၀၉-၄၃၁၃၅၁၃၀
ကိုမျိုးတင့် ၀၉-၅၀၈၀၄၉၈
ကိုအောင်လင်း ၀၉-၄၉၂၈၅၀၁၄

မကွေး
ကိုထွန်းဝေ ၀၆၃-၂၆၄၉၁
ကိုနေဝင်း ၀၉-၅၃၃၀၅၅၉
ကိုခင်မောင်ဝင်း ၀၉-၅၃၄၁၇၉၉

မင်းဘူး
ကိုခင်မောင်သန်း ၀၉-၄၉၁၀၂၀၉၀
ကိုခင်မောင်ဌေး ၀၉-၅၃၁၀၄၆၅
ကိုအောင်ကျော်ဦး ၀၉-၄၃၀၄၂၄၉၇
ကိုမိုးမိုးလှိုင် ၀၉-၄၄၈၀၃၉၇၆၇

မြိတ်
ကိုနေလင်း ၀၉-၄၃၁၉၄၆၁၉

စလေ
ကိုရဲသိန်း ၀၉-၄၀၁၅၅၉၂၉၆
ကိုခင်မောင်ချစ် ၀၉-၄၀၁၆၂၉၅၀၂

ပွင့်ဖြူ
ကိုဌေးရှိန် ၀၉-၄၀၁၅၇၂၁၀၈

ဆင်ဖြူကျွန်း
ကိုအောင်မင်း ၀၉-၄၉၂၆၄၆၉၇

ဆိပ်ဖြူ
ကိုဝင်းဦး ၀၉-၅၂၃၂၉၉၇

တောင်တွင်းကြီး
ကိုမောင်လှ ၀၉-၄၉၁၅၃၁၂၈

အောင်လံ
ကိုထွန်းသိန်း ၀၉-၄၀၁၅၇၉၅၂၀

မန္တလေး
ကိုထွန်းဝင်း ၀၉-၂၀၀၉၈၃၅
ကိုဝင်းနိုင် ၀၉-၂၀၃၄၀၅၂
ကိုဌေးလှ ၀၉-၂၀၂၃၀၆၃
ကိုထိန်ဝင်း ၀၉- ၄၄၄၀၃၄၅၄၈

မြင်းခြံ
ကိုစိုးစိုး ၀၉-၄၇၀၉၀၁၂၆

ပြည်
ကိုမြင့်လွင် ၀၉-၅၃၁၂၃၀၈
ကိုကြည်သန်း ၀၉-၅၃၁၃၂၆၅

ရေနံချောင်း
ကိုသောင်းလွင် ၀၉-၄၀၁၅၃၀၀၁၀
ကိုကျော်ကျော် ၀၉-၄၀၁၆၈၁၃၇၆
ကိုလေးနိုင် ၀၉-၄၀၁၅၇၁၉၈၉
ကိုထွန်းလင်း ၀၉-၅၃၃၇၀၉၆
ကိုအေးကို ၀၉-၄၃၀၈၃၇၆၇

ချောက်
ကိုခင်မောင်ဌေး ၀၉-၄၉၅၈၅၇၀၁
ကိုသန်းဝင်း ၀၉-၄၃၀၄၂၅၈၂
ကိုဝင်းကျော် ၀၉-၂၃၀၅၃၁၀

မိတ္ထီလာ
ကိုတင်နိုင် ၀၉-၅၁၈၃၇၇၃

နေပြည်တော်
ကိုခင်မောင်ဆွေ ၀၉-၈၆၂၁၅၄၅
ကိုဖေကျော်ကျော် ၀၉-၈၆၂၁၉၃၇
ကိုစိုးမြင့်ဦး ၀၉-၈၆၁၁၄၃၈





မြဝတီဓမ္မ

Lotus

၁၉၆၈-၁၉၇၂ ခုနှစ် စီးပွားရေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယ ပူဇော်ပွဲနှင့်မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ

တစ်နှစ်မှာ တစ်ခါ
ချစ်စရာ မြန်မာ့ဓလေ့ပေမို့
မမေ့အပ်တဲ့ အနန္တဂိုဏ်းဝင်
ကျေးဇူးရှင် ဆရာများကို
တတ်အားသမျှ သဒ္ဓါတရားနဲ့
ဝပ်တွားကာ ကန်တော့ကြဖို့
ဒို့ Eco မြက်ခင်းပြင်မှာ
"ပြန်ဆုံကြမယ် သူငယ်ချင်းတို့"

ကျင်းပမည့်နေ့နှင့်နေရာ
မိတ်ဆုံညစာစားပွဲ - ၂၈-၁၂-၂၀၁၃ ရက်(စနေနေ့) ညနေ ၄ နာရီ
Panda Hotel

စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်ပွဲ
၂၉-၁၂-၂၀၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီ

ဆက်သွယ်ရန် ဦးသိန်းလွင် ၀၉-၅၁၁၄၅၈၅၊ ဦးဥက္ကာ-ဒေါ်မြမြ ၀၉-၂၅၀၁၁၅၈၅၈၊ ဒေါ်မြင့်မြင့်ကြည် ၀၉-၅၂၈၁၄၃၁၊ ဒေါ်တင်နွယ်ဦး ၀၉-၅၁၄၉၉၂၀၊ ဒေါ်သန်းသန်းမြင့် ၀၉-၈၆၀၈၆၇၇၊ ဒေါ်ခင်ခင်အေး ၀၉-၅၁၁၃၅၀၄၊ ဒေါ်ဝင်းဝင်းယု-၀၉-၅၀၈၄၄၉၂၊ ဒေါ်ခင်စန်းဌေး-၀၉-၃၁၃၂၉၈၅၉၊ ဒေါ်ခင်ခင်ဌေး ၀၉-၅၄၁၃၉၂၂၊ ဒေါ်ခင်မကြီး ၀၉-၇၃၀၂၂၄၀၉၊ ဒေါ်နုနုသန်း ၀၉-၅၁၆၅၆၂၂

ကထိန်အလှူ ဖိတ်ကြားလွှာ

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ပင်လုံရတနာပအိုဝ်း (၂ဝိုင်း) ကျောင်းတိုက်၌ ကထိန်လျာဆက်ကပ်လှူဒါန်းပွဲကို ၉-၁၁-၂၀၁၃ရက် (စနေနေ့)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ရပ်နီး ရပ်ဝေးမှ အလှူရှင် ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားအပ်ပါသည်။

အဝေးသင်

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

သားသား-"ခွဲဝေဖြိုး"

၃-၁၁-၂၀၁၃ရက်တွင် ကျရောက်သည့်(၃)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ယဉ်ကျေး-လိမ္မာ၊ တတ်သိ-နားလည်ပြီး ထူးချွန်-ထက်မြက်သော သားကောင်းရတနာလေး၏ ကျန်းမာပျော်ရွှင်သော မွေးနေ့ပေါင်းများစွာကို ဖေဖေဦးဝေဖြိုး-မေမေဒေါ်ယုမွန် မိသားစုတို့နှင့်အတူ ပိုင်ဆိုင်နိုင်ပါစေ။

ဘဏ္ဍာရေးဌာနမှ ဝန်ထမ်းများ
ချိုချို ကုမ္ပဏီလီမိတက်
ရသာချိုစက်မှုလုပ်ငန်းလီမိတက်
ချိုချိုစက်မှုလုပ်ငန်းလီမိတက်
မာကျူရီဖြန့်ဖြူးရေးကုမ္ပဏီလီမိတက်

မွေးနေ့မင်္ဂလာဆုတောင်း

ဒေါက်တာ**တင်လေးနွယ်** [ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ရူပဗေဒဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်] မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ရွှင်လန်းချမ်းမြေ့ပါစေ။

ခင်ပွန်း - ဒေါက်တာစောအေးလင်း (Thadar Consortium)
သားကြီး - ဒေါက်တာသီဟထွန်း(IOM)
သားငယ် - ဒေါက်တာဖြိုးစည်ဗိုလ်(Central Women Hospital)

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(1) Driver ကျား(၁၀) ဦး

(2) Sales Promoter ကျား(၂၀) ဦး၊ မ(၂၀) ဦး

(Excel Tower)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးစီမံကိန်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ကျန်းမာရေးစီမံကိန်းဦးစီးဌာန (၂၀၁၄)ခုနှစ်အတွက် ကျန်းမာရေး သတင်းအချက်အလက်များ ကောက်ယူမည့် ပြည်သူ့ကျန်းမာရေးစာရင်းအင်းပုံစံ၊ ဆေးရုံလချုပ်ပုံစံနှင့် ပြင်ပလူနာရောဂါစာရင်း ပုံစံ(၁၅)မျိုးကိုပုံနှိပ်ခြင်း၊ စာအုပ်ချုပ်လုပ်ခြင်းနှင့် အဆိုပါပုံစံများအား တိုင်းဒေသကြီး၊ပြည်နယ်ကျန်းမာရေး စီမံကိန်းဦးစီးဌာနများသို့ ပေးပို့ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့် တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပုံနှိပ်ခြင်းနှင့် စာအုပ်ချုပ်ခြင်းလုပ်ငန်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းအမှတ် ၀၆၇-၄၃၁၀၇၀သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်ပုံစံ(၁၅)မျိုး ပုံနှိပ်ခြင်း၊ စာအုပ်ချုပ်ခြင်းလုပ်ငန်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးစီမံကိန်းဦးစီးဌာနများသို့ ပို့ဆောင်ခြင်းလုပ်ငန်းများအတွက် ဈေးနှုန်းတင်သွင်းလွှာ
စတင်ရောင်းချမည့်ရက် - ၆-၁၁-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပိတ်ရက် - ၁၉-၁၁-၂၀၁၃ ရက် ညနေ ၁၆း၀၀ နာရီ

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

မန္တလေးမြို့အကောင်းဆုံးဟိုတယ်ကြီး၏
ပိုင်ရှင် စင်ကာပူမှ လုပ်ငန်းရှင်ကြီး
မစ္စတာကင်းစိန်
စင်ကာပူတက္ကသိုလ်၊ ဒေါက်တာဘွဲ့ Ph.D
ဘွဲ့ ယူစာတန်း
"အထင်လွဲခံရသော မြန်မာ"
မိုးမခဘာသာပြန် ထွက်ပြီ
တန်ဖိုး-၁၅၀၀ ကျပ်
ဖြန့်ချိရေး-ကြောင်နှစ်ကောင်စာပေ
အမှတ်(၁၂၇)၊ မြေညီထပ်၊ ၄၃လမ်း၊
ဗိုလ်တထောင်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၅၆၆၉၅ နှင့် ၀၁-၃၈၅၈၃၁

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

- အထွေထွေမန်နေဂျာ(၂)ဦးအလိုရှိသည်။
  အသက်(၃၅-၄၀) ဝန်းကျင်ရှိရမည်။
- အကျင့်စာရိတ္တကောင်းမွန်ပြီးသစ္စာရှိသူဖြစ်ရမည်။
- နေပြည်တော်နှင့် မန္တလေးမြို့များတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ဒေသခံကို ဦးစားပေးမည်။
- MBA ဘွဲ့ ရရှိပြီးသူကို ဦးစားပေးမည်။
- English 4 Skill ပိုင်နိုင်ကျွမ်းကျင်ရမည်။
- Computer, Internet, Email များကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။
- အစိုးရဌာနများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။
- လိုအပ်လျှင် ခရီးဝေး၊ နယ်ထွက်ခြင်းများ ဆောင်ရွက်နိုင်ရမည်။
- Automobile Industry လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်မှ အများဆုံး (၁၀)နှစ်အတွင်းရှိရမည်။
- မိမိလုပ်ငန်းနှင့်ပတ်သက်၍ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်၍ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရမည်။
- လာရောက်လျှောက်ထားသူသည် အောက်ပါစာရွက်စာတမ်းများယူဆောင်လာရမည်-
  ၁။ မှတ်ပုံတင် (မိတ္တူ)၊
  ၂။ သက်ဆိုင်ရာ ဘွဲ့၊ သင်တန်း၊ ကျောင်း၊ ပညာအရည်အချင်း အောင်လက်မှတ်များ (မိတ္တူ)၊
  ၃။ သက်ဆိုင်ရာ ရပ်ကွက်၊ ရဲစခန်း၏နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်၊
  ၄။ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ

မှတ်ချက်။ Final Interview တွင် အထက်ပါ စာရွက်စာတမ်းများ၏ မူရင်းကို တင်ပြနိုင်ရမည်။

ဆက်သွယ်ရန်လိပ်စာ
MEGA RESOURCES Co.,Ltd
အမှတ်-၂၂၊ စီ၊ ကမ္ဘာအေးစေတီလမ်း၊ နှင်းဆီကုန်းဆေးရုံနောက်ကျော၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၂၅၀၃၊ ၀၁-၅၅၂၅၀၂

ဝန်ထမ်းအလိုရှိသည်

ဘော်ကြယ်ထိုး ကျွမ်းကျင်သူ	(မ)
စက်ချုပ်ကျွမ်းကျင်သူ	(မ)
အထွေထွေဝန်ထမ်း	(ကျား/မ)

ဆက်သွယ်ရန်- အမှတ်(၁၁၄)၊ လမ်း(၅၀)၊ အလယ်ဘလောက်၊ ပုဇွန်တောင်မြို့နယ်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ မြေကွက်အမှတ်(၄၆၂/က)၊ မြေကွက်တည်နေရာအမှတ်(၄၆၂/က) မြင်တော်သာလမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ကြည်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည် (မိခင်)နှင့်ဦးညို(ခ)ဦးနီ(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်မို့မို့ဆန်း [၁၂/သကတ(နိုင်)၁၂၅၃၉၇]မှ သေစာရင်း၊ ကျမ်းကျိန်လွှာ တင်ပြ၍အရောင်းအဝယ်စာချုပ်ရန်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမှတ်(၅၂)၊ အခန်း(၇၀၁)၊ (၇)လွှာ(Excel Tower)

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၆၀၂/ခ)၊ ဧရိယာစတုရန်းပေ(၁၂၀၀)ရှိ ဦးထွန်းကြည် အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ (၁၀)လမ်း၊ အမှတ်(၆၀၂/ခ)အဆောက်အအုံတို့အား ဦးထွန်းကြည်၏ အမွေဆက်ခံသူသားသမီးများဖြစ်ကြသော (၁)ဒေါ်သိန်းမြင့်၊ (၂)ဒေါ်မြင့်မြင့်ဆွေ၊ (၃)ဒေါ်နွဲ့နွဲ့ကြည်သန်း၊ (၄)ဦးမြင့်လွင်သန်း၊ (၅)ဒေါ်ခင်လှရည်၊ (၆)ဒေါ်နုနုခင်တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီထားသည့်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်း စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးညွှန့်
(တရားလွှတ်တော်ရှေ့နေ)(စဉ်-၅၁၄၂)

ဒေါ်စန္ဒာဆွေ
(တရားလွှတ်တော်ရှေ့နေ)(စဉ်-၅၇၂၂)

အမှတ်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၇၁၅၉

ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၄ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၆-၉-၂၀၁၃ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၆-၁၂-၂၀၁၃ ရက်နေ့မှ ၁၄-၁၂-၂၀၁၃ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)။

(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies)ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၅၅၀၀၀/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၅၆၀၀၀/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။ [၎င်းအပြင် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀/-) ခံစားခွင့်ပြုသည်။]

၆။ လုပ်သက် ၂ နှစ်ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

အဆင့်အတန်း	အခြေခံ လစာ	အရည်အချင်း လစာ	M.H.R.A	ပေါင်း
(က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)	၇၄၀၀၀	၁၀၀၀	၅၀၀၀	၈၀၀၀၀
(ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း)	၇၄၀၀၀	၁၅၀၀	၅၀၀၀	၈၀၅၀၀
(ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း)	၇၄၀၀၀	၂၀၀၀	၅၀၀၀	၈၁၀၀၀
(ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ)	၈၆၀၀၀	၂၀၀၀	၅၀၀၀	၉၃၀၀၀
(င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ)	၉၂၀၀၀	၂၀၀၀	၅၀၀၀	၉၉၀၀၀

မှတ်ချက်။ (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀/-နှုန်းဖြင့် ၅၀၀၀/-အထိ ခံစားခွင့်ရှိသည်။

(၂) နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀/-)ခံစားခွင့်ပြုသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

မှတ်ချက်။ အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများဌာနမှ သာကေတ ဓာတ်အားပေးစက်ရုံအတွက် လိုအပ်သော 33KV CT ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်	- ၄-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၃-၁၂-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

LCCI, ACCA

ထားဝယ်အသင်း
အမှုဆောင်ကော်မတီဝင်လောင်းများဖိတ်ခေါ်ခြင်း

ထားဝယ်အသင်း၏ (၂၀၁၄-၂၀၁၆)ခုနှစ် (၃)နှစ် သက်တမ်းအတွက် အမှုဆောင်ကော်မတီဝင်များ ရွေးချယ်ရန်ရှိပါသဖြင့် အသင်းဝင်များသည် အမှုဆောင်ကော်မတီဝင်တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိပါက အမှုဆောင်ကော်မတီဝင် အဆိုပြုလွှာပုံစံများကို အသင်းတွင် ရယူပြီး၊ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်၊ ညနေ ၄း၃၀ နာရီ နောက်ဆုံးထားပြီး တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ထားဝယ်အသင်း
အမှတ်(၈၂၈)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁- ၂၂၂၂၁၉

IT COMPUTER TRAINING CENTER

ENGLISH | AutoCAD - 3ds Max | VIDEO EDITING | WEB DESIGN | PROGRAMMING

Computer Basic | LCCI I-II & MYOB | Desktop Publishing | Service Technician | GRAPHIC DESIGN

HOT LINE - 09402907770, 383893, 253293

Government High School နှင့် အထက(၁)၊ စစ်တွေ
အာစရိယပူဇော်ပွဲနှင့်တွေ့ဆုံပွဲဖိတ်ကြားလွှာ ၂၇-၁၁-၂၀၁၃ရက်(အမျိုးသားနေ့)

အသက်(၆၀)ပြည့်ပြီး ဆရာ၊ ဆရာမကြီးများအား ပူဇော်ပွဲနှင့်သက်ကြီးကျောင်းသား၊ ကျောင်းသူများအား ဂါရဝပြုတွေ့ဆုံပွဲကို အောက်ပါအတိုင်း စီစဉ်ကျင်းပပါမည်။ သို့ဖြစ်ပါ၍ အထက(၁)တွင် ပညာသင်ဖူးသူတိုင်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက် ချီးမြှင့်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

(၄၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ (စစ်တွေ)

ဝေသာလီခန်းမ၊ အထက(၁)စစ်တွေ
နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီ ၂၇-၁၁-၂၀၁၃ရက်(အမျိုးသားနေ့)

(၄)ကြိမ်မြောက်အာစရိယပူဇော်ပွဲ (ရန်ကုန်)

ဓမ္မဝတီသာသနာပြုကျောင်းတိုက်၊ ဦးထောင်ဗိုလ်လမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်။
မွန်းလွဲ ၁း၀၀ နာရီမှ ၄း၀၀ နာရီ ၂၇-၁၁-၂၀၁၃ရက်(အမျိုးသားနေ့)

ဆက်သွယ်ရန်

စစ်တွေတွင် - ဦးစိန်ဝင်း- ၀၄၃-၂၁၉၂၀၊ ဦးထွန်းစံအောင်- ၀၄၃-၂၁၉၅၄၊ ဒေါ်စောစောဝင်း- ၀၄၃-၂၁၄၄၃

ရန်ကုန်တွင် - ဒေါ်မာလာကြည်- ၀၉-၇၃၁၅၄၃၁၃၊ ဦးဘသိန်းခိုင်- ၀၉-၇၃၀၇၅၂၆၁၊ ဒေါ်မမြသိန်း- ၀၉-၅၁၉၂၄၂၆၊ ဦးစောမြင့်(စောစော)- ၀၉-၅၁၈၈၉၇၉၊ ဦးစံသာအောင်- ၀၉-၅၁၅၀၀၉၆

Highway Star Travels & Tours Co.,Ltd

Nov-(15)တန်ဆောင်တိုင်ခရီးစဉ်။ (၄ည/၅ရက်)
HighwayStar ကျိုက်ထီးရိုး ခရီးစဉ်နှင့်
(20% Discount)
(10% Discount)
09-731 976 36, 09-36 220 108, 09- 36 220 162

စက်မှုဇုန်မြေကွက်ဝယ်မည်

ပဲခူးမြစ်၊ လှိုင်မြစ်ကပ်လျက် စက်မှုဇုန်မြေကွက် ဝယ်လိုသည်။

ဆက်သွယ်ရန် -ဖုန်း- ၀၉-၅၀၀၀၁၈၀

မင်္ဂလာဆောင်မည့်
သတို့သမီးလောင်းများအတွက်

ချောစုလှိုင်ဆိုင်မှာ သတို့သမီးလောင်းနှင့် ပန်းကြိုကလေးအတွက် ဂါဝန်လှလှလေးကို ၃သောင်း ၆ထောင်မှ ၁သိန်း ၈သောင်းအထိ၊ ဆိုင်ဖွင့်လိုသူအတွက်လည်း ဈေးနှုန်းချိုသာစွာဖြင့် လက်လီလက်ကားရောင်းချပေးနေပါပြီ။ No,(21)၊ အိမ်ကြီးလမ်း၊ ရေကျော်ဈေးအနီး၊ ပုဇွန်တောင်မြို့နယ်
Ph-09-5031862, 09-448010066

တိုက်ခန်းရောင်းမည်(ပွဲစားမလို)

- မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊
- ပေ (၂၅×၅၅)၊ ပဥ္စမထပ်၊
- ပါကေး၊ ကြွေပြား၊ သံပန်း၊
- ဆန်းရှိတ်၊ အိပ်ခန်း(၂)ခန်း၊
- မျက်နှာကြက် ဂျတ်ဆင်ဘုတ်အလှ၊
- ပြင်ဆင်ပြီး အသင့်နေ တိုက်ခန်းကျယ်၊
- (၆၁၀)သိန်း

ဖုန်း-၀၉ ၄၂၀၁၂၈၈၇၅

ဖခင်အမည်မှန်

မောင်သော်ဇင်ငြိမ်း (အထက-ခွဲ) အုပ်ရှစ်ကျေးရွာ၊ အခြေခံ(အထက-ခွဲ)၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင်၊ မိခင်မှာ ဒေါ်ကျင်သိန်းဖြစ်ပါကြောင်း။

ခြံရောင်းမည်

ကမာရွတ်မြို့နယ်၊ ဇေယျာသီရိလမ်း၊ ပေ(၂၀×၇၀)။
ဖုန်း- ၀၉-၂၅၀၁၈၀၀၃၁

Guide To English For Business

ကျေးဇူးဆပ်ပါမည်

ကျွန်မ မအိအိချော[၁၂/ကမရ(နိုင်)၀၁၃၈၀၅] ကိုင်ဆောင်သော ပတ်စပို့စ်နံပါတ် ၆၄၅၂၃၃ စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၅၀၁၉၂၈၄

ရောင်းမည်

ပေ(၄၇×၆၀)၊ ၂ထပ်အိမ်တစ်လုံးပါ၊ ထောင့်ကွက်၊ နှစ် ၆၀ဂရန်၊ အောင်ရတနာ ဆေးရုံအနီး၊ ညိုနိုင်းဈေး

ဖုန်း-၀၉- ၄၂၀၁၀၇၂၂၉

(၁) Marketing

Ph: 541501, 551197, 400781, 09 73104200

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နည်းပြက ဦးစွာရှင်းပြသည်မှာ ဆီးဂိမ်းပြိုင်ပွဲ၌ ကာယဗလပြိုင်ပွဲစတင်ယှဉ်ပြိုင်သည့် ပွဲစဉ်အစတွင် ပထမဆုံး ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ရန် အလွန်အရေးကြီးကြောင်း၊ ပထမဆုံး ပြိုင်ပွဲဝင်မည့် အတန်းသည် အရေးအပါဆုံးဖြစ်သဖြင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

၅၅ ကီလိုတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကာယဗလမောင် ထွန်းမင်း။

ယနေ့

မာတိကာ

ကာတွန်းစိတ်ဝင်စားသူများ အခမဲ့လာရောက်ကြည့်ရှုနိုင်

စာမျက်နှာ - ၁၁

ဘက်ခမ်း၏သားဖြစ်သူ ဘရွတ်ခ်လင်းအား မန်ယူစောင့်ကြည့်နေ

စာမျက်နှာ - ၁၃

တနင်္ဂနွေအထူးထုတ်ပါရှိ

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် တနင်္ဂနွေအထူးထုတ် ရှစ်မျက်နှာ ပါရှိပါသည်။



အလင်းမဟာ စာကြည့်တိုက်သစ်ဖွင့်

ပြည်တွင်းရေးရာ စာမျက်နှာ - ၄ »

အခွန်အခ ဆိုရာဝယ်

ဘဏ္ဍာရေး စာမျက်နှာ - ၂ »

ပြည်တွင်းရေးရာ စာမျက်နှာ - ၅ »

ကြေးမုံ The Mirror
တနင်္ဂနွေ အထူး
SUNDAY SPECIAL
2013 NOVEMBER 3, SUNDAY

သဘာဝပတ်ဝန်းကျင်

တန်ဖိုးကြီးလှ ဒီရေတောဂေဟ

မောင်အဏ္ဏဝါ(ရေငန်ငါး)

ဒီရေတော(Mangrove Forest) သည် စာရေးသူနှင့်မစိမ်းပေ။ မစိမ်းဆိုသည်ထက် ယဉ်ပါးမှုရှိသည်ဆိုပါက ပိုမှန်ပေလိမ့်မည်။ ကမ်းရိုးတန်းမြို့သားလည်းဖြစ်ပြန်၊ လမ့်၊ လမု၊ ဓနိ စတဲ့အပင်များ စိမ်းစိမ်းစိုစိုနဲ့ စီရရီ ပေါက်နေတဲ့ ချောင်းကမ်းဘေးကအိမ်ကလေးမှာ မွေးဖွားကြီးပြင်း လူလားမြောက်လာသူဆိုတော့ သိတတ်စအရွယ်ကတည်းက ဒီရေ၊ ဒီမြေ၊ ဒီပတ်ဝန်းကျင်မှာ ဒီရေတောနှင့်အသားတကျ ဖြစ်နေခဲ့ပါတယ်။

လမ့်(Avicennia sp)၊ လမု (Sonneration alba)၊ သရော(Exeoecaria agallocha)၊ ဓနိ(Nipa fruticans) စတဲ့ အပင်ကြီးတွေနဲ့ ခရာ(Acanthus ilicifolicus)၊ ရေခရူစတဲ့အပင်ငယ်များ၊ ဒီရေစစ်ချိန်ချောင်းရိုးတစ်လျှောက် လတာပြင်နှင့် အပင်များအောက်ခြေအနှံ့မှာ နီတာရဲရဲနှင့် တယောထိုးကဏန်းငယ်ကလေးများ (Uca crab)၊ အသွေးအရောင် ညိုညစ်ညစ်နှင့် ယခုဆိုလျှင် တစ်ဖက်ထိုင်းနိုင်ငံဈေးကွက်ကို ဖမ်းယူတင်ပို့ခြင်းခံနေရတဲ့ ကဏန်းပုန်း (Avicenna crab) များ၊ ဟိုမှဒီမှ ခုန်ဆွလူးလာကျက်စားနေတဲ့ ငါးပုံ့ခေါ် ဘရက်ပွေး(Periopthalmus) များနှင့် ပုံသဏ္ဍာန်အရွယ်အမျိုးမျိုးနှင့်ခရုများ၊ အစာလာရှာတဲ့ ဗျိုင်း၊ သိန်းငှက်၊ ရေကြက်နှင့် အပင်များပေါ် ဟိုမှသည်မှပျံသန်း၍ တစာစာ အသံပေးနေတဲ့ အရောင်အသွေးစုံငှက်ငယ်များ၊ တစ်ဖန်ချောင်းရိုးထဲ ပင်လယ်ရေတိုးဝင်မြင့်တက်လာပြန်တော့ နီးစပ်ရာအပင်များပေါ် တွယ်ကပ်တက်သွားပြန်တဲ့ ခရု၊ ကဏန်း၊ အင်းဆက်ပိုးကောင်များ၊ ဒီရေအတက်နှင့်အတူ ပရုန်း (Rhizophora candalaria)၊ ကနစို (Heritiera formes)စတဲ့ ထင်းပိုင်းကြီးများကို လှေဦး၊ လှေပဲ့အပြည့်တင်ဆောင်၍ ချောင်းအညာဘက်နားဆီက မီးသွေးဖိုများဆီ သွားရောက်ပို့ဆောင်မယ့် ထင်းခုတ်လှေတွေ တစ်စင်းပြီး တစ်စင်း ချောင်းရိုးအတိုင်း လှော်ခတ်ဝင်လာကြပုံ စတဲ့မြင်ကွင်းတွေကို ယနေ့ထက်တိုင် ကောင်းစွာအမှတ်ရနေမိပါသေးတယ်။

စာရေးသူငယ်စဉ် ကလေးဘဝက ကျောင်းအားလပ်ရက်များဆိုလျှင် ချောင်းထဲဆင်း၊ အဖော်များနှင့် ဓနိဘောင်များကို ဖက်တွယ်ကိုယ်ဖော့ပြီး ရေကူးလိုက်၊ ကဏန်းများ ဖမ်းလိုက်၊ ဦးလေးတော်သူရဲ့ လက်ပစ်ကွန်ကိုယူပြီး မတတ်တတတ်နှင့်ကွန်ပစ် ငါး၊ ပုစွန်ရှာ လုပ်လေ့ရှိပါတယ်။ ရွှံ့ကဏန်းများကလည်း ထိုစဉ်ကပေါမှပေါဆိုတော့ ရေမပြည့်မီ ရေနံဆီသံပုံးလတ်နဲ့တစ်ဝက်လောက် ကဏန်းက ရနေပြီ။ ချောင်းရိုးအနီးနေကြတဲ့သူတွေ အနေနဲ့ကတော့ ဟင်းစားအတွက် လုံးဝပူစရာမလို။ ပိုက်ကွန်တစ်ခုဖြစ်ဖြစ်၊ ငါးမျှားတံတစ်ချောင်းဖြစ်ဖြစ်၊ ယက်သဲ့ကလေးတစ်ခုဖြစ်ဖြစ် ရှိရုံနှင့် သာမန်ဟင်းစားအတွက် အဆင်ပြေနိုင်သည်။ ပတ်ဝန်းကျင်မှာ ဓနိပင်များလည်း ဟိုတစ်စု၊ ဒီတစ်စုရှိနေပြန်တော့ လုပ်တတ်ရင် ဓနိရည်ချိုပါ ရနိုင်သေးရဲ့။

ငယ်စဉ်ဘဝက ဒီလိုပတ်ဝန်းကျင်မှာ ဒီရေတောပင်များကြားမှာ ဖြတ်သန်းတိုက်ခတ်လာတဲ့ အေးမြလတ်ဆတ်တဲ့လေကို ရှူရှိုက်ရင်း လတ်ဆတ်တဲ့ ငါး၊ပုစွန်ဟင်းလျာတွေနဲ့ မြိန်ယှက်စွာထမင်းလက်ဆုံစားကြရင်း၊ ကျေးငှက်အပေါင်းရဲ့ တွန်ကျူးသံကိုနားဆင်ကြည်နူးရင်း အရွယ်ရောက်လာရပေမယ့် ဒီရေတောပင်များ စုဝေးရာ ဒီရေရောက်တောများရဲ့ အရေးပါအကျိုးကျေးဇူးကြီးလှပုံကို သတိမမူမိခဲ့ပေ။ တက္ကသိုလ်ကျောင်းသားဘဝ၊ အဏ္ဏဝါသိပ္ပံဘာသာရပ်ကို ဆည်းပူးခွင့်ရတဲ့အချိန်ကျတော့ ဆရာများ၏ကျေးဇူးကြောင့် ဒီရေတောဆိုတာ တော်တော်တန်ဖိုးကြီးမားပါလား၊ သတ္တလောက၊ အထူးသဖြင့် ရေနေသက်ရှိများ၊ ရေ/ကုန်းနှစ်ထွေနေ သက်ရှိတွေအတွက်၊ သဘာဝပတ်ဝန်းကျင်အတွက်၊ လူမှုစီးပွားရေးအတွက် တော်တော်အကျိုးကျေးဇူးပြုပါလား ဆိုတာ သိနားလည်ခွင့်ရရှိခဲ့သည်။

စာမျက်နှာ ၄ သို့ »

အခွန်အခ ဆိုရာဝယ်

ကံကိုယုံကြပါသလား။ “ကံကိုယုံ၍ ဆူးပုံမနင်းရာ” ဟု ဆိုရိုးရှိသည်။ သို့သော်ကံကြမ္မာသည် အမှန်ပင် ဆန်းကျယ်သည်။ ကံကိုအလုပ်ဟုဆိုကြသည်။ ကောင်းတာလုပ်၊ ကောင်းတာခံစားကြရမည်။ မကောင်းတာလုပ်၊ မကောင်းတာခံစားရမည်။ ဤကား လူကြီးမိဘ၊ ဆရာသမားများသာမက ဘုန်းတော်ကြီးများ၊ တရားမွေဆရာများအားလုံး ပြောဆိုဆုံးမခဲ့ကြသည့် လောကတရားမွေပင်ဖြစ်ပါသည်။

မည်သူတွေအမှန်တကယ် လက်ခံယုံကြည်ကြပါသလော။ ကောင်းရာကောင်းကြောင်း အလုပ်ကို လုပ်နေလေ့ရှိနေကြသလော။ မကောင်းတာပယ်၍ ကောင်းတာလုပ်မည်ဟု နံနက်အိပ်ရာထ မိုးအလင်းတွင် ဆုံးဖြတ်ချက်ဖြင့် နိုးထခဲ့ကြဖူးပါသလော။ ကောင်းတဲ့အလုပ်ဟု ပြောဆိုကြရာတွင် မည်သည့်အလုပ်တွေက ကောင်းတဲ့အလုပ်ဖြစ်ပြီး မည်သည့်အလုပ်တွေက မကောင်းတဲ့အလုပ်တွေဖြစ်နေပါသနည်း။ စဉ်းစားသုံးသပ်ရန် လိုအပ်လာသည်။ အချို့သော လုပ်ငန်းရပ်များသည် မိမိအတွက်ကောင်း၏။ အခြားသူများအတွက် မကောင်းသည့်အလုပ်ဖြစ်နေတတ်သည်။

အဆိုးအကောင်းဆိုသည်မှာ

ဈေးရောင်းသူတစ်ဦးက မိမိကုန်ပစ္စည်းအပေါ် ဈေးနှုန်းပို၍တင်ပြီး အမြတ်ရအောင်ရောင်း၏။ သူ့အတွက် အကျိုးရှိအောင် လုပ်ဆောင်မှုဖြစ်၏။ ဝယ်ယူသူအဖို့ နစ်နာရ၏။ သို့သော် ကောင်းရောင်းကောင်းဝယ်၊ လုပ်နည်းလုပ်ဟန်သည် သူ့ကဏ္ဍနှင့်သူ ရှိပြီးဖြစ်၏။ သင့်တင့်သော ဈေးနှုန်းအမြတ်တင်ခြင်းသည် ဝယ်ယူသူလက်ခံနိုင်သော အမှုကိစ္စဖြစ်၍ နှစ်ဦးနှစ်ဖက်အတွက် အပြစ်ဆိုစရာမရှိချေ။ ဤကဲ့သို့သော အပေးအယူလုပ်ငန်းများ၌ လက်ခံနိုင်အပ်သော အခြေအနေတစ်ရပ်သည် ရှိစမြဲပင်ဖြစ်၏။ သို့သော် အချို့သည် မိမိအတွက် ကောင်းဖို့သာလျှင် စိတ်အားထက်သန်စွာ လုပ်ဆောင်တတ်ကြလေသည်။

အဆင့်တိုင်း၌ ကောင်းသောအလုပ်လုပ်ရန်

လူတစ်ဦးချင်းက မိမိနှင့်နေ့စဉ် ဆက်ဆံထိတွေ့နေရသော လူပုဂ္ဂိုလ်များအတွက် ကောင်းရာကောင်းကြောင်း တစ်စုံတစ်ရာလုပ်ဆောင်ပေးရန် တာဝန်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် မိမိတို့လူ့လောကထဲ၌ ကျင်လည်နေနိုင်ခြင်းသည် ဤမိတ်ဆွေ၊ အပေါင်းအသင်းများကြောင့်ဖြစ်သည်။ သူတို့တစ်တွေရှိ၍ မိမိတစ်ဦးတည်းသာ အသက်ရှင်နေရစ်သည်ဟု ခံစားကြည့်လျှင် မိတ်ဆွေအပေါင်းအသင်းများ၏ ရှိနေမှုတန်ဖိုးကို နားလည်နိုင်ပါသည်။

အလားတူပင် မိသားစုအလိုက် စဉ်းစားနိုင်ပါသည်။ အိမ်နီးနားချင်းများ၏ မိသားစုများအတွက် မိမိ မိသားစုက အကျိုးပြုရပေမည်။ မိမိ မိသားစုတစ်စုသာရှိနေလျှင် ရှင်သန်နေနိုင်မည်မဟုတ်။ “သူတို့တစ်တွေရှိလို့၊ သူတို့မိသားစုတွေရှေ့တွင် ဝါကြွားနိုင်တာပါဟယ်” ဟု ပြောဆိုတတ်ကြသည်။ ဝါကြွားစရာ၊ ဂုဏ်ယူစရာများသည်လည်းကောင်း၊ အားပေးနှစ်သိမ့်မှုများသည် လည်းကောင်း မိသားစုများရှိနေခြင်းကြောင့်သာ ဖြစ်ရသည်။

ကျေးရွာအလိုက်၊ မြို့နယ်အလိုက်၊ နိုင်ငံအလိုက်၊ အဆင့်အလိုက် ကောင်းရာမွန်ရာလုပ်ဆောင်ကာ ဖေးမကူညီကြရန်ဖြစ်သည်။ နိုင်ငံတော်သည် တိုင်းသူပြည်သားများအတွက် ကောင်းရာမွန်ရာလုပ်ဆောင်ပေးရမည်။ တိုင်းသူပြည်သားများကလည်း တိုင်းပြည်အတွက် ကောင်းရာမွန်ရာလုပ်ဆောင်ပေးကြရမည်သာဖြစ်သည်။ ဤသို့ အပြန်အလှန်မရှိလျှင် တိုင်းပြည်လည်း တိုးတက်မလာနိုင်။ တိုင်းသူပြည်သားများလည်း တိုးတက်မလာနိုင်။ အမှန်စင်စစ် ဤအခြေခံသဘောတရားသည် ရိုးရှင်းလှသည်။ လူပြိန်းတွေးတွေးခေါ်မှုဟု ဆိုနိုင်ပါသည်။ သို့သော် ဤအတွေးသည် ဒဿနတွေးခေါ်ရှင်များ၏ အတွေးနှင့် ထပ်တူပင်အဓိပ္ပာယ်ဖြစ်ပါသည်။ လူတစ်ဦးစီတိုင်းက တိုင်းပြည်အတွက် ကောင်းရာမွန်ရာဆောင်ရွက်ဖြည့်ဆည်းပေးရမည်။ ဤသည်ကို “တိုင်းပြည်သည် လူတစ်ဦးချင်းအတွက်၊ လူတစ်ဦးချင်းသည် တိုင်းပြည်အတွက် ”ဟု ပြောဆိုတတ်ကြပါသည်။

ရှင်ဇာနန်(မဟာသိပ္ပံ)

တိုင်းချစ်ပြည်ချစ်စိတ်ဖြစ်ပေါ်ရခြင်း

ကောင်းသော တိုင်းနိုင်ငံများတွင် ပြည်သူပြည်သားများအတွက် ကောင်းသောအစီအမံများ လုပ်ဆောင်ပေးသည်ဟု ကြားဖူးကြပေမည်။ ဉပမာ- အသက်ကြီးသူများအား မကြောင့်မကြ အသက်ရှင်နေနိုင်ရန် သက်ကြီးပင်စင်၊

အထောက်အပံ့များကို နိုင်ငံတော်က စီစဉ်ပေးသည်ဟု ဆိုသည်။ အရွယ်ရောက်၍ အလုပ်အကိုင်မရှိသူများကိုလည်း စားသောက်ဖို့ရန် အလုပ်အကိုင်ရရှိသည်အထိ အစိုးရက ပံ့ပိုးကူညီပေးသည်ဟု ဆိုသည်။ ဤရွေ့ဤမျှ နိုင်ငံတော်က တိုင်းသူပြည်သားများအတွက် ကောင်းရာမွန်ရာဆောင်ရွက်ပေးသလို နိုင်ငံသူနိုင်ငံသားများကလည်း တိုင်းပြည်အတွက် ကောင်းရာမွန်ရာလုပ်ဆောင်ပေးကြသည်ဟုဆိုသည်။ အပြန်အလှန် ကူညီရိုင်းပင်းဖေးမမှုကြောင့် တိုင်းပြည်ချစ်ကြသည်။ မိမိတို့တိုင်းပြည်ကို မြတ်နိုးတွယ်တာကြသည်။ အသက်ပေးကာကွယ်ရန် ဝန်မလေးကြဟု ဆိုပါသည်။

ဤတွင် လူတိုင်းက တိုင်းပြည်အတွက် မည်သည့်အလုပ်ကို လုပ်ပေးကြပါသနည်းဟု စဉ်းစားစရာဖြစ်လာသည်။ လူတိုင်းက လုပ်ဆောင်သည့်လုပ်ငန်းတစ်ရပ်မှာ အခွန်အခပေးရန် ဝန်မလေးကြခြင်းဟု ဆိုသည်။ တိုင်းပြည်အတွက် မိမိတို့၏ ဝင်ငွေများမှ အချိုးကျ အခွန်အခပေးကြသည်။

၎င်းတို့ပေးသည့် အခွန်အခဖြင့် တိုင်းပြည်က မစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များကို ကူညီဖေးမမှုပေးနိုင်ခြင်းကြောင့် ဖြစ်သည်။ မိမိတို့စွမ်းဆောင်နိုင်သည့် အတိုင်းအတာအလျောက် အခွန်အခများသည် အခြားတစ်ဖက်၌ ကောင်းရာမွန်ရာလုပ်ငန်းအတွက်ဖြစ်ကြောင်း တွေ့ကြရသည်၊ သိကြသည်။ ထို့ကြောင့် မတွန့်မဆုတ်နိုင်ငံတော် အခွန်ဘဏ္ဍာသို့ ထည့်ကြသည်။

အခွန်အခအပေါ် ခံယူချက်များ

ယနေ့ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် အခွန်အခစနစ်ပီပြင်မှု ရှိ၊ မရှိ သေချာမသိရသော်လည်း ဝန်ထမ်းများကမူ လစာမှ အခွန်အခများအချိုးကျဖြတ်တောက်ကာ နိုင်ငံအတွက် ပေးဆောင်နေကြရပြီဖြစ်ပါသည်။ တစ်သိန်း၊ နှစ်သိန်းခန့် လစာငွေဖြင့်မိသားစု ငါးဦး၊ ခုနစ်ဦးလုပ်ကျွေးနေရသော ဝန်ထမ်းများကပင် အခွန်အခပေးနေရစဉ် နိုင်ငံတစ်နံတစ်လျား၌ နာမည်ကြီးနေသောကုမ္ပဏီလုပ်ငန်းရှင်ကြီးများက အခွန်အခမပေးဘဲရှိနေကြကြောင်း ဖတ်ရမှတ်ရကြားသိရသောအခါ သာမန်အတွေးဖြင့်ပင် စဉ်းစား၍မရအောင်ဖြစ်မိရပါသည်။ ပေးမည့်သူကမပေးလျှင် တောင်းမည့်သူကအဘယ်ကြောင့် မတောင်းခံပါသနည်း။ မစားလောက်၊ မသောက်လောက်သော လစာဝင်ငွေမှ အခွန်အခပေးဆောင်သူများက ပေးဆောင်နေစဉ် သောက်သောက်လဲဝင်ငွေရစီးပွားရေးလုပ်ငန်းရှင်များက အဘယ်ကြောင့် ကောင်းမွန်မြင့်မြတ်သောအလုပ်ကို ရှောင်နေရက်ကြပါသနည်း။

မျိုးစေ့ချခြင်းဉပမာ

အကြောင်းပြစရာများစွာ ရှိနိုင်ပါသည်။ ဘုရားကျောင်း၌ အလှူငွေထည့်ရန် ချမ်းသာသူတစ်ဦးအား မေတ္တာရပ်ခံကြည့်ခဲ့ဖူး၏။ ၎င်းက “ဘယ်လိုသုံးစွဲကြမလဲ၊ သုံးစွဲမယ့် ပုဂ္ဂိုလ်တွေက စိတ်ချရလို့လား၊ မလှူနိုင်ပါ” ဟု အပြတ်ငြင်းသည်ဆို၏။ သူ့အကြောင်းပြချက်နှင့် သူရှိတတ်ကြ၏။ မည်သို့ပင်ဆိုစေ ကောင်းရာမွန်ရာပြုလုပ်မှုတိုင်း၌ ကောင်းသောအသီးကိုသီးသည်ဟု ကျမ်းဂန်များ၌ ဖော်ပြထားကြပါသည်။ ခါးသောမျိုးစေ့မှ ချိုသောအသီး မသီးနိုင်သလို ချိုသောစပျစ်ပင်မှ ခါးသောအသီး မသီးနိုင်။ လူတို့၏အပြုအမူသည် အလားတူပင်ဖြစ်ပါသည်။ ပြုမူရန် မိမိအလုပ်တာဝန်ဖြစ်၏။ ရလဒ်အတွက် ဘုရားအလိုတော်ဟု ဆိုကြသည်။ တိုင်းပြည်တာဝန်၊ နိုင်ငံ့တာဝန် တာဝန်ကိုယ်စီရှိကြရာ မိမိတာဝန်မိမိကျေပွန်ရေးသည် ပထမဖြစ်၏။

မိသားစုတစ်စုမှ နိုင်ငံအတိုင်းအတာအထိ အဆင့်တိုင်းရှိ တစ်ဦးချင်းစီ၏ အတွေးအခေါ်မှန်ကန်မှု၊ ရင့်ကျက်မှု၊ ကြီးမြတ်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ ကံကြမ္မာအဆိုးအကောင်းကို ဖန်တီးပေးသည်မှာ အမှန်ပင်ဖြစ်ပါသည်။ သာမန်အရပ်တွေးတွေးခေါ်မှုသည် ပညာရှိအတွေးဒဿနနှင့် အချို့ကိစ္စရပ်များ၌ ကွဲလွဲနိုင်သော်လည်း ကုသိုလ်ကောင်းမှုဆိုင်ရာ အပြုအမူအတွေးအခေါ်၌ ကွဲလွဲရန်အကြောင်းမရှိပေ။ ကောင်းရာမွန်ရာလုပ်လျှင် ကောင်းရာမွန်ရာခံစားကြရမည်။ ချိုသောမျိုးစေ့ကိုချလျှင် သီးချိန်တန်သောအခါ ချိုသောအသီးကိုသီးပေမည်။ ဤကားလောကနိယာမပင်ဖြစ်ကြောင်း သတိတရားရှိကြရန် ရေးသားတင်ပြလိုက်ရပေသည်။ ■

အခွန်ထမ်းများသို့ ဉပဒေအရ ပေးအပ်ထားသည့် အခွင့်အရေးများ

- ❖ တင်သွင်းသည့်ကြေညာလွှာတွင် မှားယွင်းချက်၊ ကျန်ရှိချက်ရှိလျှင် စည်းကြပ်မှုမပြုလုပ်မီ ပြင်ဆင်ခွင့်ရှိပါသည်။
- ❖ စည်းကြပ်မှုများအယူခံမှုများနှင့်ပတ်သက်၍ အထောက်အထားစာရင်းများ တင်ပြပြောရေးဆိုခွင့်ရှိပါသည်။
- ❖ စည်းကြပ်မှုများတွင် မှတ်တမ်းမှပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်အားတွေ့ရှိပါက ပြန်လည်ပြင်ဆင်ပေးပါရန် တင်ပြခွင့်ရှိပါသည်။
- ❖ ဉပဒေနှင့်အညီ အယူခံပိုင်ခွင့်၊ ပြင်ဆင်မှုလျှောက်ထားခွင့် ရှိပါသည်။
- ❖ ရရန်ရှိသည့် ပြန်အမ်းငွေကို အကြောင်းကြားစာရရှိသည့် နေ့ရက်မှ တစ်နှစ်အတွင်း တောင်းဆိုခွင့်ရှိပါသည်။

မြန်မာတိုင်းရင်းဆေးခန်းသုံး တိုင်းရင်းဆေးဖုံများ၏ အရည်အသွေးစံချိန်စံညွှန်း

ဒေါက်တာမေအေးသန်း
ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)

(ယခင်အပတ်မှအဆက်)

တိုင်းရင်းဆေးသုတေသနစီမံချက်အရ အစိုးရဆေးခန်းဆေးရုံသုံး တိုင်းရင်းဆေးဖုံ ၅၉ ဖုံအနက် ၄၈ ဖုံ၏ ကျမ်းဂန်လာဆေးဝါးဂုဏ်သတ္တိ၊ စံချိန်စံညွှန်းလက္ခဏာများ၊ ရုက္ခဗေဒ၊ ရူပဓာတု အရည်အသွေးစံချိန်စံညွှန်းပမာဏများ သတ်မှတ်ခြင်း၊ ဆေးဝါးအာနိသင်နှင့် အဆိပ်အာနိသင်တို့ကို သိပ္ပံနည်းကျ လေ့လာသုတေသနပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဤသုတေသန စီမံချက်၏ရလဒ်များကို အောက်ပါစာအုပ် ငါးအုပ်အဖြစ် ၁၉၈၉ ခုနှစ်၌ မှတ်တမ်းတင် ပြုစုထုတ်ဝေဖြန့်ဖြူးခဲ့ပါသည်-

၁။ မြန်မာတိုင်းရင်းဆေးဖုံများအညွှန်း၊
Myanmar Traditional Medicinal Formulary

၂။ စံပြတိုင်းရင်းဆေးပြတိုက်စာရင်း၊
Catalogue of the Crude Drug Museum

၃။ မြန်မာတိုင်းရင်းဆေးဖုံများ၏ ဆေးဝါးနှင့် အဆိပ်အာနိသင် စမ်းသပ်ခြင်း၊
Pharmacological and Toxicological Evaluation of Myanmar Traditional Medicinal Formulations

၄။ မြန်မာတိုင်းရင်းဆေးဖုံများ၏ ရုက္ခဗေဒ၊ ရူပဓာတုလက္ခဏာများ လက်စွဲစာအုပ်၊
Handbook of Botanical and Physico-chemical Characterization of Myanmar Traditional Medicinal Formulations

၅။ မြန်မာတိုင်းရင်းဆေးဖုံများတွင် ပါဝင်သောဆေးပင်များ၏ ဆေးဝါးသိမှု ရုက္ခဗေဒ၊
Pharmacognosy of Plant Ingredients of Myanmar Traditional Medicinal Formulations တို့ဖြစ်ပါသည်။

ဤသို့သုတေသနပြု၍ရရှိသော အဖြေများအားစုစည်းပြီး တိုင်းရင်းဆေးခန်းသုံး တိုင်းရင်းဆေးဖုံအချို့သာ အာနိသင်ထက်မြက်မှု၊ အဆိပ်အာနိသင် မရှိမှုတို့ကြောင့် ပြည်သူလူထုယုံကြည်စိတ်ချစွာသုံးစွဲနိုင်ရန်လည်းကောင်း၊ အချို့ တိုင်းရင်းဆေးဖုံများတွင် မလိုအပ်သောဓာတ်သတ္တုပစ္စည်းများ ပါဝင်နေပြီး လူကိုဘေးဥပဒ်ဖြစ်စေနိုင်သဖြင့် သမားကိုင်ဆေးအဖြစ် အထူးသတိပြုသုံးစွဲရန်၊ ဈေးကွက်တွင် ထုတ်လုပ်ရောင်းချခြင်း မပြုရန်ရည်ရွယ်၍လည်းကောင်း၊ တိုင်းရင်းဆေးဆရာများ ဆေးကုသရာတွင် အားထားရသော 'သုတေသနပြု မှတ်တမ်းတင်ထားသော မြန်မာတိုင်းရင်းဆေးဖုံများ (၁၉၉၈ ခုနှစ်) စာအုပ်'ကို မြန်မာပြန်ဆိုပြုစုထုတ်ဝေခဲ့ပါသည်။ ယင်းစာအုပ်များမှာ ကိုယ်တိုင်ဆေးဖော်၍ သောက်သုံးနေသောသူများနှင့် မြန်မာတိုင်းရင်းဆေးဝါးများကို ထုတ်လုပ်နေ သောသူတို့အတွက်လည်း အလွန်တန်ဖိုးရှိလှသောကြောင့် ယင်းစာအုပ်ကို ၂၀၀၁ ခုနှစ်တွင် ဒုတိယအကြိမ် ထပ်မံထုတ်ဝေခဲ့ပါသည်။

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် အများပြည်သူတို့ အန္တရာယ်ကင်းရှင်းပြီး ယုံကြည်စိတ်ချစွာ သုံးနိုင်ရန်ရည်ရွယ်၍ ပြည်သူများသုံးစွဲနေကြသည့် ကျော်ကြားသောဆေးပင်များ (Reputed medicinal plants)၊ တိုင်းရင်းဆေးဆရာတို့ သုံးစွဲနေကြသောဆေးပင်များ၊ အဓိကရောဂါ ခြောက်မျိုးဖြစ်သော ငှက်ဖျားရောဂါ၊ တီဘီ အဆုတ်ရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါနှင့် ဝမ်းကိုက်ရောဂါများကို ကုသသော ဆေးပင်တို့ကို အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊ ဆေးဝါးအာနိသင်နှင့် အဆိပ်အာနိသင်တို့ကို အဓိကထား၍ စဉ်ဆက်မပြတ်သုတေသနပြုလုပ်လျက် ရှိပါသည်။

ထို့အပြင် တိုင်းရင်းဆေးပင်များ၏ဆေးဝါးအာနိသင်၊ ရုက္ခဗေဒလေ့လာခြင်း၊ ဓာတုပစ္စည်းများလေ့လာခြင်းများကို စုစည်း၍ ပြည်သူလူထုအတွက် အစွမ်းထက်တိုင်းရင်းဆေးပင်များကို သိပ္ပံသုတေသီများ၊ ကျမ်းပြုစုသူများနှင့် တိုင်းရင်းဆေးပညာသင်တန်းသားများအတွက် အားထားရသော 'တိုင်းရင်းဆေးပင်များနှင့် ပတ်သက်သောမဟာဘွဲ့များအတွက် တင်သွင်းခဲ့သော ကျမ်းကြီးများ စာတမ်းအကျဉ်း (၁၉၇၄-၁၉၉၆)အထိ စာအုပ်' ကို ၁၉၉၈ တွင် မြန်မာပြန်ဆို ပြုစုထုတ်ဝေခဲ့ပါသည်။

ထို့နောက် မြန်မာနိုင်ငံတွင်ဖြစ်လေ့ဖြစ်ထရှိသော ရောဂါ ၁၃ မျိုးနှင့် ၄င်းရောဂါများဖြင့် သိပ္ပံနည်းကျစမ်းသပ် ဖော်ထုတ်ထားသော မြန်မာဆေးပင်များနှင့် ကုသသောကုထုံးများကို ပြုစုပြီး ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးအတွက် အားထားရမည့် 'ကျန်းမာရေးနှင့် မြန်မာဆေး' ပြည်သူ့ကျန်းမာရေး လက်စွဲစာစဉ်ကို ၂၀၀၀ ပြည့်နှစ်က မြန်မာဘာသာဖြင့် ပြုစုထုတ်ဝေခဲ့ပါသည်။ ဤစာအုပ်တွင် ရောဂါလက္ခဏာကုသပုံကုသနည်း၊ မည်သည့်အချိန် မည်သည့် လက္ခဏာတွေ့ပါက ဆေးခန်းဆေးရုံသို့ သွားရမည်တို့ကိုလည်းကောင်း၊ ရောဂါ မဖြစ်အောင် ကာကွယ်သောနည်းတို့ကိုလည်းကောင်း ဖော်ပြထားသဖြင့် ကျေးလက်နေပြည်သူများသာမက တိုင်းရင်းဆေးကိုအားထားသော ပြည်သူ ပြည်သားများအတွက် အလွန်အသုံးဝင်သောစာအုပ်တစ်အုပ်ဖြစ်ခဲ့ပါသည်။ ယင်းစာအုပ်ကို အင်္ဂလိပ်ဘာသာပြန်ပြီး အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် CD Rom ကို ၂၀၀၁ ခုနှစ်တွင် ပြုစုခဲ့သည်။

ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဆေးဝါးဗေဒဌာနခွဲမှ ထုတ်ဝေခဲ့သော တိုင်းရင်းဆေးဖုံများ၏ အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း သုတေသန၏ရလဒ်ဖြစ်သော စာအုပ်ကြီးငါးအုပ်နှင့် ကျန်းမာရေးနှင့်မြန်မာ ဆေးစာအုပ်တို့မှာ တိုင်းရင်းဆေးသုတေသီများ၊ ဘွဲ့လွန်ကျောင်းသားများ၊ တိုင်းရင်း ဆေးကျောင်းသားများ၊ တိုင်းရင်းဆေးဆရာများအတွက် အလွန်တန်ဖိုး မဖြတ်နိုင်သော စာအုပ်များဖြစ်သကဲ့သို့ တိုင်းရင်းဆေးဆရာများ၏ သင်ပြမှု ပြဋ္ဌာန်းစာအုပ်အဖြစ် သတ်မှတ်ခဲ့သည့်အတွက် အလွန်တန်ဖိုးမဖြတ်နိုင်သော စာအုပ်များဖြစ်ပါသည်။ ယင်းတို့ကိုရေရှည်ထိန်းသိမ်းနိုင်ရန်ယင်းစာအုပ်ငါး အုပ်ကို ၂၀၀၁ခုနှစ်တွင် CD Rom များပြုလုပ်ခဲ့ပါသည်။

ယခုကဲ့သို့ တိုင်းရင်းဆေးဖုံများ၏ အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊ သုတေသနရလဒ်အားပြုစုထုတ်ဝေခဲ့ခြင်းကြောင့် အချို့ရှားပါးအပင်တို့ကို မြန်မာတိုင်းရင်းဆေးဖုံများတွင် ပါဝင်သောဆေးပင်များ၏ ဆေးဝါးသိမှုရုက္ခဗေဒတွင်ကြည့်၍ တူရာနှင့်ရောနှောခြင်းကို ခွဲခြားသိနိုင်ပါသည်။ မသိဘဲ အမှန်တကယ်ပါရှိရမည့် ဆေးပင်မဟုတ်သည့် အပင်ကိုလွဲမှားသုံးမိသည့်အတွက်ကြောင့် အာနိသင်မပြည့်ဝခြင်း၊ ဘေးထွက်ဆိုးကျိုးရှိနိုင်ပါသည်။ ဆေးပစ္စည်းအမည်စစ်မှန်ပြီး အရည်အသွေးစံချိန်စံညွှန်းပြည့်မီမှသာ မျှော်မှန်းထားသော ဆေးဝါးအာနိသင်ကိုရရှိနိုင်သောကြောင့် ဤစာအုပ်များသည် အညွှန်းပြုရန် အလွန်အားထားရသောစာအုပ်များဖြစ်ပါသည်။

ထို့အပြင် မြန်မာတိုင်းရင်းဆေးဖုံများ၏ ရုက္ခဗေဒ၊ ရူပဓာတုလက္ခဏာများ လက်စွဲစာအုပ်အရ အန္တရာယ်ရှိသော ဓာတ်သတ္တုများပါဝင်မှုကိုလည်းကောင်း၊ ဆေးပစ္စည်းအမည်စစ်မှန်ပြီးအရည်အသွေးစံချိန်စံညွှန်းပြည့်မီမှုကို ချင့်ချိန်သိရှိနိုင်မည်ဖြစ်ပြီး အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ရာတွင် ပိုးမွှားများနှင့် ပိုးသတ်ဆေးများ ရောနှောပါဝင်ခြင်း ရှိ၊ မရှိ သိရှိရန်အရေးကြီးပါသည်။ ပိုးမွှားများနှင့် ပိုးသတ်ဆေးများ ရောနှောပါဝင်ခြင်းမရှိမှသာ ပြည်သူလူထု အန္တရာယ်ကင်းစွာနှင့် ယုံကြည်စိတ်ချစွာသုံးနိုင်မှာ ဖြစ်သောကြောင့် ဤသုတေသနစီမံချက်သည် သုတေသီများ၊ တိုင်းရင်းဆေးသင်တန်းသားများ၊ ဆေးဝါးထုတ်လုပ်သူများနှင့်သုံးစွဲသော ပြည်သူများအတွက် အလွန်ပင် အကျိုးများလှပါသည်။ ယခုအခါအချို့သော တိုင်းရင်းဆေးဝါးထုတ်လုပ်သူများက လည်း အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်းကို လိုက်နာဆောင်ရွက် နေကြသည်ကို တွေ့ရသောကြောင့် စာရေးသူအနေဖြင့်များစွာကျေနပ် ဝမ်းသာဖြစ်ရပါသည်။

ယခုအခါပြည်သူလူထုသုံးစွဲနေသော မြန်မာတိုင်းရင်းဆေးများထုတ်လုပ်ဖြန့်ဖြူးရာတွင်လည်း ဆေးဝါးအဖြစ် ဖော်စပ်ထုတ်လုပ်သည့် ပရဆေးကုန်ကြမ်း သာမက၊ ဖော်စပ်ပြီးဆေးဝါးများကို အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်နိုင်ရန် ခေတ်မီစက်ကိရိယာများ၊ ခေတ်မီနည်းပညာများနှင့်စနစ်တကျဆောင်ရွက်လာကြပြီဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော်၏လူမှုရေးဦးတည်ချက် တစ်ရပ်ဖြစ်သော "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုပေးရာ၌ အရည်အသွေးကို မြှင့်တင်ပေးနိုင်မည်မှာ မလွဲဧကန်အမှန်ပင် ဖြစ်ပါတော့သည်။ ။

နိုဝင်ဘာလ (၆) ရက်မှ စ၍
နေ့လည် (၁) နာရီ နှင့်
ည (၁၀) နာရီတွင်
နေ့စဉ်ပြသပါမည်။

ရေဝတီတိုင်းဒေသကြီး

လူငယ်ဘောလုံးပွဲတော် ပုသိမ်၌ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် လူငယ်ဘောလုံးပွဲတော်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီက ဧရာဝတီဘောလုံးအသင်း ဘောလုံးကွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ FIFA Grassroots Instructor Dato' Yap Nyim Keong နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဘောလုံးများပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ဘောလုံးကွင်းအတွင်း သရုပ်ပြနေမှုများကို ကြည့်ရှုသည်။

အဆိုပါ လူငယ်ဘောလုံးပြိုင်ပွဲကို အသင်း ၁၀ သင်းမှ အုပ်စုနှစ်စုခွဲကာ နိုဝင်ဘာ ၁ ရက်မှစတင်ယှဉ်ပြိုင်ပြီး နိုဝင်ဘာ ၇ ရက်တွင် ဗိုလ်လုပွဲယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **[ခရိုင်ပြန်/ဆက်]**

ကချင်ပြည်နယ်

အမှုများမြန်ဆန်ထိရောက်စွာစစ်ဆေးပြီးပြတ်ရေး ညှိနှိုင်းစည်းဝေး

ကချင်ပြည်နယ်အတွင်းရှိကြန့်ကြာနေသော ပြစ်မှုဆိုင်ရာအမှုများလျှော့နည်းကျဆင်းရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကချင်ပြည်နယ်တရားလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီကကျင်းပရာ ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာက ပြစ်မှုဆိုင်ရာအမှုများ မြန်ဆန်ထိရောက်စွာစစ်ဆေးပြီးပြတ်စေရေးအတွက် တရားစီရင်ရေးနှင့် ဆက်နွယ်သည့်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အမှုမြန်ဆန်ရေးအတွက် သက်သေခံလာရောက်ရန်အရေးပါသကဲ့သို့ တရားစွဲဆိုခွင့်ပြုမိန့်၊ ဆေးစာ၊ ဓာတုဗေဒ ပြန်ကြားစာ၊ လက်ရေးပါရဂူ၏ ထင်မြင်ချက်တို့ကို အချိန်မီရယူ၍ တရားရုံးသို့တင်ပြရန်လည်း လိုအပ်ကြောင်း၊ သို့မှသာ အမှုများကိုဥပဒေနှင့်အညီ မှန်မှန်နှင့်မြန်မြန်စစ်ဆေးစီရင်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

အစည်းအဝေးတွင် တရားစီရင်ရေးဆိုင်ရာဆက်စပ်အဖွဲ့အစည်းဌာနဆိုင်ရာများက အမှုမြန်ဆန်ရေးအတွက် ဆောင်ရွက်ပေးနိုင်မည့်အချက်များကိုတင်ပြကြပြီး ပြည်နယ်တရားသူကြီးချုပ်က ပြန်လည်ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။ **[မိုယ်းကျ-မြစ်ကြီးနား]**

ပဲခူးတိုင်းဒေသကြီး

စစ်တောင်းမြစ်ရေဆက်လက်မြင့်တက် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကူညီ

အခါလွန်မိုးကြောင့် စစ်တောင်းမြစ်ရေတစ်ကျော့ပြန်မြင့်တက်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်နှင့် ၃၀ ရက် မွန်းလွဲပိုင်းထိ ရေတာရှည်မြို့နယ် စစ်တောင်းမြစ်ဝှမ်းတစ်လျှောက် ကျေးရွာပေါင်း ၅၁ ရွာ ရေကြီးမှုနှင့်ကြုံတွေ့နေကြရပြီး သာဂရမြို့တွင် ရေဘေးကယ်ဆယ်ရေးစခန်းလေးခု၊ ဆွာမြို့တွင် ကယ်ဆယ်ရေးစခန်းနှစ်ခု၊ ရေတာရှည်မြို့တွင် ရေဘေး ကယ်ဆယ်ရေးစခန်းသုံးခုဖွင့်လှစ်ကာ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ ရေဘေးအန္တရာယ်စိုးရိမ်၍ ဆွာမြို့ပရိယတ္တိစာသင်တိုက်ဓမ္မာရုံနှစ်ခုတွင် ဆွာချောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူ ၉၀၉ ဦး၊ ဥယျာဉ်ကျောင်းဓမ္မာရုံ၌ ပြည်သူ ၃၃၁ ဦးတို့အား ကူညီစောင့်ရှောက်ပေးလျက် ရှိသည်။ အောက်တိုဘာ ၃၀ ရက် နံက်ပိုင်းမှစ၍ စစ်တောင်းမြစ်ရေဆက်လက်မြင့်တက်လာခဲ့ရာ ရေတာရှည်မြို့ အရှေ့ဆင်ငွေအုပ်စု၊ ကျွဲရိုင်းပြင်ကျေးရွာအုပ်စုများရှိ ပြည်သူများရေဘေးလွတ်ရာသို့ ထွက်ခွာလာခဲ့ကြသဖြင့် ယင်းနေ့ မွန်းလွဲပိုင်းအထိ ဓာတ်တော်ဘုရားကြီးဓမ္မာရုံ၌ ပြည်သူ ၄၂၆ ဦး၊ ဘိုးတော်ကုန်း ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ၂၄၂ ဦး၊ မြို့လယ်ကျောင်းဓမ္မာရုံ၌ လတ်တလောဦးရေ ၁၀၀ ကျော် ရောက်ရှိနေပြီး ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် ဆက်လက်ရောက်ရှိနေဆဲဖြစ်သည်။ **[ကိုလွင်-ဆွာ]**

ပဲခူးတိုင်းဒေသကြီး

အလင်းမဟာစာကြည့်တိုက်သစ်ဖွင့်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် နဘဲပင်ကျေးရွာအုပ်စု နဘဲပင်ကျေးရွာ၌ (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ကြိုဆိုသောအားဖြင့် အလင်းမဟာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။ **(ယာပုံ)**

ယင်းနောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်သတင်းထောက် ခင်မောင်လွင်က နေ့စဉ်ထုတ်ကြေးမုံသတင်းစာနှင့် စံတော်ချိန်သတင်းစာကို လည်းကောင်း၊ စာထောက်(၃) ဒေါ်မိုးစန္ဒာဝင်းက သုတ၊ ရသစာအုပ် ၁၀၀ တို့ကို လည်းကောင်း၊ ဦးသီဟလင်းက ဂျာနယ်မျိုးစုံ ၁၀၀ အုပ်တို့ကို လည်းကောင်း လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

အဆိုပါ စာကြည့်တိုက်သည် သွပ်မိုးတစ်ထပ်အဆောက်အအုံဖြစ်ပြီး ကုန်ကျငွေကျပ် ၂၂ သိန်းဖြင့် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ **[၆၉၂]**

» တန်ဖိုးကြီးလှ ဒီရေတောဂေဟမှ

ဤဆောင်းပါးတွင် စာရေးသူအနေနှင့် ဒီရေတောနှင့်ပတ်သက်၍ လက်လှမ်းမီသရွေ့၊ ဉာဏ်မီသရွေ့ ယေဘုယျဆန်ဆန်တင်ပြသွားမည်သာဖြစ်ရာ လိုအပ်ချက်များစွာရှိနေမည်မှာ သေချာလှပေသည်။ လိုအပ်ချက်အပြင် ချွတ်ချော်မှုများလည်း ရှိကောင်းရှိနိုင်ပေရာ မေတ္တာရှေ့ထား၍လိုအပ်သည်ကို ဖြည့်၊ ချွတ်ချော်မှုများရှိက တည့်မတ်ပေးပါက များစွာဝမ်းမြောက်ဝမ်းသာဖြစ်ပါမည့်အကြောင်း ရှေးဦးပန်ကြားလိုပေသည်။

ဒီရေရောက်တော(Mangrove Forest)ဟူသည် အပူပိုင်းဒေသရှိ ပင်လယ်ရေငန် သက်ရောက်မှုရှိသော ဒေသများတွင်သာ ပေါက်ရောက်သည့် အပင်များ အုပ်စုဟု အကြမ်းဖျင်းဆိုနိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံသည်လည်း ပူအိုက်စွတ်စိုသည့် အပူပိုင်းဇုန်အတွင်း တည်ရှိနေသဖြင့် ရခိုင်၊ ဧရာဝတီနှင့် တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်လုံး ဒီရေတော ကြွယ်ဝလှပေသည်။ ကမ္ဘာ့ဒီရေတောများ၏ နယ်နိမိတ်သတ်မှတ်မျဉ်းသည် တောင်နှင့်မြောက်လတ္တီတွဒ် ၃၀ ဒီဂရီအတွင်း ဖြစ်တည်လျက်ရှိပြီး ဒီရေတောအပင်မျိုးစိတ် ၇၀ ခန့်ရှိသည်ဟု သိရသည်။ ကမ္ဘာ့ဒီရေတောများကိုခြုံကြည့်လျှင် ရေချိုပို့ချသောမြစ်ကြီးများ၏အဝ မြစ်ဝကျွန်းပေါ်ဒေသ (Delta Area) များတွင် ကြီးမားစွာတွေ့ရှိရပြီး အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် အကြားရှိ Sudaban Mangrove သည် ကမ္ဘာ့အကြီးဆုံးဒီရေတောအစုအဖွဲ့ဟု သိရပေသည်။ ၁၉၉၉ ခုနှစ် စာရင်းများအရ ကမ္ဘာ့ဒီရေတောဧရိယာသည် ၁၈၁၁၀၀၀၀ ဟက်တာခန့်ရှိပြီး ၎င်းအနက် ၆၃၂၀၀၀၀ ဟက်တာသည် အရှေ့တောင်အာရှ ဒီရေတောများဟု သိရပေသည်။ ထိုစဉ်က တစ်ကမ္ဘာလုံးဒီရေတော၏ ၂၅ ရာခိုင်နှုန်းသည် အင်ဒိုနီးရှားမှဖြစ်ပြီး မြန်မာနိုင်ငံတွင်မှ ၃၈၂၀၀၀ ဟက်တာခန့် ဒီရေတောများ တည်ရှိခဲ့သည်။

ဒီရေတောများ၏ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ အကျိုးကျေးဇူးပြုမှုများကို အောက်ပါအတိုင်း ထုတ်နုတ်ဖော်ပြနိုင်မည်ဖြစ်ပေသည်-

(၁) မြစ်ကမ်းပါးများ၊ ကမ်းခြေများရေတိုက်စားမှုကို ကာကွယ်ပေးနိုင်သည့် Land Stabilizer အနေဖြင့် လည်းကောင်း။

(၂) ဒီရေတောများကြောင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် အနည်ပို့ချမှုပိုမိုလွယ်ကူပြီး ပင်လယ်ဘက်သို့ ကုန်းမြေချဲ့ပြန့်လာနိုင်သည့် Land Builder အဖြစ် လည်းကောင်း။

(၃) ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝမှုထိန်းသိမ်းခြင်း Biodiversity maintenance အဖြစ် လည်းကောင်း။

(၄) ဒီရေတောများအနက်ကျောဘက်ကုန်းမြေအား သဘာဝဘေးဒဏ်မှ ကာကွယ်ပေးနိုင်သည့် Natural Barrier အဖြစ် လည်းကောင်း။

(၅) ငါးဖမ်းလုပ်ငန်း (Capture Fishery) တွင် အရေးပါသော ငါး၊ ပုစွန်၊ ရေသတ္တဝါများ၏ သက်နု၊ သက်လတ်အဆင့်များ ကွန်းခိုကြီးပြင်းရာ Nursery Ground အဖြစ် လည်းကောင်း။

(၆) ရေသတ္တဝါမွေးမြူရေးအတွက် နေရာ Aquaculture site အဖြစ် လည်းကောင်း။

(၇) ကမ်းရိုးတန်းဒေသရှိ ရေအရည်အသွေးကို ထိန်းသိမ်းပေးသည့် water quality controller အဖြစ် လည်းကောင်း။

(၈) ကမ်းရိုးတန်းဒေသနေလူထုအတွက် လူမှုစီးပွားရေးဘဝအား အထောက်အကူပြုနေသည့် Socio-economic relation အဖြစ် လည်းကောင်း အစရှိသဖြင့် ဒီရေတောမှ တာဝန်ယူထမ်းဆောင်ပေးနေသည့် လုပ်ငန်းဆောင်တာများက မြားမြောင်လှပေသည်။

စာရေးသူအနေဖြင့် ရေနေသက်ရှိသယံဇာတများပေါကြွယ်ဝမှုနှင့် ဒီရေတောများ၏ အပြန်အလှန် အမှီပြုအကျိုးပြုနေမှုကို အနည်းငယ်ဖောင်းပေး၍ တင်ပြလိုပေသည်။ ဒီရေတောများတွင် ငှက်အမျိုးမျိုး၊ အင်းဆက်အမျိုးမျိုး၊ ဖွတ်၊ မိကျောင်း၊ မြွေ၊ မျောက်တို့ကဲ့သို့ သွေးအေး၊ သွေးနွေးသတ္တဝါအမျိုးမျိုးမှီတင်းနေထိုင်ကြပြီး တစ်ပြိုင်တည်းမှာပင် ယင်းပတ်ဝန်းကျင်၌ ပင်လယ်ရေသတ္တဝါများဖြစ်ကြသည့် ကဏန်းအမျိုးမျိုး၊ ခရုအမျိုးမျိုး၊ ငါး၊ ပုစွန်အမျိုးမျိုးလည်း နေထိုင်ကြပေသည်။ ဒီရေတော၏ ဂေဟစနစ် (Mangrove ecosystem) နှင့် ရေနေသတ္တဝါများ၏ အစာရယူမှုလမ်းကြောင်းသည် တိကျသော ဆက်စပ်မှုရှိနေပေသည်။ သတ္တဝါများအတွက် လိုအပ်သည့် အစာအာဟာရကြွယ်ဝခြင်း၊ ဒီရေတောများကြောင့် အပူချိန်နှင့် ရေအငန်နှုန်း များစွာမြင့်မားမှုမရှိခြင်းအပြင် လှိုင်းလေငြိမ်သက်သည့် အကာကွယ်ကောင်းရှိခြင်း၊ ဒီရေပေါက်အပင်များကြောင့် ရေအရည်အသွေးကောင်းမွန်ခြင်းတို့ကြောင့် ငါးဖမ်းလုပ်ငန်း (Capture Fisheries)တွင် အရေးပါသော ပင်လယ်ရေသတ္တဝါမျိုးစိတ်များ၏ ဘဝသက်တမ်း တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ ဘဝတစ်လျှောက်လုံးဖြစ်စေ၊ အထူးသဖြင့် ရေငန်ပုစွန်များ၏ ဖြစ်တည်ရှင်သန်မှုသည် ဒီရေတောများ တည်ရှိမှုနှင့် များစွာဆက်စပ်လျက်ရှိပေသည်။

ဒီရေတောများသည် ရေသတ္တဝါများအတွက် အခြေခံအစာကွင်းဆက် (Primary Food Chain)တွင် လွန်စွာအရေးပါပြီး လုံခြုံခိုနားကြီးပြင်းရန် များစွာသင့်တော်သဖြင့် ရေနေသက်ရှိ သယံဇာတများ ပေါကြွယ်ဝမှုအတွက် များစွာအရေးပါသော ဂေဟစနစ်တစ်ခုကို ဖန်တီးပေးထားပေသည်။

ဆက်လက်ဖော်ပြပါမည် »

စစ်ကိုင်းတိုင်းဒေသကြီး

ကလေးတက္ကသိုလ် သုံးထပ်စာသင်ဆောင်များ ထပ်မံဆောက်လုပ်

ကလေးတက္ကသိုလ်သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ ကျေးရွာအုပ်စု ၄၁ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက် ၁၉ ရပ်ကွက်မှ ကျောင်းသား ကျောင်းသူများ၊ ကလေးဝ၊ မင်းကင်း၊ တမူးနှင့်မော်လိုက်မြို့နယ်များမှ ကျောင်းသား ကျောင်းသူများ၊ ချင်းပြည်နယ်မှဖလမ်း၊ ဟားခါး၊ ထန်တလန်၊ တီးတိန်၊ တွန်းဇံမြို့နယ်များနှင့်ရိဒ်၊ ကျီခါးမြို့နယ်ခွဲတို့မှ ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာလာရောက်လေ့လာဆည်းပူးသင်ယူကြသည့် တက္ကသိုလ်ကြီးတစ်ခုဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့်ကလေးတက္ကသိုလ် စသည့်တက္ကသိုလ်သုံးခုရှိသည့်အနက် ကလေးတက္ကသိုလ်သည် ချင်းပြည်နယ်တံခါးဝ ခိုင်ကမ်းကျေးရွာအနီး ချင်းတောင်ခြေရင်းတွင်တည်ရှိကာ ၁၉၉၃ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်တွင် ကလေးကောလိပ်အဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ၁၉၉၉ ခုနှစ် ဇူလိုင် ၇ ရက်တွင် ကလေးဒီဂရီကောလိပ်အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကာ ၂၀၀၃ ခုနှစ် မေ ၁၄ ရက်တွင် ကလေးတက္ကသိုလ်အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။

အဆိုပါတက္ကသိုလ်ရှိ စာသင်ခန်းများတွင် တစ်ခန်းလျှင် ကျောင်းသားကျောင်းသူ ၁၀၀ ခန့် စာသင်ကြားပြီး ယခုပညာသင်နှစ်တွင် နေ့ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၅၀၀ ကျော်နှင့်အဝေးသင်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၃၀၀ ခန့် ပညာသင်ကြားကြကာ နှစ်စဉ်နှစ်တိုင်း ဘွဲ့ရမောင်မယ် ၁၀၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့သည်။

ယခုအချိန်တွင် ကျောင်းသားကျောင်းသူများအတွက် စာသင်ကျောင်းများလုံလောက်မှုမရှိပါသဖြင့် လက်ရှိအသုံးပြုနေသော သုံးထပ် စာသင်ဆောင် ခြောက်ဆောင်အပြင် အလျား ၁၉၂ ပေ၊ အကျယ် ၁၈ ပေရှိ သုံးထပ်စာသင်ဆောင်သစ်သုံးဆောင်ကို ထပ်မံဆောက်လုပ်လျက်ရှိပြီး **(အပေါ်ပုံ)** အဆိုပါ စာသင်ဆောင်များဆောက်လုပ်ရန်အတွက် ကျပ်သိန်းပေါင်း ၁၉၉၆၉ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

[ဂျူနိုင်း]

ချင်းပြည်နယ်

ဖွံ့ဖြိုးရေးသင်တန်းတက်ရောက်မည့် သင်တန်းသားများအားတွေ့ဆုံ

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် အောက်တိုဘာ ၂၇ ရက် နံနက် ၈ နာရီခွဲမှ ၉ နာရီ ၄၅ မိနစ်အထိ ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး၊ ပြည်နယ် နတလ ဒုညွှန်မှူးတို့နှင့်အတူ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဘီအီးဒီ(၅)နှစ်သင်တန်း၊ မူလတန်းဆရာအတတ်သင် (၃)နှစ်သင်တန်းများသို့ တက်ရောက်ကြမည့် ချင်းပြည်နယ် ဟားခါးခရိုင်နှင့် ဖလမ်းခရိုင်အတွင်းမှ ကျောင်းသား ကျောင်းသူများအားတွေ့ဆုံ၍ ဩဝါဒစကား ပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါသင်တန်းသို့ ချင်းပြည်နယ်မှ ပညာရေးဘွဲ့(၅)နှစ် သင်တန်းသို့ မူလတန်းဆရာအတတ်သင် သင်တန်းသား စုစုပေါင်း ၆၈ ဦး တက်ရောက်မည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။ **[မြို့နယ်ပြန်/ဆက်]**

မကွေးတိုင်းဒေသကြီး

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း မြို့နယ်ကြီးကြပ်မှုကော်မတီဝင်များသည် အောက်တိုဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီက ဆင်ချည်တိုင်ကျေးရွာနှင့် ညနေ ၃ နာရီတွင် ပဒါန်းကျေးရွာများသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတင်ပြဆွေးနွေးမှုများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာအသီးသီးမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက မိမိကျေးရွာရေရရှိရေး၊ မီးလင်းရေး၊ လမ်း၊ တံတား၊ စာသင်ကျောင်း ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်း စသည်တို့ကိုတင်ပြကြပြီး တင်ပြချက်များအပေါ် မြို့နယ်ကြီးကြပ်မှုကော်မတီဝင်များက ကဏ္ဍအလိုက်အသီးသီးဆွေးနွေးညှိနှိုင်းကြပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ငဖဲမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မြို့နယ်ကြီးကြပ်မှုကော်မတီဝင်များက ယနေ့အထိကျေးရွာပေါင်း ၅၁ ရွာသို့ ကွင်းဆင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ကျန်ရှိသည့်ကျေးရွာများသို့လည်း နိုဝင်ဘာလအတွင်း အပြီးသတ်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ **[သန်းနိုင်ဦး-ငဖဲ]**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

လောက်ကိုင်မြို့တွင် ပုလဲသွယ်စပ်မျိုးစပါးဝတ်မှုန်ကူးပွဲနှင့် စပ်မျိုးစပါးထုတ်လုပ်ခြင်းလုပ်ငန်း ရှင်းလင်းပွဲကျင်းပ

ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းဝတ်မှုန်ကူးပွဲကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ထင်ပါကျိုင်းကျေးရွာအုပ်စု မန်ဆိုင်းကျေးရွာ တောင်သူဦးအိုက်မြ၏ လယ်မြေတွင် အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးမြီရှောက်ချန်းနှင့် ဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှပုဂ္ဂိုလ်များနှင့်ဒေသခံတောင်သူများ စုစုပေါင်းအင်အား ၈၂ ဦး တက်ရောက်ခဲ့ကြပြီး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း၌ ဖြည့်စွက်ဝတ်မှုန်ကူးခြင်းကို လက်တွေ့ပြသခဲ့သည်။

ဆက်လက်၍ စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း ရှင်းလင်းပွဲကို စိုက်ပျိုးရေးဦးစီးဌာန နားလီဘိန်းအစားထိုးစိုက်ပျိုးပညာပေးခြံ ရှင်းလင်းဆောင်တွင် ဆက်လက်ကျင်းပရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးမြီရှောက်ချန်းနှင့် ဦးစီးအဖွဲ့ဝင် ဦးအောင်ကြည်သိန်းတို့က အဖွင့်အမှာစကားပြောကြားကြပြီး လောက်ကိုင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုင်းသန်းအောင်က စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ငန်းတိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်တို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ရှင်းလင်းဆောင်တွင်ခင်းကျင်းပြသထားသော ပုလဲသွယ်စပ်မျိုးစပါး အပါအဝင် မျိုးစေ့နမူနာများနှင့် စပ်မျိုးစပါးထုတ်လုပ်ရာတွင် အသုံးပြုသော သွင်းအားစုပစ္စည်းများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

[မြို့နယ်ပြန်/ဆက်]

ချင်းပြည်နယ်

နယ်လှည့်စာကြည့်တိုက် ဟားခါးမြို့၌ ဆောင်ရွက်

စာဖတ်ရှုခြင်းအလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက ချင်းပြည်နယ် ဟားခါး အထက(၁) ကျောင်းစာကြည့်တိုက်၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ဆောင်ရွက်သည်။

အများပြည်သူဝန်ဆောင်မှုပေးရာတွင် ပညာရပ်များ စုံလင်စွာခင်းကျင်းပြသထားသကဲ့သို့ လာရောက်ဖတ်ရှုငှားရမ်းရာတွင်လည်း မိမိနှစ်သက်သော ကဏ္ဍများကို စိတ်ကြိုက်ရွေးချယ်နိုင်သည့် အခွင့်အရေးရရှိကြသည်။ ဟားခါးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်များကို ကျေးလက်သာမက မြို့ပေါ်ရပ်ကွက်နှင့် စာသင်ကျောင်းများ၌ပါ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ နယ်လှည့်စာကြည့်တိုက်သို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၁၀၀ ကျော်ဖတ်ရှုငှားရမ်းကြပြီး နံရံကပ်စာစောင်များကို စိတ်ဝင်တစားကြည့်ရှုအားပေးကြကြောင်းနှင့် မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ မည်သူမဆိုလွတ်လပ်စွာလာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

[ခရိုင်ပြန်/ဆက်]

ကချင်ပြည်နယ်

» တန့်ယန်း၊ လွယ်အင်မှသည်မှ

ရွှေချည်ထိုးလုပ်ငန်းများ၊ ငွေထည်လုပ်ငန်းများကို ကြည့်ရှုလေ့လာကြသကဲ့သို့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တို့ကိုလည်း သွားရောက်ခဲ့ကြသည်။ တောင်ကြီးဘက်သို့ပို့ဆောင်ပေးပြီး အင်းလေးဖောင်တော်ဦးဘုရား ဖူးမြော်ကာ ကြာထည်၊ ပိုးထည်၊ ချည်ထည်၊ ရက်ကန်း အလုပ်ရုံများ၊ ကျွန်းမျောစိုက်ခင်းများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ ရန်ကုန်ခရီးစဉ်၌မူ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးမြော်၍ ရန်ကုန် သမဝါယမတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာတို့သို့ ဝင်ရောက်လေ့လာခဲ့ကြသည်။ ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သမဝါယမတက္ကသိုလ်နှင့် ဖွံ့ဖြိုးရေး တက္ကသိုလ်တို့တွင် တိုင်းရင်းသားလူငယ်များအား လေ့ကျင့်သင်ကြားပေးမှု၊ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသက်မွေးဝမ်းကျောင်းပညာရပ်များကိုပါ သင်ကြားပေးမှု၊ အလုပ်အကိုင်ရရှိရေး စီစဉ်ဆောင်ရွက်ပေးမှုတို့ကို သိရှိလေ့လာခွင့်ရခဲ့ကြသည်။ ၎င်းတို့ဆီမှ နမူနာယူသင့်သည့် အချက်အလက်များကိုလည်း ပြန်လည်မျှဝေပေးခဲ့ကြသည်။

အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးသည် ဂီတအနုပညာကိုလည်း ဝါသနာပါပုံရသည်။ ခေတ္တတည်းခိုနေထိုင်ရာ Mandalay Hill Resort Hotel ၌ တီးမှုတ်သီဆိုဖျော်ဖြေခဲ့သည့် အစီအစဉ်များထဲမှာ အိုးစည်အတီးနှင့် အဆိုအကကို အလွန်သဘောကျခဲ့သည်။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့် (ယခု ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်)၊ ညွှန်ကြားရေးမှူး ဦးညဏ်လင်းမြင့် (ယခု ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး)တို့က စိန်အိုးစည်လွယ်သလေလေ့သီချင်းနှင့် တီးပုံတီးနည်းတို့ကို သီဆိုတီးခတ်ပြသပေးခဲ့ရာ ခဏနှင့်မှတ်မိသွားခဲ့သည်။ ဖွံ့ဖြိုးရေးတက္ကသိုလ်စာကြည့်တိုက်နှင့် ပြတိုက်အတွင်းရှိ တူရိယာပစ္စည်းများကိုလည်း စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလကလည်း ဒုတိယဝန်ကြီး H.E.Mr.Son Minh Thang ဦးဆောင်သော ဧည့်သည်တော်အဖွဲ့လာရောက်ခဲ့ကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ၁၉၆၄ ခုနှစ်မှ စတင်သန္ဓေတည်ခဲ့သည်ဖြစ်ရာ မင်္ဂလာရွှေရတုနှစ်ကို မကြာမီရောက်ရှိဖြတ်သန်းတော့မည်ဖြစ်သည်။ တက္ကသိုလ်၏ မူလတာဝန်သည် နယ်စပ်ဒေသများတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားညီအစ်ကိုများ၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများအကြား ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးတို့ကို ကျေပွန်စွာထမ်းရွက်ကြမည့် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများ ပြုစုပျိုးထောင်မွေးထုတ်ပေးရေးတို့ပင်ဖြစ်သည်။ လက်ရှိတွင်လည်း မူလတန်း ဆရာအတတ်သင် သုံးနှစ်သင်တန်း၊ အမှတ်စဉ်(၄၄)တွင် သင်တန်းသား သင်တန်းသူ ၂၀၄ ဦး၊ B.Ed ငါးနှစ်သင်တန်း အမှတ်စဉ်(၁)၌ သင်တန်းသား သင်တန်းသူ ၂၃၇ ဦး တက်ရောက်သင်ယူလျက်ရှိကြသည်။ အမှတ်စဉ်(၂)ကိုလည်း မကြာမီဖွင့်လှစ်တော့မည်ဖြစ်သည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သည် ပူပြင်းသောအညာဒေသတွင် တိုင်းရင်းသားကလေးငယ်တို့ ကွန်းခိုရာနေရာ၊ ထာဝစဉ်အေးမြသောအရိပ်အာဝါသနှင့် ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့များသင်းပျံ့မွှေးထုံနေသောနေရာတစ်ခုဖြစ်သည်။ နယ်စပ်ဒေသများအပါအဝင် မိမိတို့ဇာတိမြို့ရွာအသီးသီး၌ ဦးဆောင်ဦးရွက်ပြုမည့်တိုင်းရင်းသားလူငယ်များ စဉ်ဆက်မပြတ်လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးနိုင်ပါစေကြောင်း ဆန္ဒပြုလျက်. . .။

မွန်ပြည်နယ်

တီဘီရောဂါအကြောင်းဟောပြောပွဲနှင့် အခမဲ့ဆေးကုသခြင်းဆောင်ရွက်

ဘီးလင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ တီဘီရောဂါအကြောင်း ပညာပေးဟောပြောပွဲနှင့် အခမဲ့နယ်လှည့်ဆေးကုသခြင်းကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ပေါက်တောကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်ဇာဝင်းက လူတိုင်းအတွက် ကျန်းမာရေးကဏ္ဍ၏ အရေးပါမှုကိုလည်းကောင်း မြို့နယ်လက်ထောက်ဆရာဝန် ဒေါက်တာအိအိကျော်က တီဘီရောဂါကူးစက်နိုင်သည့် နည်းလမ်းများနှင့် ကာကွယ်ကုသခြင်းလုပ်ငန်းများကိုလည်းကောင်း မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမျိုးမျိုးစံက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာရှိအထွေထွေရောဂါလူနာ ၆၅ ဦးတို့အား ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်၍ အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

[မြို့နယ်ပြန်/ဆက်]

ချင်းပြည်နယ်

ပြန်တမ်းဝင်အရာရှိစာမေးပွဲ ချင်းပြည်နယ်စာစစ်ဌာန၌ ဖြေဆို

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးငွန်မောင်းသည် ဝန်ကြီးဌာန ကိုးခုတွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင် အရာရှိဝင်ပေါက်ရာထူး ၂၃၆ နေရာအတွက် ပြုလုပ်သည့် ချင်းပြည်နယ်စာစစ်ဌာန ရေးဖြေစာမေးပွဲ ဖြေဆိုမှုအား အောက်တိုဘာ ၂၆ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ အထက(၁) စာစစ်ဌာနသို့ လာရောက်ကြည့်ရှုစစ်ဆေးသည်။

ယခင်က ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ခေါ်ယူသောရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့် နေပြည်တော်တို့တွင်သာ ကျင်းပခဲ့ရာ ယခု ဒီမိုကရေစီခေတ်ပြောင်းလာပြီးနောက်ပိုင်း ဝေးလံခေါင်ဖျားဒေသတွင် နေထိုင်သောလျှောက်ထားသူ တိုင်းရင်းသားအားလုံး ငွေကုန်ကြေးကျနည်းနည်းဖြင့် ဖြေဆိုနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်အသီးသီးတွင် စာစစ်ဌာနများ သတ်မှတ်ပေးခဲ့သည်။ ယခုသီတင်းပတ်တွင် ခေါ်ယူသောဝန်ကြီးဌာနကိုးခုက လစ်လပ်နေရာများအတွက် ချင်းပြည်နယ်က လျှောက်ထားသူ ၅၃ ဦးရှိပြီး ၃၀ ဝင်ရောက်ဖြေဆိုကြောင်း၊ တစ်ပြည်လုံးလျှောက်ထားသူ ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

ယခုအခါ ဝန်ကြီးဌာနအလိုက် အလုပ်ခေါ်ယူမှုပိုမိုများပြားလာပြီး နိုင်ငံတော်အစိုးရ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ဌာနပိုင်လုပ်ငန်းများတွင် ဝန်ထမ်းလိုအပ်မှု ယခုထက်ပိုမိုများပြားရန်သာရှိသဖြင့် အလုပ်အကိုင်ရရှိရေး၊ အရည်အချင်းစစ်စာမေးပွဲအောင်နိုင်ရေးအတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတများကို အထူးလေ့လာထားကြရန်လိုကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးငွန်မောင်းက ပြောကြားသည်။ အဆိုပါ ရေးဖြေစာမေးပွဲကို အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။ **(ချင်းပြည်နယ် ပြန်/ဆက်)**

မွန်ပြည်နယ်

အများပြည်သူဝန်ဆောင်မှုအသိပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ပြည်လုံးကျွတ်ကောက်ယူမည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများ ဟောပြောခြင်းနှင့် နယ်လှည့်စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်း စသည့် ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများကို အောက်တိုဘာ ၂၉ ရက်က သထုံမြို့နယ် သိမ်ဆိပ်ကျေးရွာ ရွှေရင်မျော်စေတီမွာရုံ၌ သထုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများပူးပေါင်းကာ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုမောင်နှင့် မြို့နယ်ဦးစီးအရာရှိဦးဆွေငြိမ်းတို့က သန်းခေါင်စာရင်းကောက်ယူရာတွင် ပြည်သူများအနေဖြင့် မေးခွန်းများအား မှန်ကန်စွာဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ရေးနှင့် ကဏ္ဍအလိုက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းဆွေးနွေးရာ ဒေသခံပြည်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းသည်။ ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သူဇာအောင်က လူကုန်ကူးမှုအကြောင်း သိကောင်းစရာများနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးဟောပြောပြီး အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်း၊ ပညာပေးဗီဒီယိုခွေများပြသခြင်း၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင်ခင်းကျင်းပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(သက်ဦး-သထုံ)**

တန့်ယန်း၊ လွယ်အင်မှသည်...စစ်ကိုင်း၊ ရွာသစ်ကြီးဆီသို့

မြင့်စိုး(နတလ)

ဝိန်းမိုင်ကျေးရွာအုပ်စုတစ်ခုလုံး မီးလင်းပြီတဲ့။ အောက်တိုဘာ ၂၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာထဲမှာ သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ သိန်း ၄၇၀ ကျော် အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုးရေအား လျှပ်စစ်စက်ရုံ တည်ဆောက်ခဲ့ကြခြင်းပင်။ အကြောင်းတိုက်ဆိုင်လာတိုင်း ကျွန်တော် မကြာခဏသတိရနေမိသော တန့်ယန်းမြို့နယ် အတွင်းက ဝိန်းမိုင်ကျေးရွာ။ ၁၉၈၃ ခုနှစ်က ကျွန်တော်တို့တပ်ရင်းသည် တန့်ယန်းဒေသသို့ စစ်ဆင်ရေးဝင်ရသည်။ တပ်မ (၆၆) တပ်ရင်းများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တပ်ရင်းများက သံလွင်အရှေ့ဘက်ခြမ်းရှိ လွယ်ပန်လုံဒေသမှာတိုက်ပွဲကြီးတွေဆင်နွှဲရင်း ဝုန်းဒိုင်းကြဲလျက်။ ကျွန်တော်တို့တပ်ရင်းက သံလွင်အနောက်ခြမ်းရှိ ပွိုင့် (၆၀၄၁)၊ ပါဖန်၊ နောင်လိုင်၊ နောင်ဖာစခန်းတွေ၊ လွယ်အင်၊ တောင်မကြီး၊ နမ့်ပေါင်၊ မိုင်းကောင်စခန်းတွေမှာ စခန်းထိန်းတာဝန်ယူရင်း ပွဲကြည့်ပရိသတ်လို အားလုံးမြင်တွေ့နေရသည်။ တိုက်လေယာဉ်တွေက ဝဲလိုက်၊ ပျံလိုက်၊ လက်နက်ကြီးသံတွေ၊ အမြောက်သံတွေက တဝုန်းဝုန်း၊ တဗုန်းဗုန်းနှင့်။ ၈၃ ခုနှစ်တွင် ခလရ (၈၃)က ၈၃ လောင်း၊ ၈၃ လက်ရခဲ့သည်ဆိုတာကိုရော၊ "အမိမြေမှသားကောင်းများ" ရုပ်ရှင်ကားကြီးထဲမှာ ဗိုလ်မှူးသီဟသူရသိန်းထွန်းတင်အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည့် ဗိုလ်ကြီးသန်းရွှေသည် အနီး လွယ်ပန်လုံတိုက်ပွဲ၌ သူရဘွဲ့ရရှိသွားသည်ဆိုတာကိုရော အမှတ်ရနေမိသည်။

လွယ်အင်စခန်းကုန်းအောက်ရှိချောင်းကလေးထဲမှာ ကျွန်တော်နှင့် ကိုကျော်ဇင်သက်တို့ ည ၁၀ နာရီအချိန်လောက်ကြီး တပ်ရင်းမှူး မသိအောင် ငါးတွေဆင်းဖမ်းကြသည်။ မိုးဦးကာလချောင်းရေကျစမှာ ငါးသလဲထိုးလို ငါးမျိုးလေးတွေ တက်လာတတ်သည်မို့ စစ်ခြင်ထောင်ကိုနှစ်ယောက်ဆွဲပြီး လျှောတိုက်ဖမ်းကြခြင်းဖြစ်၏။ ငါးမရရေချိုးပြန်ဆိုသည့် စကားရှိသော်ငြား ထိုညက ငါးလည်းသိပ်မရ၊ ခြင်ထောင်ကလည်း ရေစိုသွားပြီမို့ သွေးလှူခြင်းဖြင့် ကုသိုလ်ဆက်ယူခဲ့ရသည်ကိုတော့ အမှတ်ရစရာ ဖြစ်ခဲ့သည်။ ကျွန်တော်တို့ ငါးဆင်းဖမ်းသော ချောင်းကလေးသည်ပင် ဝိန်းမိုင်ကျေးရွာကို မီးလင်းစေခဲ့ပြီလားမသိ။ တပ်ရင်းမှူးက ဝိန်းမိုင်ရွာကို မကြာခဏ ရောက်သည်။ ၎င်းရွာမှ ကျောင်းဆရာလေးသည် ဖွံ့ဖြိုးရေးကျောင်းဆင်းဖြစ်၏။ ထိုစဉ်က ဖွံ့ဖြိုးရေးကျောင်းဆင်းဟု ပြောလိုက်သည်နှင့် စစ်ကိုင်းရွာသစ်ကြီးရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကျောင်းက ဆင်းလာသူမှန်းလူတိုင်းသိသည်။ ထိုဆရာလေးသည် ရွာရှိကလေးများကို စာသင်ပေးရုံသက်သက်မျှသာမဟုတ်။ နိုင်ငံရေး၊ စစ်ရေးအခြေအနေကိုလည်းသိသည်။ ရွာ၏ လူမှုစီးပွားရေးကိစ္စမှာလည်း ဦးဆောင်ဦးရွက်ပြုသည်။ ဖွံ့ဖြိုးရေးသိပ္ပံ (ယခု ဖွံ့ဖြိုးရေးတက္ကသိုလ်)အနေဖြင့် ဘက်စုံအရည်အသွေးပြည့်ဝသည့် ပညာရေးဝန်ထမ်းစည်းရုံးရေးမှူးကောင်းများ ဖြစ်လာစေရေး စနစ်တကျပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း ထိုစဉ်ကတည်းက တွေ့မြင်သိရှိခဲ့ရသည်။ အချိန်ကာလအားဖြင့် နှစ်ပေါင်း ၃၀ ခန့် ကြာခဲ့ပြီတည်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ လူမျိုးစုရေးရာကော်မတီတို့အကြား လူမျိုးစုရေးရာကိစ္စရပ်များတွင် သတင်းအချက်အလက်များ ဖလှယ်နိုင်ရန် အပြန်အလှန်ချစ်ကြည်ရေး အလည်အပတ်ခရီးစဉ်များ သွားရောက်ခဲ့ကြသည်။ ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ခဲ့သော ဗီယက်နမ်နိုင်ငံလူနည်းစုတိုင်းရင်းသားလူမျိုးများကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး H.E.Mr.Hoang Xuan Luong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်း၊ တောင်ကြီးနှင့် ညောင်ရွှေမြို့များသို့ လေ့လာရေးခရီးစဉ် ပို့ဆောင်ပေးခဲ့ကြသည်။ မန္တလေးနှင့် စစ်ကိုင်းခရီးစဉ်များအတွင်း မဟာမုနိဘုရားကြီးဖူးမြော်ပြီး ယွန်းထည်လုပ်ငန်းများ၊

စာမျက်နှာ ၆ သို့ »